
ကောင်းကျိုးချမ်းသာ
မင်္ဂလာ
ပုံပြ
ဦးနန္ဒ
၊ဝိဇ္ဇာဂုဏ်ထူး၊ဒီဇေ၊
တရားတော်

[ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ]


# သီရိရတနာစာပေတိုက်

၈၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

တတိယအကြိမ်

၁၉၈၂-ခုနှစ်၊ ဧပြီလ၊ အုပ်ရေ - ၃၀၀၀

မျက်နှာဖုံးပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ

ပန်းချီဆရာကြီး - ဦးကိုလေး

ဘလောက် လွှင့် နှင့် ရွှေရေး

မျက်နှာဖုံးရိုက် - မျိုးညွန့်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၇၆၈)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၂၇)

**တန်ဖိုး - (      ) ကျပ်**

**ထုတ်ဝေသူ** ။ ။ ဦးနန္ဒ (၀၂၅၄၅)၊ မော်ကွန်းသစ် စာပေ၊ အမှတ်-၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** ။ ။ ဒေါ်တီ (မြ-၀၁၂၆၁)၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ်-၃၈၊ ၈၇-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

ဦးနန္ဒ၊ ဝိဇ္ဇာ (ဂုဏ်ထူး) - ဒိဂျေ

## ကောင်းကျိုးချမ်းသာ

# မင်္ဂလာ

## ပုံပြတရားတော်

သီရိရတနာ စာပေတိုက်
အမှတ် ၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။



# ကောင်းကျိုးချမ်းသာ မင်္ဂလာ

## ပ ထ မ

မင်္ဂလတ္ထံ ဝိဘာဝတံ၊ ကရိဿာမဟ မာစေရံ၊
ဝန္ဒိတွာ ရတနတ္တယံ၊ မင်္ဂလာယတ္ထဝဏ္ဏနံ။

မင်္ဂလတ္ထံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ်, ကောင်းကျိုးကပ်ရာ သတ္တဝါအပေါင်း ကြီးပွားချမ်းသာကြောင်း မင်္ဂလာအနက်သဘောကို။ ဝိဘာဝတံ၊ ဟောပြောပေအပ် ထင်စွာ ပြတော်မူပေတတ်သော။ ရတနတ္တယံ၊ ဘုရား , တရား , သံဃာ ရတနာ မြတ်သုံးပါးကိုလည်းကောင်း။ အာစေရံ၊ မိတ္ထီလာမြို့၊

မဏိဇောတိကာရုံကျောင်းတိုက် ဆရာတော် အရှင်အဂ္ဂဓမ္မ၏ "မင်္ဂလဂုဏ်ရည်" ကျမ်းစာမှီ၍ ရည်ရွယ်မှတ်သား မင်္ဂလာကျမ်းအများနှင့် လေးစား နာယူ ပြုဆောင်တော်မူသည့် ဆရာအဆူဆူကို လည်းကောင်း။ အဟံ၊ နန္ဒမည်ခေါ် ဘုရားတပည့်တော်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးကန်တော့ပါ၏။ ဝန္ဒိတွာ၊ ဤသို့ ရိုကျိုး ရှိခိုးပြီးကာ။ မင်္ဂလာယတ္ထုဝတ္တန္တ၊ မင်္ဂလာနှင့်စပ်ဆိုင်သော "ကောင်းကျိုးချမ်းသာ မင်္ဂလာ" ပုံပြတရားတော်စာကို။ ကရိဿာမိ၊ ရေးသားစီရင် စီစဉ်တင်ဆက်ပါအံ့သတည်း။

## "ကောင်းကျိုးချမ်းသာ မင်္ဂလာ"

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်ဟာ သာဝတ္ထိပြည်မွန် ဇေတဝန်ရောင်မောင်း သဒ္ဒေးကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး စံနေတော်မူပါတယ်။ အဲဒီလို စံနေတော်မူတဲ့အခါ တစ်ခုသော ညသန်းခေါင်ယာမ်အချိန်မှာ အမျိုးအမည် မထင်ရှားတဲ့ နတ်သားတစ်ပါးဟာ မြတ်စွာဘုရားထံမှောက် ရောက်ရှိလာပြီး ဒီလို လျှောက်ထားခဲ့ပါတယ်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ များစွာသော လူတွေရော နတ်တွေပါ ကောင်းကျိုးချမ်းသာကို လိုချင်ကြပါသောကြောင့် ကြီးပွားချမ်းသာခြင်း၏အကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ကို တစ်ဆယ့်နှစ်နှစ် ကာလပတ်လုံး ကြံစည်ကြပါသော်လည်း မသိနိုင်ကြပါ ဘုရား။ သို့ပါ၍ အရှင်ဘုရားက သနားကရုဏာ ရှေ့ရှုကာဖြင့် ကောင်းမြတ်သော မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဘုရား။"

အဲဒီလို နတ်သားတစ်ပါးက မြတ်စွာဘုရားသခင်အား ရိုသေမြတ်နိုး ရှိခိုးဦးတင်ကာ တောင်းပန်လျှောက်ထားခဲ့ပါတယ်။ ဒီလို တောင်းပန်လျှောက်ထားခဲ့ရခြင်းဟာလည်း အကြောင်းရင်းရှိပါတယ်။ ဘယ်လို အကြောင်းလဲဆိုတော့ အဲဒီအချိန်ဟာ မင်္ဂလာပြဿနာတွေ ဖြစ်ပွားပြီး မင်္ဂလာအဓိကရုဏ်းကြီး ပေါ်ပေါက်နေတဲ့အချိန် ဖြစ်နေလို့ပါပဲ။

## "မင်္ဂလာစကား အငြင်းပွား"

လူတွေဟာ "မင်္ဂလာ" ဆိုတာနဲ့ ပတ်သက်ပြီး အငြင်းပွားနေကြပါတယ်။ တချို့လူတွေက "နံနက်စောစော အချိန်မှာ လှပတဲ့ငှက်၊ ဝါဝင်းတဲ့ ဥသျှစ်သီးမှည့်၊ ရေပြည့်အိုး၊ တန်ဆာဆင်ထားတဲ့ သတို့သမီး၊ သတို့သား၊ စိုနေတဲ့ငါး၊ အာဇာနည်မြင်း စတဲ့ ကောင်းမြတ်တင့်တယ်တဲ့ အဆင်းကို မြင်ရတာဟာ မင်္ဂလာတွေပါပဲ" လို့ ဆိုကြပါတယ်။

ဒါကို တချို့လူတွေက လက်မခံကြပါဘူး။ "မျက်စိဆိုတာ မြင်ချင်ရာ မြင်တာပဲ။ နားက ကြားတာမှ 'မင်္ဂလာ' ဖြစ်တယ်၊ နံနက်စောစော အိပ်ရာက ထတဲ့အခါ ငှက်ကလေးတွေ တွေးဆိုတဲ့ အသံ၊ သာယာတဲ့ စကားသံ စတဲ့ ကောင်းမြတ်တဲ့ အသံတွေကို ကြားရတာဟာ မင်္ဂလာတွေပါပဲ" လို့ ဆိုကြပြန်ပါတယ်။ ဒါကိုလည်း တချို့လူတွေက ငြင်းပယ်ကြပြန်တယ်။ နားဆိုတာ ကောင်းတာရော၊ မကောင်းတာရော ကြားတာပဲ။ ကြားတာ မင်္ဂလာ မဟုတ်ဘူး၊ တွေ့တာကမှ မင်္ဂလာဖြစ်တယ်။ နံနက်စောစော အိပ်ရာက ထတဲ့အခါ မွှေးတဲ့ရနံ့ကို ရှူရတာ၊ အရသာရှိတဲ့ အစားအစာကို စားရတာ၊ ကောင်းမြတ်နူးညံ့တဲ့ အတွေ့တွေနဲ့ တွေ့ထိရတာတွေဟာ မင်္ဂလာတွေပါပဲ၊ အဲဒီလို ဆိုကြပြန်ပါတယ်။ ဒီအဆိုကိုလည်း တချို့က လက်ခံကြပြီး တချို့က လက်မခံကြဘဲ ငြင်းခုံကြပြန်ပါတယ်။

---

[၁] လူစုစုရှိတိုင်း မင်္ဂလာဆိုတာ ဘယ်လိုဟာပါလိမ့်လို့ ပြောဆိုကြ၊ ကြံစည်ကြ၊ ငြင်းခုံနေကြပုံ။



ဒီလိုနဲ့ အကျယ်အကျယ် မငြိမ်းဖွယ် "မင်္ဂလာပြဿနာကြီး" ဖြစ်လာခဲ့ပါတယ်။ လူစုစုရှိတိုင်း မင်္ဂလာဆိုတာ ဘယ်လိုဟာပါလိမ့်လို့ ပြောဆိုကြ၊ ကြံစည်ကြ၊ ငြင်းခုံကြပါတယ်။ လူတို့ရဲ့ အစောင့်အရှောက်များဖြစ်ကြတဲ့ နတ်တွေကလည်း လူတွေထံမှ ကြားပြီး အဆင့်ဆင့်ပြောကြား ငြင်းခုံခဲ့ကြပြန်ပါတယ်။ အရိယာသာဝကဖြစ်တဲ့ နတ်ဗြဟ္မာတွေမှတစ်ပါး နတ်ဗြဟ္မာတွေအားလုံးဟာ တချို့က ဒိဋ္ဌ-မြင်အပ်သော ရူပါရုံဟာမင်္ဂလာ၊ တချို့က သုတ-ကြားအပ်သော သဒ္ဒါရုံဟာ မင်္ဂလာ၊ တချို့က မုတ-တွေ့အပ်သော ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံဟာ မင်္ဂလာဆိုပြီး သုံးစုကွဲပြားကာ ငြင်းခုံကြပြန်တယ်။ ဘယ်သူမှ အပုတ်အမှန် မဆုံးဖြတ်နိုင်ခဲ့ကြပါဘူး။ ဘယ်သူမှ အမှန်အကန် မကြံစည်နိုင်ခဲ့ကြပါဘူး။ ဒီလိုနဲ့ တစ်ဆယ့်နှစ်နှစ်တိုင်တိုင် မင်္ဂလာအမိကရုဏ်းကြီး ဖြစ်ပွားခဲ့ရပါတော့တယ်။

## ကောလာဟလ ဖြစ်ပေါ်ရ

ပြီးတော့ အဲဒီအချိန်အခါဟာ ကောလာဟလကြီး ငါးမျိုးအနက်က မင်္ဂလကောလာဟလကြီး ဖြစ်ပေါ်နေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ကောလာဟလကြီး ငါးမျိုးဆိုတာကတော့. . .

၁။ လောကဗျူဟာခေါ် ကာမာဝစရနတ်တို့က ဆံပင်ဖားရရားချပြီး မျက်ရည်ကို လက်နဲ့သုတ်လျက် နီသောအဝတ်ကို ဆင်မြန်းကာ "နောင် အနှစ် တစ်သိန်းလွန်သောအခါ ဤကမ္ဘာလောကဓာတ်ကြီး ပျက်စီးလိမ့်မယ်။ ဗြဟ္မစိုရ်တရား ပွားများကြ၊ ကုသိုလ်ကောင်းမှု ပြုကြ၊ အမိအဖ

တို့ကို ရိုသေစွာ လုပ်ကျွေးကြ" ဟူ၍ လူတို့ လမ်းခရီး၌ လှည့်လည် ကြွေးကြော်ကြသော ကပ္ပကောလာဟလ။

၂။ ကာမာဝစရနတ်များက "နောင်အနှစ် တစ်ရာစေ့သောအခါ စကြာမင်းပေါ်လိမ့်မယ်" ဟု လူတို့ လမ်းခရီး၌ ကြွေးကြော်သော စက္ကဝတ္တိကောလာဟလ။

၃။ သုဒ္ဓါဝါသဗြဟ္မာတို့က "နောင်အနှစ် တစ်ထောင် ရောက်သောအခါ တရားဥဿုံ အလုံးစုံကို အကုန်သိနိုင်စွမ်းသော ဘုရားရှင်သည် လောက၌ ဖြစ်ပွင့်တော်မူလိမ့်မယ်' ဟု လူတို့လမ်းခရီး၌ ကြွေးကြော်သော ဗုဒ္ဓကောလာဟလ။

၄။ သုဒ္ဓါဝါသဗြဟ္မာတို့က "နောင်တစ်ဆယ့်နှစ်နှစ် စေ့ရောက်သောအခါ ဘုရားရှင်သည် မင်္ဂလာတရား ဟောကြားတော်မူလိမ့်မယ်" ဟု လူတို့လမ်းခရီး၌ လှည့်လည်ကြွေးကြော်သော မင်္ဂလကောလာဟလ။

၅။ သုဒ္ဓါဝါသဗြဟ္မာတို့က "နောင် ခုနစ်နှစ် ရောက်သောအခါ ရဟန်းတစ်ပါးက ဘုရားရှင်ထံ ချဉ်းကပ်၍ မောနေယျအကျင့်ကို မေးလျှောက်လိမ့်မယ်" ဟု လူတို့လမ်းခရီး၌ လှည့်လည် ကြွေးကြော်သော မောနေယျကောလာဟလတို့ ဖြစ်ကြပါတယ်။

## သိကြားမင်းထံ မေးကြပြန်

အဲဒီလို မင်္ဂလကောလာဟလကြီး ဖြစ်ပေါ်ပြီး၊ မင်္ဂလာအဓိကရုဏ်းကြီး ပေါ်ပေါက်နေတဲ့ အချိန်မှာ တာဝတိံသာနတ်တို့က "သိကြားမင်းဟာ ငါတို့ထက် ဘုန်းတန်ခိုးကြီးတယ်၊ ဉာဏ်ပညာလည်း သာလွန်တယ်၊ သိကြားမင်းကို မင်္ဂလာအကြောင်း မေးမြန်းရရင် သိနိုင်ကောင်းရဲ့" ဆိုပြီး သိကြားမင်းထံ ချဉ်းကပ်မေးမြန်းကြပါတယ်။ ဒီအခါ သိကြားမင်းက "ဒီမင်္ဂလာစကားဟာ ဘယ်ကစပြီး ဖြစ်ပေါ်လာတာလဲ" လို့ မေးတော့၊ နတ်များက "လူ့ပြည်ကစပြီး ဖြစ်ပေါ်လာပါတယ်" လို့ ပြန်ဖြေကြတယ်။ သိကြားမင်းက "ဘုရားရှင် ဘယ်မှာ သီတင်းသုံးနေတော်မူပါသလဲ" လို့ မေးပြန်တော့ နတ်များက "လူ့ပြည်မှာ သီတင်းသုံးနေတော်မူပါတယ်" လို့ ဖြေကြပြန်တယ်။

ဒီအခါ သိကြားမင်းက "ဘုရားရှင်ကို ဘယ်သူမှ မမေးကြဘူးလား" လို့ တစ်ဖန် ပြန်မေးတော့ နတ်များက "မမေးကြပါဘူး၊ အရှင်နတ်မင်း" လို့ ပြန်ပြီး ဖြေကြားကြပါတယ်။ အဲဒီအခါ သိကြားမင်းက "အို-အချင်းတို့၊ အဘယ်ကြောင့် မီးပုံကြီးကို စွန့်၍ ပိုးစုန်းကြူးကို မီးညှိကြပါသလဲ၊ မင်္ဂလာတရားကို အကြွင်းမရှိ ဟောပြတော်မူနိုင်ပေသော ဘုရားရှင်ကိုထားပြီး ငါ့အား အဘယ်ကြောင့် မေးမြန်းလာကြပါသလဲ၊ ဘုရားရှင်အား ငါတို့ မေးမြန်းကြပါစို့" လို့ဆိုပြီး နတ်သားတစ်ပါးကို သွားရောက်မေးမြန်းရန် တိုက်တွန်းခဲ့ကြပါတယ်။

---

[၂] နတ်ဗြဟ္မာများလည်း **သုံးစုကွဲကာ** မင်္ဂလာပြဿနာကို **ငြင်းခုံနေကြပုံ**။



ဒါကြောင့် အဲဒီနတ်သားဟာ နတ်ဗြဟ္မာများရဲ့ တိုက်တွန်းချက်အရ လူ့ပြည်ကိုဆင်းပြီး လာခဲ့ရပါတယ်။ နတ်များ၊ ဗြဟ္မာများ လူ့ပြည်လာရင် ပင်ကိုယ်အရောင်အဆင်း၊ ပင်ကိုယ်တန်ခိုးကဒ္ဒိပါဒ်နဲ့ မလာကြဘဲ ကိုယ်ရောင်ကိုယ်ဝါ တန်ခိုးဣဒ္ဓိပါတ်တွေ အထူးဖန်ဆင်းပြီးမှ လာလေ့ရှိကြတယ်လို့ ဆိုပါတယ်။ ပြီးတော့ ဘုရား၊ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာများထံ ချဉ်းကပ်တဲ့အခါမှာလည်း ညသန်းခေါင်ယာမ် အချိန်မှာသာ ချဉ်းကပ်လေ့ရှိကြပါသတဲ့။

အဲဒီလို မြတ်စွာဘုရားသခင်အား နတ်သားတစ်ပါးက မင်္ဂလာတရား ဟောကြားဖို့ လာရောက်လျှောက်ထားရမည့် အချိန်မှာ မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းမှာ ကိန်းအောင်းမွေ့လျော် စံပယ်တော်မူလျက် ရှိနေပါတယ်။ ဇေတဝန်ကျောင်းဆိုတာကတော့ ဗုဒ္ဓဝင်မှာ အင်မတန် ကျော်ကြားလှတဲ့ ကျောင်းကြီးဖြစ်ပါတယ်။ ဇေတမင်းသားရဲ့ ဥယျာဉ်မြေကို ၁၈ ကုဋေသော အသပြာငွေတို့နဲ့ ဖြန့်ခင်းပြီး ဝယ်ယူဆောက်လုပ်လှူဒါန်းတဲ့အတွက်ကြောင့် ဇေတဝန်ကျောင်းလို့ အမည်တွင်ရခြင်း ဖြစ်ပါတယ်။

ဇေတဝန်ကျောင်းတော်ကြီးဟာ သာဝတ္ထိမြို့ရဲ့ တောင်ဘက် ကုလလေးတာ အပြန်ငါးရာ ဝေးကွာတဲ့ အရပ်မှာ တည်ရှိတဲ့ တောရကျောင်းကြီးပါပဲ။ သာဝတ္ထိမြို့ဆိုတာကတော့ သဝတ္ထအမည်ရှိတဲ့ ရသေ့ရဲ့ ကျောင်းသင်္ခမ်းနေရာမှာ မြို့တည်ထောင်ခဲ့တာကို အစွဲပြုပြီး သာဝတ္ထိမြို့ ခေါ်တွင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ တချို့ကလည်း "သဗ္ဗ-အလုံးစုံသော စည်းစိမ်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏" ဆိုတဲ့ သဗ္ဗတ္ထိမှ သာဝတ္ထိ ဖြစ်လာခဲ့တယ်လို့လည်း ဆိုကြပါသေးတယ်။

သာဝတ္ထိမြို့ တောင်ဘက်မှာရှိတဲ့ ဇေတဝန်ကျောင်းတော်ကြီးရဲ့ ဒါယကာကတော့ အနာထပိဏ်သူဌေးကြီးပါပဲ။ ငယ်နာမည်ကတော့ သုဒတ္တလို့ ခေါ်ပါသတဲ့။ နောက်မှ အနာထ-ကိုးကွယ်ရာမဲ့နေသူတို့အား၊ ပိဏ္ဍ-ထမင်းအစာကို၊ ဒါယက-ပေးတတ်သူဖြစ်ခြင်းကြောင့် အနာထပိဏ္ဍိက-အနာထပိဏ်သူဌေးလို့ ထင်ရှားကျော်ကြားလာခြင်း ဖြစ်ပါသတဲ့။

အဲဒီလို အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ မြတ်စွာဘုရားသခင် စံနေတော်မူစဉ်အခါ ညသန်းခေါင်ယာမ်မှာ နတ်သားတစ်ပါးဟာ ကိုယ်ရောင်ကိုယ်ဝါ ထွန်းပစွာဖြင့် ချဉ်းကပ်လာပြီး ဘုရားရှင်ထံမှောက် ရောက်ရှိတဲ့အခါ ဆယ်ဖြာသော လက်အုပ်ကို ထိပ်ထက်မှာ ချီမိုးပြီး ရှိခိုးလျက် သင့်တင့်သောအရပ်မှာ ရပ်နေပါသတဲ့။

သင့်တင့်ရာအရပ်ဆိုတာကတော့ (၁) ဝေးလွန်းခြင်း၊ (၂) နီးလွန်းခြင်း၊ (၃) မြင့်တဲ့နေရာ၊ (၄) လေညာအရပ်၊ (၅) ရှေ့တည့်တည့်၊ (၆) နောက်ဘက်အရပ်တို့ဆိုတဲ့ အပြစ်ရှိတဲ့အရပ် ၆-ပါး ကင်းလွတ်တဲ့နေရာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဓားလွယ်ခုတ်, မျက်စောင်းထိုးလို နေရာမျိုးမှာ ရပ်နေတဲ့ သဘောပါပဲ။

## မြတ်စွာဘုရားအား မေးလျှောက်ထား

အဲဒီလို သင့်တင့်ရာအရပ်မှာ ရပ်နေပြီးတော့ မြတ်စွာဘုရားကို နတ်သားက ဒီလို လျှောက်ထားပါတယ်တဲ့။

ဗဟူ ဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ ကောင်းမြတ်လှစွာ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တ နှစ်သက်ကြကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ ဒုစရိုက်မျိုး မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ မင်္ဂလာတို့ကို။ အစိန္တယုံ၊ ထပ်ထပ်ဖုံဖုံ ကြံစည်ကြကုန်ပြီ။ ဥတ္တမံ၊ ချီးမွမ်းအပ်၍ ကောင်းမြတ်လှစွာ။ မင်္ဂလံ၊ ဒုစရိုက်မျိုး မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ မင်္ဂလာကို။ တွံ၊ ရှင်တော်မြတ်ဘုရားသည်။ ဗြူဟိ၊ သနားကြည်ဖြူ ဟောတော်မူပါ အရှင်ဘုရား။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ များစွာသော လူတွေရော နတ်တွေပါ ကောင်းကျိုးချမ်းသာကို လိုချင်ကြပါသောကြောင့် ကြီးပွားချမ်းသာခြင်း၏အကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ကို တစ်ဆယ့်နှစ်နှစ် ကာလပတ်လုံး ကြံစည်ကြပါသော်လည်း မသိနိုင်ကြပါဘုရား။ သို့ပါ၍ အရှင်ဘုရားက သနားကရုဏာ ရှေ့ရှုကာဖြင့် ကောင်းမြတ်သော မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဘုရား" လို့ နတ်သားက မြတ်စွာဘုရားကို လျှောက်ထားခဲ့ပါတယ်တဲ့။

---

**[၃] ဘုရားရှင်အား မထင်မရှားနတ်သားတစ်ပါးက မင်္ဂလာတရားကို မေးမြန်းလျှောက်ထားနေပုံ။**

F.2



ဒါကြောင့် မင်္ဂလာဆိုတာ "ကြီးပွားချမ်းသာကြောင်းတရား၊ မကောင်းမှုဒုစရိုက်တို့ကို ပယ်ဖြတ်တတ်သော တရား" ရယ်လို့ အမှတ်ထားကြပါတယ်။ "မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး" ကို မြတ်စွာဘုရား ဟောကြားတော်မူရခြင်းရဲ့ အကြောင်းရင်းကိုလည်း ပထမသင်္ဂါယနာတင်စဉ်အခါက ရှင်အာနန္ဒာမထေရ်မြတ်က အရှင်မဟာကဿပမထေရ်အား "ဧဝံ မေ သုတံ" အစချီလျက် လျှောက်ထားခဲ့တဲ့ ဒေသနာစကားကို အထောက်အထားပြုပြီးတော့ သိရှိကြရပါတယ်။

ဒါလေးတွေကို မှတ်မိသွားအောင် မင်္ဂလာဆောင်ပုဒ် ကဗျာကလေးတွေ စီထားပါတယ်။ ကဲ. . . ဆိုကြည့်ကြပါစို့။

## မင်္ဂလာနိဒါန်းကဗျာ

ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ လူနတ်အများ ကြံကြတယ်။
မင်္ဂလာဆိုတာ ဘယ်ဟာပဲလို့၊ လူလဲ နတ်လဲ မသိတယ်။
တစ်ဆယ့်နှစ်နှစ်ကြာ ငြင်းခုံမဆုံးလို့၊ မင်္ဂလာအဓိကရုဏ်းကြီး ဖြစ်ခဲ့တယ်။
တစ်ညအခါ နတ်သားတစ်ပါးက၊ ရှင်တော်ဘုရားအား မေးလျှောက်တယ်။
မင်္ဂလာဆိုတာ မကောင်းကျိုးသတ်လို့၊ ကောင်းကျိုးကပ်ကာ ကြီးပွားတယ်။
သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို၊ ရှင်တော်ဟောကြား မိန့်မြွက်တယ်။
လူနတ်သတ္တဝါ ချမ်းသာများဖို့၊ မင်္ဂလာတရားလို့ မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

# “ပထမဂါထာ မင်္ဂလာ”

အသေဝနာ စ ဗာလာနံ, ပဏ္ဍိတာနဉ္စ သေဝနာ၊

ပူဇာ စ ပူဇနေယျာနံ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို. . နတ်သား။ ဗာလာနံ၊ ဉာဏ်မဲ့ချာချူ မိုက်သောလူတို့ကို။ အသေဝနာ စ၊ မယှဉ်မတွဲ မမှီဝဲ မဆည်းကပ်ရခြင်းလည်းကောင်း။ ပဏ္ဍိတာနံ၊ ကြောင်းကျိုးသိမြင်ပညာရှင်တို့ကို။ သေဝနာ စ၊ ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ရခြင်းလည်းကောင်း။ ပူဇနေယျာနံ၊ အသက်သိက္ခာ ဂုဏ်ဝါကြီးမော် ပူဇော်ထိုက်သောသူတို့ကို။ ပူဇာစ၊ လေးစားကော်ရော် ပူဇော်ခြင်းလည်းကောင်း။ ဧတံ၊ ဤသုံးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်လှစွာသော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ မင်္ဂလာပါပေတည်း။

မြတ်စွာဘုရားသခင်က ပထမဂါထာမှာ ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့ -

၁။ လူမိုက်ကို မပေါင်းပါနဲ့၊

၂။ ပညာရှိကို ပေါင်းပါ၊

၃။ ပူဇော်ထိုက်သူကို ပူဇော်ပါ - ဆိုတဲ့ ကောင်းမြတ်သော မင်္ဂလာတရား ၃-ပါး ဖြစ်ပါတယ်။ ဒီ မင်္ဂလာတရား ၃-ပါးကတော့ “လူမှုပေါင်းသင်းဆက်ဆံရေး” နယ်ပယ်မှာ အင်မတန် တန်ဖိုး

ကြီးမားလှတဲ့ လမ်းညွှန်မှုပေးတဲ့ အချက်ကြီး ၃-ချက်ပဲ ဖြစ်ပါတယ်။

## ဗာလလူမိုက် မပေါင်းထိုက်

[အသေဝနာ စ ဗာလာနံ-မင်္ဂလာ-၁။]

လူမိုက်ဆိုတာ မကောင်းတာကို ကြံစည်၊ မကောင်းတာကို ပြောဆို၊ မကောင်းတာကို ပြုလုပ်သူ ဖြစ်ပါတယ်။ သတ္တဝါအပေါင်း ဆင်းရဲကြောင်းကို ပြောဆို, ပြုလုပ်, ကြံစည်အားထုတ်သူ ဖြစ်ပါတယ်။ မျက်မှောက်အကျိုး, တမလွန်အကျိုးကို ရအောင်ယူနိုင်သူ မဟုတ်ဘူး။ ဘေးရန်အန္တရာယ်ဟူသမျှတို့ဟာလည်း လူမိုက်တို့ကြောင့် ဖြစ်ပွားပေါ်ပေါက်ကြရခြင်း ဖြစ်ပါတယ်။ လူမိုက်နဲ့ ပေါင်းသင်းမိလျှင် လူမိုက်ရဲ့ အတုကိုလိုက်ပြီး ပြုလုပ်မိတဲ့အတွက် ဘေးရန်တွေများပြီး မျက်မှောက်အကျိုး၊ တမလွန်အကျိုး ဆုံးရှုံးပျက်ပြားသွားရတတ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင်က "လူမိုက်ကို ရှောင်ကြဉ်ကြဖို့" ရှေးဦးရှေးဖျား အလေးထားပြီး မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ မင်္ဂလသုတ်မှာသာမက ပရာဘဝသုတ်၊ ဝသလသုတ် စသည်တို့မှာလည်း လူမိုက် လူယုတ်တို့ရဲ့ လက္ခဏာကို ပြတော်မူပြီး လူမိုက် လူယုတ်များ မဖြစ်ကြဖို့ ဆုံးမဟောကြားတော်မူခဲ့ပါသေးတယ်။

## အဇာတသတ်ဝတ္ထု သာဓကေ့ရှ

လူမိုက်ဒေဝဒတ်နဲ့ ပေါင်းသင်းမှားခဲ့မိလို့ ပျက်စီးဆုံးရှုံးသွားခဲ့ရရှာတဲ့ အဇာတသတ်မင်းရဲ့ ဝတ္ထုကို ကြည့်မယ်ဆိုရင် အင်မတန် ရင်နင့်စရာပါပဲ။

အဇာတသတ်ဟာ ဒေဝဒတ်ရဲ့ တန်ခိုးပြတာတွေကိုမြင်ပြီး လွန်စွာ အထင်ကြီးသွားခဲ့ပါတယ်။ ဆရာတစ်ဆူအဖြစ် ကြည်ညိုဆည်းကပ်ခဲ့မိပါတယ်။

တစ်နေ့မှာ ဒေဝဒတ်က "ငါလည်း ဂေါတမကိုသတ်ပြီး ဘုရားလုပ်မယ်၊ မင်းလည်း ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး ဘုရင်လုပ်" လို့ အမိုက်စကား ပြောကြားတာကို အလိုက်မှားပြီး ခမည်းတော်မင်းကြီးရဲ့ ခြေဖဝါးကို ဓားခွဲ၊ ဆားသိပ်၊ ရှားမီးကင် သတ်ခဲ့ပါတယ်။ အင်မတန် ကြီးလေးလှတဲ့ အပြစ်ကြီးကို ကျူးလွန်မိခြင်းပါပဲ။ ခမည်းတော်ဗိမ္ဗိသာရမင်းကြီးဆိုတာ ကျေးဇူးရှင်လည်း ဖြစ်တယ်။ သောတာပန်တည်ပြီး အရိယာကြီးလည်း ဖြစ်တယ်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဒကာကြီးလည်း ဖြစ်ပါတယ်။

အဇာတသတ်ဟာ "သူ့ရဲ့ဆရာ ဒေဝဒတ်က ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြစ်မှားပြုလုပ်တဲ့အတွက် မြေမျိုခံသွားရကြောင်း" သိရတော့မှပဲ ထိတ်လန့် တုန်လှုပ်ပြီး စားမဝင် အိပ်မပျော်နိုင်၊ မင်းစည်းစိမ်ကို မစံစားနိုင်ဘဲ ဖြစ်ရတော့တယ်။ ဘယ်လိုမှ သက်သာရာ မရနိုင်ဘဲ ဖြစ်နေတဲ့အတွက် ဇီဝကအမတ်ရဲ့ အကြံဉာဏ်ကို ခံယူပြီး ဘုရားရှင်အား သွားရောက် ဖူးမြော်ခဲ့ပါတယ်။ ဥယျာဉ်တော်မှာ တစ်ထောင့်နှစ်ရာ

ငါးဆယ်သော ရဟန်းအပေါင်း ခြံရံကာ တင့်တယ်သပ္ပါယ်စွာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားကို ဖူးတွေ့လိုက်ရတဲ့အခါ အဇာတသတ်ဟာ "ဤကဲ့သို့ ငြိမ်သက်တည်ကြည်သော ရဟန်းတော်များအား ရှေးက တစ်ကြိမ်တစ်ခါမျှ မမြင်ရဖူးပါတကား" လို့ နှုတ်မှရေရွတ်ပြီး လွန်စွာ ကြည်ညိုသွားပါတော့တယ်။ ပြီးတော့ ဘုရားရှင်နဲ့ သံဃာတော်များရဲ့ ဂုဏ်ကိုလည်း ချီးမွမ်း ပြောဆိုပါတယ်။ ပြီးတော့ သူက "ရဟန်းပြုခြင်းရဲ့ အကျိုးကို ယခုဘဝမှာ ခံစားနိုင်ပါသလား" လို့လည်း မေးမြန်း လျှောက်ထားပါတယ်။ ဒီအခါ မြတ်စွာဘုရားသခင်က သာမညဖလသုတ်ကို ဟောကြားတော်မူပါတယ်။ တရားအဆုံးမှာ အဇာတသတ်မင်းဟာ ဘုရားရှင်ကို ရွှင်လန်းဝမ်းမြောက်တဲ့ စိတ်နှလုံးဖြင့် ရိုသေမြတ်နိုးစွာ ရှိခိုးပါတယ်။ ပြီးတော့ ဘုရားရှင်ထံမှ ထွက်ခွာသွားပါတယ်။

မကြာမီမှာ ဘုရားရှင်က ရဟန်းများအား "ရဟန်းတို့၊ အဇာတသတ်မင်းသည် ချွတ်ချော်တိမ်းပါး အမှားကြီး မှားလေစွ၊ ဆုံးရှုံးပျက်ပြားခြင်း အားကြီးလေစွ။ ရဟန်းတို့၊ အဇာတသတ်မင်းသည် တရားသဖြင့် မင်းပြုသော ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို မသတ်ခဲ့ပါလျှင် တရားနာသောနေရာ၌ပင် သောတာပန် ဖြစ်ရာ၏။ ဒေဝဒတ်တည်းဟူသော မကောင်းယုတ်မာ ပညာမဲ့သူကို မှီဝဲဆည်းကပ်၍ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်သည့်အတွက် သောတာပတ္တိမဂ်ဖိုလ် မရဘဲ နောင်တမလွန်ဘဝ၌လည်း ဧကန်မုချ ငရဲ၌

---

[၄] အဇာတသတ်သည် ဒေဝဒတ်၏ တန်ခိုးပြတာတွေကိုမြင်ပြီး အထင်ကြီးသွားပုံ။



ကျရမည်ဖြစ်သောကြောင့် ချက်ချော် တိမ်းပါး အမှားကြီး မှားလေစွ၊ ဆုံးရှုံးပျက်ပြားခြင်း အားကြီးလေစွ" လို့ မိန့်ကြားတော်မူခဲ့ပါတယ်တဲ့။

ဒါကြောင့် တို့လူငယ် လူရွယ်ကလေးများလည်း အဇာတသတ်လို လူမိုက်ကို ဆရာမတင်မိကြဖို့ လူကြီးမိဘကို မပြစ်မှားမိကြဖို့ အထူး သတိထားကြရပါလိမ့်မယ်။ ရှေးက ဘုရားအလောင်း အကိတ္တိရှင်ရသေ့ဟာ "ဗာလံ န ပဿေ န သုဏေ န စ ဗာလေန သံဝသေ = လူမိုက်ကို မြင်လည်း မမြင်လိုပါ၊ လူမိုက်တို့ စကားကို ကြားလည်း မကြားလိုပါ၊ လူမိုက်နှင့် အတူတကွလည်း မနေလိုပါ" လို့ ဆုတောင်းခဲ့သလို လူမိုက်ဆိုရင် ဝေးဝေးက ရှောင်ကြဉ်ကြဖို့ပါပဲ။

## ပညာရှိဆရာ ဆည်းကပ်ပါ

[ပဏ္ဍိတာနဉ္စ သေဝနာ-မင်္ဂလာ-၂။]

ပညာရှိဆိုတာကတော့ ကောင်းတာကြံစည်၊ ကောင်းတာပြောဆို၊ ကောင်းတာ ပြုလုပ်တဲ့သူ ဖြစ်တယ်။ မျက်မှောက် တမလွန် နှစ်တန်သော အကျိုးစီးပွားကို ရအောင်ယူနိုင်သူဖြစ်တယ်။ ပညာရှိ သူတော်ကောင်း မိတ်ဆွေကောင်းများနဲ့ ပေါင်းဖော်ရခြင်းဟာ လောကီ လောကုတ္တရာ ပစ္စုပ္ပန်သံသရာမှာ မိမိရော သူတစ်ပါး အတွက်ပါ အကျိုးများဖို့ရာ ဖြစ်ပါတယ်။ ပညာရှိ သူတော်ကောင်းကို ဆည်းကပ်လို့ အကျိုးများရတဲ့ သာဓက တွေကတော့ **အများအပြားပါပဲ။**

## သေလဝတ္ထု သာကေရှ

မြတ်စွာဘုရားသခင် လက်ထက်တော်တုန်းက သေလအမည်ရှိတဲ့ ပုဏ္ဏားတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူဟာ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ ဝါသေဋ္ဌပုဏ္ဏားကြီးရဲ့သားဖြစ်ပြီး ဗေဒင်သုံးပုံကို ကမ်းကုန်အောင် တတ်မြောက်ခဲ့ပါတယ်တဲ့။ သူ့မှာ တပည့်လက်သား သုံးရာလည်း ရှိပါတယ်တဲ့။

တစ်နေ့မှာ သူဟာ နောက်ပါ တပည့်သုံးရာနှင့်အတူ ကေဏိယအမည်ရှိတဲ့ ပရိဗိုဇ်ထံ သွားတဲ့အခါ ကေဏိယပရိဗိုဇ်ဟာ မြတ်စွာဘုရားနဲ့တကွ တပည့်သံဃာတော် အရှင်မြတ်တို့အား နက်ဖြန် နံနက် ဆွမ်းပင့်ကျွေးရန် စီစဉ်ဆောင်ရွက်နေရတဲ့အတွက် မအားမလပ်အောင် ဖြစ်နေပါတယ်တဲ့။ သေလပုဏ္ဏားက စုံစမ်းမေးမြန်းတဲ့အခါ၊ ကေဏိယပရိဗိုဇ်က ဗုဒ္ဓ၏ဂုဏ်တော်များကို ချီးမွမ်းပြောဆိုပြီး နက်ဖြန်နံနက် ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ကြောင်း ပြန်ကြားပြောဆိုပါတယ်တဲ့။ ဒီအခါ သေလပုဏ္ဏားက "ဗုဒ္ဓဟူသော ဤအသံကိုပင် အလွန်တရာ ကြားနာရခဲတယ်" လို့ စဉ်းစားမိပြီး "အို-ကေဏိယ၊ ဗုဒ္ဓလို့ သင်ပြောပါသလား" မေးတော့ ကေဏိယက "အို-သေလပုဏ္ဏား၊ ဗုဒ္ဓလို့ ပြောပါတယ်" အဲဒီလို ၃-ကြိမ် ၃-ခါ အမေးအဖြေ ပြုကြပြီးနောက် သေလနဲ့ တပည့်များဟာ ဘုရားရှင် သီတင်းသုံးရာအရပ်ကို မေးပြီး သွားကြပါတယ်တဲ့။

ဘုရားရှင်ထံတော်မှောက် ရောက်ကြတဲ့အခါ သေလပုဏ္ဏားက ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုပြီး ဘုရားရှင်ရဲ့ လက္ခဏာတော်များကို စူးစမ်းဆင်ခြင်ကြည့်ရှုပါတယ်။ မြတ်စွာဘုရားရှင်ဟာ သုံးဆယ့်နှစ်ဖြာသော လက္ခဏာတော်ကြီးနဲ့ ပြည့်စုံတာကို သိမြင်ရတဲ့အခါ "ဧကန်မုချ ဗုဒ္ဓဘုရားရှင်ပဲ" လို့ ဆုံးဖြတ်ချက်

ချပြီး နောက်ပါတပည့်သုံးရာနှင့်တကွ ရဟန်းပြုခဲ့ကြပါတယ်။ ရဟန်းတရား အားထုတ်လို့ ရှစ်ရက်မြောက်နေ့မှာ အားလုံး ကိလေသာ အာသဝေါကုန်ခန်းပြီး ရဟန္တာများ ဖြစ်ခဲ့ကြပါတယ်တဲ့။

အရှင်သေလမထေရ်နဲ့ နောက်ပါ သုံးရာတို့ဟာ ယခုလို ဘုရားရှင်နဲ့တွေ့ရပြီး ရဟန္တာများ ဖြစ်ခဲ့ကြရတာကတော့ ရှေးကပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ ပါရမီအဟုန်ကြောင့် ဖြစ်ပါတယ်တဲ့။

လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းအခါက ပဒုမုတ္တရဘုရား ထင်ရှားပွင့်တော်မူတဲ့အခါ သေလမထေရ်အလောင်းဟာ လမ်းဗိုလ်ကြီး ဖြစ်ခဲ့ပြီး နောက်ပါတပည့်လက်သား သုံးရာလည်း ရှိခဲ့ပါသတဲ့။ အဲဒီတုန်းက လမ်းဗိုလ်ကြီးက ဦးဆောင်ပြီး စုပေါင်းစည်းဝေး တိုင်ပင်ကြကာ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြတဲ့အတွက် ကမ္ဘာတစ်သိန်းစပ်ကြားမှာ အပါယ်ဘေးက ကင်းဝေးခဲ့ကြပြီး ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ နတ်မင်းကြီး အကြိမ်ပေါင်း ငါးရာ၊ စကြာမင်းကြီး အကြိမ်ပေါင်း တစ်ထောင် ဖြစ်ခဲ့ကြရပါသတဲ့။

သေလမထေရ်က မိမိရဲ့ ရှေးအကြောင်းကို ပြန်ပြောင်းဟောကြားတော်မူတဲ့ ထေရာပဒါန်ပါဠိတော်မှာ လာရှိတာကတော့. . .

ကေတော ကမ္မံကတွာ, ပုညေက္ခေတ္တေ အနုတ္တရေ၊
ကေတော သံသရိတွာန, ကေတော ဝိနိဝတ္တေယျုံ။

---

[၅] သေလပုဏ္ဏားနှင့် နောက်ပါတပည့်သုံးရာတို့သည် ဘုရားရှင်အား ဖူးတွေ့ကြကာ ဘုရားရှင်၏လက္ခဏာတော်များကို စူးစမ်းဆင်ခြင် ကြည့်ရှုနေကြပုံ။



အနုတ္တရေ၊ အတုမရှိ မြတ်ခေါင်ထိသော။ ပုညက္ခေတ္တေ၊ ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ကြီးထုမြင့်မား စွင့်စွင့်ကားလျက် ဖွံ့ထွားဖွယ်ရာ လယ်ယာမြေကောင်းအစစ် သာသနာတော်ခေတ်ကြီး၌။ ကေတော၊ ညီညာ ရှုံးစည်း တစ်လုံးတစ်ပေါင်းတည်းသာလျှင်။ ကမ္မံ၊ ဒါနသီလ စသည့်ဆယ်တန် ကုသိုလ်ကံကို။ ကတွာန၊ မတွက်မကပ် လေးမြတ်သမှု ပျော်ပျော်ကြီး ပြုကြကုန်သောကြောင့်။ ကေတော၊ လူနတ်ဖြစ်လည်း တစ်စုထဲမို့ ရုံးစည်းညီညာ တစ်လုံးတစ်ပေါင်းတည်းသာလျှင်။ သံသရိတွာန၊ အဖော်များနှင့် ပျော်ပါးစွာ ကျင်လည်ကြ ကုန်၍။ ကေတော၊ ညီညာရုံးစည်း တစ်လုံးတစ်ပေါင်းတည်းသာလျှင်။ ဝိနိုဝတ္တေယျုံ၊ သံသရာဝဋ္ဋ ဒုက္ခမှ ကျွတ်လွတ်ကြရကုန်ပြီတည်း။

စုပေါင်းပြီး ကုသိုလ်ကောင်းမှုပြုကြတဲ့အတွက် သံသရာမှ စုပေါင်းပြီး ကျွတ်လွတ်ကြရတယ်လို့ ဆိုလို ခြင်းပါပဲ။ ဒီဝတ္ထုမှာ တပည့်သုံးရာတို့ဟာ အရှင်သေလတည်းဟူသော ကလျာဏမိတ္တကို မှီဝဲဆည်းကပ်ရတဲ့ အတွက် ကမ္ဘာတစ်သိန်းပတ်လုံး ကောင်းကျိုးချမ်းသာ ခံစားကြရပြီး နောက်ဆုံး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြရတယ်ဆိုတာ ထင်ရှားလှပါတယ်။

ဒါကြောင့် ပညာရှိဆရာကို ဆည်းကပ်ရတာဟာ ကောင်းကျိုးချမ်းသာ မင်္ဂလာကြီးဖြစ်ကြောင်း မှတ်သားနာယူကြဖို့ ကောင်းပါတယ်။

## ပူဇော်ထိုက်ရာ ပူဇော်ပါ
[ပူဇာစ ပူဇနေယျာနံ-မင်္ဂလာ-၃]

ပူဇော်ထိုက်သော ပုဂ္ဂိုလ်ဆိုတာကတော့ သီလ, သမာဓိ, ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များကို ဆိုလိုပါတယ်။ ပူဇော်ခြင်းဆိုတာကတော့ အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ ရှိခိုးခြင်းတို့ပါပဲ။

ပူဇော်တဲ့နေရာမှာ အာမိသပူဇာ, ဓမ္မပူဇာရယ်လို့ ပူဇော်နည်း ၂-မျိုး ရှိပါတယ်။ အာမိသပူဇာကတော့ ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်း။ ဓမ္မပူဇာကတော့ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း လိုက်နာပြီး အကျင့်တရားဖြင့် ပူဇော်ခြင်းပါပဲ။

သီလ, သမာဓိ, ပညာဂုဏ်နဲ့ ပြည့်စုံသူများကို မြတ်နိုးကော်ရော် ပူဇော်ခြင်းဟာ အနည်းငယ်ပင် ဖြစ်စေကာမူ ကြာရှည်လေးမြင့်စွာ ကောင်းကျိုးချမ်းသာ ခံစားရတတ်ပါတယ်။

## သုမနဝတ္ထု သာဓကရှု

အခါတစ်ပါးမှာ ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူစဉ် သုမနပန်းသည်က ကြည်လင်သဒ္ဓါ ယိုဖိတ်စွာနှင့် ပန်းများကို လက်နဲ့ဆုပ်ပြီး ဘုရားရှင်ထံသို့ ပစ်မြှောက်ပူဇော်ပါတယ်။ ပစ်မြှောက်ပူဇော်လိုက်တဲ့ ပန်းများဟာ ပန်းမုက်နှာကျက်, ပန်းဆွဲပန်းထောင် စသည်ဖြင့် ပန်းပြာသာဒ်ကြီးဖြစ်ပြီး

တည်ရှိနေပါတော့တယ်။ ဘုရားရှင်ဟာ ပန်းပြာသာဒ်အတွင်း ရောက်ရှိနေတာကို မဖြစ်စဖူး အထူး အံ့ဖွယ်ကြီး ဖြစ်တဲ့အတွက် လူအများ စုဝေးရောက်ရှိပြီး ဖူးမြော်လာကြပါတော့တယ်။

အဲဒီအချိန်မှာ ဘုရားရှင် ပြုံးတော်မူတာကို အရှင်အာနန္ဒာက မြင်လို့ မေးလျှောက်တဲ့အခါ ဘုရားရှင်က "အာနန္ဒာ၊ ဤသုမနပန်းသည်ဟာ ငါဘုရားအား နှစ်သက်ရွှင်ပျော် ဤပန်းတို့ဖြင့် ပူဇော်ခြင်းကြောင့် ကမ္ဘာတစ်သိန်း လူ့ပြည်နတ်ပြည်မှာ ကျင်လည်ရ၍ နောက်ဆုံးဘဝ၌ သုမနိဿရမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်" လို့ မိန့်ကြားတော်မူပြီး စုဝေးရောက်ရှိလာကြတဲ့ ပရိသတ်အား တရားဟောကြားတော်မူတဲ့အခါ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ဟာ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သွားခဲ့ကြပါတယ်။

ဒါဟာ အနည်းငယ်သော အာမိသပူဇာသာ ဖြစ်ပါသေးတယ်။ ဒီလောကကလေး ပူဇော်တာတောင် ကြီးကျယ်သော အကျိုးကို ခံစားရရှိနိုင်သေးလျှင် ဓမ္မပူဇာနှင့်သာ ပူဇော်ပါလျှင် အကျိုးကျေးဇူးဟာ အင်မတန် ကြီးမားထူးခြားမှာ ဧကန်ပါပဲ။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ခါနီးအချိန်မှာ လူတွေ နတ်တွေက ပန်းနံ့သာအမျိုးမျိုးတို့ဖြင့် ပူဇော်ခဲ့ကြပါတယ်။ ဤမျှ ပူဇော်ရုံဖြင့် ဘုရားရှင်က အလိုတော် မကျလှသေးပါဘူး။ ဘုရားရှင် ဟောကြားတော်မူတဲ့အတိုင်း လိုက်နာကြိုးကုတ်၊ သမထ, ဝိပဿနာ ဘာဝနာတရား အားထုတ်ခြင်းဖြင့် ပူဇော်မှသာ မြင့်မြတ်

---

[၆] သုမနပန်းသည်က ဘုရားရှင်ထံသို့ ပန်းများ ပစ်မြှောက်ပူဇော်သည့်အခါ ဘုရားရှင်ထံတော်၌ ပန်းပြာသာဒ်ကြီး ဖြစ်တည်နေပုံ။



သော ဓမ္မပူဇာမည်ပြီး မြတ်ဘုရားအလိုတော်ကျမည် ဖြစ်ကြောင်း မိန့်ကြားတော်မူပါတယ်။

ဒါကြောင့် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ဖြင့် ပြည့်စုံတဲ့ ပူဇော်ထိုက်သူများကို ရိုသေလေးမြတ်စွာ ပူဇော်ခြင်း၊ သူတော်ကောင်းတရား လက်မလွှတ်စေဘဲ ကြိုးစားအားထုတ်၍ တရားဖြင့် ပူဇော်ခြင်းတို့ဖြင့် ပူဇော်ကြ၍ ကောင်းကျိုးချမ်းသာ မင်္ဂလာတရား ပွားများကြပါစို့ လို့ တိုက်တွန်းရင်း ပထမဂါထာ မင်္ဂလာ ၃-ဖြာကို "ဆောင်ပုဒ်ကဗျာ" ဆိုပြီး အဆုံးသတ်ကြပါစို့။

## ပထမဂါထာ အညွှန်းကဗျာ

ပထမဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
လူမိုက်ဆိုတာ ဘေးရန်ပွားလို့၊ ဝေးစွာရှောင်ထား မပေါင်းနဲ့ကွယ်။
ပညာရှိကိုသာ ဆည်းကပ်ထားတော့၊ ချမ်းသာကြီးပွား ကျိုးရှိမယ်။
ပူဇော်ထိုက်သူ ပူဇော်ပြုပေဟော့၊ မင်္ဂလာမူ ဖြစ်ပါတယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

## "ဒုတိယဂါထာ မင်္ဂလာ"

ပတိရူပဒေသဝါသော စ, ပုဗ္ဗေ စ ကတပုညတာ၊

အတ္တသမ္မာပဏိဓိ စ, **ဧတံ** မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်**လာခြေား အို. . .** နတ်သား။ ပတိရူပ ဒေသဝါသောစ၊ ချမ်းသာ တိုးပွား ကုသိုလ်များလတ် တင့်အပ်လျှောက်ပတ်သော အရပ်၌ နေရခြင်းလည်းကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာ စ၊ ပြုအပ်ခဲ့ဖူးသော ကောင်းမှုထူးရှိသူ၏ အဖြစ်လည်းကောင်း။ အတ္တသမ္မာပဏိဓိ စ၊ မိမိကိုယ် ကို အကုသိုလ်ပြစ် မဖြစ်စေဌာ ကောင်းစွာ ဆောက်တည်ရခြင်းလည်းကောင်း။ ဧတံ၊ ဤသုံးပါးသည်။ **ဥတ္တမံ၊** ကောင်းမြတ်သော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ မင်္ဂလာပါပေတ**ည်း**။

ဒုတိယဂါထာမှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့. . .

၁။ သင့်တော် လျှောက်ပတ်သော အရပ်မှာ နေပါ၊

၂။ ရှေးက ပြုဖူးသော ကုသိုလ်ထူး ရှိပါစေ၊

၃။ မိမိကိုယ်မိမိ ကောင်းစွာ ထိန်းသိမ်းပါ - ဆိုတဲ့ မင်္ဂလာတရား (၃) ပါး ဖြစ်ပါ**တယ်**။

ဒီမင်္ဂလာတရား ၃-ပါးကတော့ လောကမှာ "ကောင်းစွာ နေထိုင်သွားတတ်ကြဖို့" ဟောပြော ညွှန်**ပြထား** တော်မူတဲ့ မင်္ဂလာတရားများ ဖြစ်ကြပါတယ်။

## နေရာကောင်းမှာ နေထိုင်ပါ
[ပတိရူပဒေသဝါသော စ-မင်္ဂလာ-၄။]

လောကမှာ လူတစ်ဦး ချမ်းသာကြီးပွား တိုးတက်ဖို့ရာ နေရာကောင်းရဖို့ အရေးကြီးပါတယ်။ သင့်တင့်လျောက်ပတ်တဲ့ နေရာကို အမှီပြုပြီး စီးပွားရေး, ကြီးပွားရေးတွေ ဆောင်ရွက်ကြမယ်ဆိုလျှင် လောကီအကျိုး လောကုတ္တရာအကျိုးတွေ တစ်ဟုန်ထိုး တိုးတက် အောင်မြင်သွားကြတာချည်း ဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည်ပင်လျှင် ဗောဓိပင်နဲ့ ရွှေပလ္လင်တည်းဟူသော နေရာကောင်းကို အမှီပြုပြီးတော့ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် လောကမှာ "အကြံကောင်းလျှင် တစ်ချက်၊ အမှီကောင်းလျှင် တစ်သက်" လို့ ဆိုတာမှာ နေရာကောင်းကို အမှီသဟဲပြုကြဖို့ ထုတ်ဖော် ညွှန်ပြထားတာ ထင်ရှားလှပါတယ်။

## မဋ္ဌကုဏ္ဍလီ မင်္ဂဖိုလ်တည်

မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက သာဝတ္ထိမြို့မှာ မဋ္ဌကုဏ္ဍလီဆိုတဲ့ လုလင်တစ်ယောက်ရှိခဲ့ဖူးပါတယ်။ သူဟာ သေခါနီးဆဲဆဲအချိန်မှာ မြတ်စွာဘုရားသခင် ဆွမ်းခံကြွဝင်လာတာကို ဖူးမြင်လိုက်ရ

ပြီး ကြည်ညိုတဲ့ သဒ္ဓါစိတ်နဲ့ စုတိကျကာ သေလွန်သွားတဲ့အတွက်ကြောင့် တာဝတိံသာနတ်ပြည်မှာ ယူဇနာ သုံးဆယ်ရှိတဲ့ ရွှေဗိမာန်ကြီးနဲ့ နတ်သမီးတစ်ထောင် ခြံရံပြီး နေရပါတယ်။

မဋ္ဌကုဏ္ဍလီနတ်သားဟာ မြတ်စွာဘုရားရှင်ကို ကြည်ညိုလှတာနဲ့ သူ့ရဲ့ဗိမာန် အဆောင်အယောင်နဲ့တကွ ဘုရားရှင်ထံမှောက်သို့ လာရောက်ပြီး တရားတော်ကို နာယူရတဲ့အတွက် သောတာပတ္တိဖိုလ်သို့ ရောက်ရှိသွားခဲ့ရပါတယ်။

အဲဒီလို မဋ္ဌကုဏ္ဍလီ အကျိုးပေး သန့်သွားခဲ့ရတာဟာ မြတ်စွာဘုရားရှင် သီတင်းသုံးလျက် ရှိတော်မူတဲ့ ပတိရူပဒေသဖြစ်တဲ့ သာဝတ္ထိမြို့မှာ နေထိုင်ခဲ့ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

## ကုသိုလ်ကောင်းမှု အစဉ်ပြု

[ပုဗ္ဗေ စ ကတပုညတာ-မင်္ဂလာ-၅။]

အထက်က ဖော်ပြခဲ့တဲ့ မဋ္ဌကုဏ္ဍလီဟာ ဘုရားရှင်နဲ့ တွေ့လိုက်ရလို့ သောတာပတ္တိဖိုလ်အထိ ရောက်ရှိသွားခဲ့ရတာဟာ ယခုဘဝ ကောင်းမှုကြောင့်သာမကဘဲ ရှေးရှေးဘဝများစွာက ပြုခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုထူးများ ရှိခဲ့ခြင်းကြောင့်လည်း ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်လက်ထက်က ဘုရားရှင်ကို ဖူးတွေ့ရပါသော်လည်း ကျွတ်တမ်းမဝင်နိုင်ရှာတဲ့ ပုဂ္ဂိုလ်တွေ အများအပြား ရှိခဲ့ကြပါတယ်။ ကောသလမင်းကြီးနဲ့

မလ္လိကာမိဖုရားကြီးတို့ဆိုလျှင် ကြီးကျယ်တဲ့ အလှူဒကာ, အလှူအစ်မကြီးများ ဖြစ်ခဲ့ကြပါလျက် တစ်မင်တစ်ဖိုလ်မှ မရလိုက်ကြတာဟာ ရှေးကပြုခဲ့ဖူးတဲ့ ကောင်းမှုထူးများ မရှိခဲ့ကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။


ဒါကြောင့် ရှေးပညာရှိကြီးများက "တွာလေးချက်" နဲ့အညီ အစဉ်အမြဲ နေထိုင်သွားကြဖို့ ညွှန်ကြားသုံးမခဲ့ကြခြင်း ဖြစ်ပါတယ်။ "တွာလေးချက်" ဆိုတာကတော့ (၁) ဗုဒ္ဓံပသီဒိတွာ-ဘုရားကို ကြည်ညို၍၊ (၂) ဓမ္မံသုတွာ-တရားကို နာ၍၊ (၃) ဒါနံဒတွာ-အလှူပေး၍၊ (၄) သီလံသမာဒိယိတွာ-သီလဆောက်တည်၍ နေထိုင်အပ်၏လို့ ဆိုလိုခြင်းပါပဲ။ အာဏတ္တိကဒေသနာမှာ. . .

သဂ္ဂ မဂ္ဂ ဖလံလာဘာ, သဒ္ဓေ၀တ္တိတွာ စတုဗ္ဗိနာ၊
ပဂေ၀ စတုယုတ္တာတု, တသ္မာ ယုတ္တ၀တ္တ ဝေါ သဒါ။

ဘော၊ အိုး . လူအပေါင်းတို့။ တွာစတုဗ္ဗိနာ၊ တွာလေးချက်နှင့် ကင်းကုန်သည်ဖြစ်ပါလျက်။ သဂ္ဂမဂ္ဂ ဖလံလာဘာ၊ နတ်ရွာတက်၍ မဂ်ဖိုလ်ရကြကုန်သော။ သဒ္ဓော၊ သူတော်ကောင်းတို့သည်။ အတ္ထိ၊ ရှိကုန်သေး၏။ စတုယုတ္တာတု၊ တွာလေးချက်နှင့် ယှဉ်ပေကုန်မူကား။ ပဂေ၀၊ အကယ်မှာ ဆိုဖွယ်ရှိအံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ သဒါ၊ အခါခပ်သိမ်း။ ဝေါ၊ သင်သူတော်ကောင်းတို့သည်။ ယုတ္တာ၊ တွာလေးချက်နှင့် ယှဉ်ကြကုန်သည်။ အတ္ထ၊ ဖြစ်ကြပါကုန်လော့။

---

[၇] မဋ္ဌကုဏ္ဍလီသည် သေအံ့မူးမူးအချိန်တွင် ဘုရားရှင် ဆွမ်းခံကြွဝင်လာတာကို မြင်ရ၍ ကြည်ညိုသဖြင့် ဖြစ်ပွားနေပုံ။



## မိမိကိုယ်သာ ထိန်းသိမ်းပါ

[အတ္တ သမ္မာ ပဏိဓိ စ-မင်္ဂလာ-၆။]


မိမိရဲ့ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကို အစဉ်အမြဲ စောင့်ထိန်းပြီး၊ အကျိုးနဲ့အပြစ်မှာ အကျိုးရှိတဲ့ဘက်က ရောက်အောင်၊ ကုသိုလ်နဲ့ အကုသိုလ်မှာ ကုသိုလ်ဘက်က ရပ်တည်အောင် အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်။ အပျော်အပါးတွေဘက် လိုက်စားပြီး မေ့မေ့မှားမှား မနေသင့်ကြပါဘူး။ မေ့မေ့မှားမှား ပျော်ပျော်ပါးပါးနဲ့ အချိန်တွေ အလဟဿ ကုန်လွန်သွားလျှင် မိမိရဲ့အကျိုးများ မတိုးပွားတဲ့အပြင် ပျက်စီးဆုံးပါး သွားရတတ်ပါသေးတယ်။

### မဟာနေဝတ္ထု သာကော့ရ

ဘုရားရှင်လက်ထက် ဗာရာဏသီပြည်မှာ မဟာနေဆိုတဲ့ သူဌေးသားတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူ့မိဘများက သူ့ကို ပင်ပန်းမှာစိုးလို့ ပညာမသင်စေဘူး။ စိတ်ပျော်ရွှင်စရာ အတီးအမှုတ်များနဲ့သာ နေစေတယ်။ သူနဲ့ ထိမ်းမြားတဲ့ သူဌေးသမီးကလည်း သူ့လိုပဲ ပညာမသင်ဘဲ ပျော်ပျော်ပါးပါး နေသူသာဖြစ်တယ်။

---

[၈] မဟာဓနသူဌေးလင်မယားသည် စိတ်ပျော်ရွှင်စရာ အတီး, အမှုတ်, အက, အခုန်များဖြင့် ပျော်ပါးလျက် အချိန်များကို ကုန်လွန်သွားစေခဲ့ပုံ။



သူတို့မိဘများ ကွယ်လွန်သွားကြတဲ့အခါ ပစ္စည်းဥစ္စာများကို မထိန်းသိမ်းတတ်ကြဘဲ သုံးဖြုန်းပျော်ပါးပစ်လို့ ကုန်သွားကြပြီး နောက်ဆုံး ခွက်လက်စွဲကာ တောင်းစားရတဲ့ သူတောင်းစားလင်မယားဘဝ ရောက်သွားကြရပါတော့တယ်။

တစ်နေ့. . . ဘုရားရှင်ရဲ့ ကျောင်းတော်သို့ တောင်းရမ်း စားသောက်ဖို့ ရောက်သွားကြတဲ့အခါ ဘုရားရှင်က သူတို့ကို မြင်ပြီး ပြုံးတော်မူပါတယ်။ အရှင်အာနန္ဒာက မေးလျှောက်တဲ့အခါမှာ ဘုရားရှင်က "အာနန္ဒာ၊ ဤ မဟာဓနသူဌေးသားဟာ ပဌမအရွယ်က ရဟန်းပြုခဲ့လျှင် ရဟန္တာဖြစ်မယ်။ သူဌေးသမီးက အနာဂါမ်ဖြစ်မယ်။ စီးပွားရှာခဲ့လျှင် ပဌမတန်း သူဌေးကြီးဖြစ်မယ်။ ဒုတိယအရွယ်မှာ သူဌေးသား ရဟန်းပြုခဲ့လျှင် အနာဂါမ်ဖြစ်မယ်။ သူဌေးသမီးဟာ သကဒါဂါမ်ဖြစ်မယ်။ စီးပွားရှာလျှင် ဒုတိယတန်း သူဌေးဖြစ်ဦးမယ်။ အခုတော့ လောကီအကျိုးစီးပွားရော လောကုတ္တရာအကျိုးစီးပွားပါ ဆုတ်ယုတ်ပျက်ပြားသွားရရှာပြီ" လို့ မိန့်ကြားတော်မူပါတယ်။

ဒါကြောင့် မိမိတို့လည်း မဟာဓနေ သူဌေးသား ဇနီးမောင်နှံလို မဖြစ်ကြရလေအောင် မိမိကိုယ်၊ စိတ်ကို ကောင်းအောင် အစဉ်အမြဲ ကြိုးစား ထိန်းသိမ်းကြရပါမယ်။

လောကမှာ သမ္ပတ္တိစက်လေးပါးဆိုတာ ရှိပါတယ်။ ဘာတွေလဲဆိုရင် (၁) ပတိရူပ ဒေသဝါသ၊ သင့်တင့် လျောက်ပတ်သောအရပ်မှာ နေရခြင်း၊ (၂) ပုဗ္ဗေ စ ကတပုညတာ၊ ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုထူး ရှိသူဖြစ်ခြင်း၊ (၃) သပ္ပုရိသူပနိဿယ၊ ပညာရှိ သူတော်ကောင်းများကို မှီဝဲဆည်းကပ်ခြင်း၊

(၄) အတ္တသမ္မာပဏိဓိ၊ မိမိကိုယ်, စိတ် ကောင်းစွာ ဆောက်တည်ထားခြင်းတို့ ဖြစ်ကြပါတယ်။ ဒီ ၄-ပ်ါးအနက်မှာ အတ္တသမ္မာပဏိဓိစက်ဟာ အလိုအပ်ဆုံး ဖြစ်ပါတယ်။ လောကီ, လောကုတ္တရာ နှစ်ဖြာကြီးပွား အကျိုးများဖို့ရာ အတ္တသမ္မာပဏိဓိစက်နှင့် ပြည့်စုံအောင် ထူထောင်ကြိုးစား အားထုတ်ကြရပါလိမ့်မယ်။

ဒါကြောင့် လူတိုင်းလူတိုင်း အတ္တသမ္မာပဏိဓိစက်နှင့် ပြည့်စုံကြပြီး၊ မိမိကိုယ်, စိတ်ကို ကောင်းစွာ ထိန်းသိမ်းခြင်းဆိုတဲ့ မင်္ဂလာနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း မင်္ဂလာဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြရမယ်။

## ဒုတိယဂါထာ အညွှန်းကဗျာ

ဒုတိယဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
သင့်ရာနေရာ အကျိုးများဖို့၊ မှီခိုအားထား နေကြကွယ်။
ရှေးကတင်ကြို ပြုခဲ့ဖူးတဲ့၊ ကုသိုလ်ထူးလည်း ရှိစေကွယ်။
မိမိကိုယ်ကို ကောင်းစွာထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်ကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## "တတိယဂါထာ မင်္ဂလာ"

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ, ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာဝါစာ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို. . နတ်သား။ ဗာဟုသစ္စဉ္စ၊ အကြားအမြင် အများ ယှဉ်သူ၏ အဖြစ်လည်းကောင်း။ သိပ္ပဉ္စ၊ လက်မှုအတတ် ပညာရပ်တို့သည် လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာ သင်အပ်သော။ ဝိနယော စ၊ ကိုယ်နှုတ်နှလုံး ဆုံးမတတ်ငြား ဝိနည်းတရားသည်လည်းကောင်း။ သုဘာသိတာ၊ ကျိုးရှိဟုတ်ရာ ကောင်းစွာဆိုအပ်သော။ ယာဝါစာစ၊ အကြင်စကားသည်လည်းကောင်း။ ဧတံ၊ ဤလေးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်သော၊ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ မင်္ဂလာပါပေတည်း။

တတိယ ဂါထာမှာ ဘုရားရှင် ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့. . .

၁။ အကြားအမြင် များပါ၊
၂။ သိပ္ပအတတ်ကို သင်ပါ၊
၃။ ကျင့်ဝတ်တရားကို စောင့်ထိန်းပါ၊
၄။ ကောင်းစွာ ပြောဆိုပါ-ဆိုတဲ့ မင်္ဂလာတရား (၄) ပါး ဖြစ်ပါတယ်။

ဒီမင်္ဂလာတရား (၄) ပါးကတော့ "ပညာရေးနဲ့ သက်ဆိုင်တဲ့ လမ်းညွှန်ချက်" မင်္ဂလာတွေပါပဲ။

## အကြားအမြင် များစေချင်

[ဗာဟုသစ္စဥ္စ-မင်္ဂလာ-၇။]

အကြားအမြင် ဗဟုသုတများခြင်းဟာ လောကမှာ ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်စေပါတယ်။ အကြားအမြင်များသူဟာ မကောင်းရာကိုကြဉ်ပြီး ကောင်းရာကို ယှဉ်နိုင်ပါတယ်။ ဘယ်အရာကိစ္စမဆို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ပါတယ်။ ကုသိုလ် အကုသိုလ် ခွဲခြားသိရှိနိုင်ပြီး ပစ္စုပ္ပန်, သံသရာ နှစ်ဖြာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါတယ်။ အကြားအမြင်များလေ အသိဉာဏ်ပညာ တိုးပွားလေဖြစ်တဲ့အတွက် အစစအရာရာမှာ ပညာနဲ့ယှဉ်ပြီး ဆင်ခြင်နိုင်ပါတယ်။

## ဗိုးရာဇာလို ဖြစ်စေလို့

အင်းဝဘုရင် မင်းကြီးစွာစော်ကဲလက်ထက်က မိတ္ထီလာဒေသ ဝန်ဇင်းရွာမှာ စာတိုညြိုခေါ် မောင်ဥက္ကာဆိုသူ ရှိခဲ့ပါတယ်။ သူဟာ စာတိုပေစမှန်သမျှ ဖတ်ရှုလေ့လာ မှတ်သားပြီး ပညာတိုးပွားအောင် ရှာမှီးဆည်းပူးနေသူ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း အသက်မွေးဝမ်းကျောင်းအနေနဲ့ လယ်သမားအဖြစ် လုပ်ကိုင်ရင်း ဝန်ဇင်းရွာသူကြီးရဲ့ သမီးနဲ့ အကြောင်းပါခဲ့ပါတယ်။

မြန်မာသက္ကရာဇ် ၇၃၀ ပြည့်နှစ်မှာ မိတ္ထီလာကန်ကို ဆည်ဖို့ရန် မင်းကြီးစွာစော်ကဲ ရောက်ရှိလာတဲ့အခါ၊ ကန်ဘောင်ရိုးမှာ ရှိနေတဲ့ နတ်ကွန်းအကြောင်းနဲ့ပတ်သက်ပြီး သိလိုတာနဲ့ မေးမြန်းစုံစမ်းခဲ့ပါတယ်။ ဘယ်သူမှ မပြောနိုင်ကြဘဲ "ဝန်ဇင်းရွာသူကြီးသမက်ဟာ အကြားအမြင် ဗဟုသုတများကြောင်း၊ သူသာ သိတန်ရာကြောင်း" များကို လျှောက်ထားခဲ့ကြပါတယ်။

ဒီအခါ မင်းကြီးက အခေါ်လွှတ်ပြီး မေးမြန်းတဲ့အခါ၊ မောင်ဥက္ကာက "နတ်ကွန်းမဟုတ်ကြောင်း၊ အနော်ရထာမင်းကြီး ကြွရောက်လာပြီး ကန်တော်ဆည်ဖို့စဉ်က ထုလုပ်ထားရစ်ခဲ့တဲ့ မိဖုရားရွှေရုပ်ထု ဖြစ်ပါကြောင်း" အထောက်အထား ခိုင်လုံစွာ လျှောက်ထားနိုင်တဲ့အတွက် အမတ်ရာထူး ချီးမြှင့်သူကောင်းပြုပြီး အင်းဝနေပြည်တော်သို့ ခေါ်ဆောင်သွားခဲ့ပါတယ်။

နောင်အခါ ဖိုးရာဇာ ပညာရှိအမတ်ကြီးအဖြစ်နဲ့ အင်းဝခေတ် မင်းသုံးဆက်တိုင်တိုင် ထင်ရှားကျော်ကြားခဲ့ပါတယ်။

ဖိုးရာဇာဟာ လယ်သမားဘဝမှ ပညာရှိအမတ်ကြီးဘဝသို့ တက်လှမ်းနိုင်ခဲ့ရတာဟာ စာတွေ့လက်တွေ့ ဗဟုသုတတွေ များပြားလှတဲ့အတွက်ကြောင့် ဖြစ်ကြောင်း ထင်ရှားလှပါတယ်။

---

[၉] မိတ္ထီလာကန်ဘောင်ရိုးက နတ်ကွန်းအကြောင်းကို ဝန်ဇင်းရွာသူကြီးသမက် မောင်ဥက္ကာက မင်းကြီးစွာစော်ကဲအား လျှောက်ထားပြောကြားနေပုံ။



## သိပ္ပပညာ သင်ကြားပါ
[သိပ္ပဥ္စ-မင်္ဂလာ-၈။]

လူတိုင်းလူတိုင်း နှုတ်မှုအတတ်၊ လက်မှုအတတ် စသည်တို့ကို တတ်မြောက်ထားသင့်ကြပါတယ်၊ "အသိပ္ပဿ ကုတောခနံ-အတတ်ပညာမရှိသောသူအား အဘယ်ဥစ္စာ ရှိအံ့နည်း" လို့ လောကနီတိကျမ်းမှာ ပြဆိုထားပါတယ်။ အတတ်ပညာ တတ်ထားသူဖြစ်မှသာ ချမ်းချမ်းသာသာ အသက်မွေးနိုင်မယ်၊ စီးပွားဥစ္စာ ရှိနိုင်မယ်လို့ ဆိုလိုပါတယ်။ "သိပ္ပံစောရာ န ဂဏှန္တိ-အတတ်ပညာကို သူခိုး မခိုးနိုင်" ဆိုတဲ့ အချက်ဟာလည်း အင်မတန် မှန်ကန်လှပါတယ်။ ဒါကြောင့် ကျမ်းဂန်များမှာ အတတ်ပညာကို "အင်္ဂသမဥစ္စာ" "အင်္ဂါခြေလက် ကိုယ်အသက်နဲ့ တူသောဥစ္စာ" လို့ ပြဆိုထားခြင်း ဖြစ်ပါတယ်။ ဘယ်အတတ်ပညာမဆို သင်ထား တတ်ထား သင့်တာချည်းပါပဲ။ ကောင်းစွာ အသုံးချတတ်ရင် အကျိုးများမှာ သေချာပါတယ်။

## သူဆွံ့ဝတ္ထု သာဓက၁

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းပြုစဉ်အခါက ကျောက်စရစ်ပစ်အတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်တဲ့ စကားမပြောတတ်တဲ့ သူဆွံ့တစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ့ကို ငွေပေးခိုင်းလျှင် ဆင်ရုပ်၊ မြင်းရုပ်၊

[၁၀]စကားအလွန်များလှသော ပုဏ္ဏားကြီးအား ကန့်လန့်ကာကြားမှ သူဆွံ့က ဆိတ်ချေးလုံးများ ပါးစပ်ထဲသို့ ပစ်သွင်း ထည့်နေပုံ။



ကျားရုပ်၊ နွားရုပ် စသည်များ ပေါ်လွင်အောင် ညောင်ရွက်မှာ ကျောက်စရစ်ခဲနဲ့ ပစ်ဖောက်ပြီး သရုပ်ဖော်နိုင်စွမ်း ရှိပါတယ်တဲ့။

အဲဒီအချိန်တုန်းက ဗာရာဏသီမင်းရဲ့ ပုရောဟိတ်ပုဏ္ဏားကြီးဟာ စကား အင်မတန် များလွန်းလှပါတယ်တဲ့။ တစ်ဖက်သား နားမခံနိုင်လောက်အောင် စကားပြောလွန်းလှတဲ့အတွက် သူ့ကို စကားမများအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ ဘုရင်က ကြံစည်စုံစမ်းလျက် ရှိခဲ့ပါသတဲ့။ တစ်နေ့မှာ သူဆွံ့ရဲ့ ကျောက်စရစ်ပစ်စွမ်းရည်ကို စုံစမ်းသိရှိသွားပြီး၊ သူ့ကို နန်းတော်သို့ခေါ်ကာ ကန့်လန့်ကာအတွင်းမှာ နေစေပါတယ်တဲ့။ ပြီးတော့ ပုဏ္ဏားကြီးထိုင်တဲ့နေရာ ရှေ့တည့်တည့်နဲ့တန်းအောင် ကန့်လန့်ကာကို အပေါက်ဖောက်ပေးပြီး ဆိတ်ချေးတစ်ခွက်သားကိုလည်း ပေးထားပါသတဲ့။ "ဆိတ်ချေးတစ်ခွက်သား" ဆိုတာ ဆိတ်ချေးလုံး တစ်ပိဿာကို ဆိုလိုတာပါပဲ။

ပုဏ္ဏားကြီး အခစားဝင်ပြီး ခါတိုင်းလိုပဲ စကားများမလို့ ပါးစပ်ဟလိုက်တိုင်း ဟလိုက်တိုင်း ဆိတ်ချေးတစ်လုံးတစ်လုံး ပါးစပ်ထဲသို့ ပစ်သွင်းစေတယ်တဲ့။ ဒါပေမယ့် ပုဏ္ဏားကြီးက ပစ်သမျှ ဆိတ်ချေးလုံးများကို မျိုချပြီး စကားများသေးကာပဲတဲ့။ ဒါနဲ့ ဆိတ်ချေးတစ်ခွက်သာ ကုန်သွားတယ်။ စကားပြောမလျှော့သေးတာတွေ့ရတာနဲ့ ဘုရင်က "ဆရာ၊ သင်ဟာ စကားအလွန်များတာကြောင့် ဆိတ်ချေးတစ်ခွက်သား ကုန်၍လည်း စကားပြောမလျှော့သေး၊ ငုရေကို သောက်၍ ဝမ်းလျှောစေကာ ရောဂါမရအောင် သွား၍လုပ်လေ" လို့ဆိုမှ ပုဏ္ဏားကြီး စကားရပ်ပြီး သွားပါတော့သတဲ့။

အဲဒီနေ့ကစပြီး ပုဏ္ဏားကြီးလည်း စကားမများတော့ဘဲ ဆိတ်ဆိတ်သာ နေပါတော့သတဲ့။ ဘုရင်က "ဤ သူဆွံ့ဟာ ငါ နားချမ်းသာအောင် ပြုပေတယ်" လို့ဆိုပြီး သူဆွံ့အား ရွာစားဆုကို ပေးသနားလေသတဲ့။

အဲဒီအခါ ဘုရားအလောင်းက မင်းကြီးထံချဉ်းကပ်ပြီး "အရှင်မင်းကြီး၊ အတတ်ပညာမည်သည်ကို လောက၌ ပညာရှိတို့ သင်အပ်ကုန်၏။ ကျောက်စရစ်ပစ်အတတ်မျှဖြင့် ဤစည်းစိမ်ကို ရလေသေး၏။ အခြားသော အတတ်တို့၏ အကျိုးအာနိသင်မှာ ဆိုဖွယ်ရာမရှိပြီ။ ထို့ကြောင့် အတတ်ပညာဟူသမျှကို တတ်ကောင်းတော့သည်" လို့ လျှောက်ထားခဲ့ပါလေသတဲ့။

## ကျင့်ဝတ်တရား အလေးထား

[ဝိနယော စ သုသိက္ခိတော-မင်္ဂလာ-၉။]

ကျင့်ဝတ်တရားများကို အလေးထားပြီး ထိန်းသိမ်းလိုက်နာခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ။ လူများမှာလည်း လူ့ကျင့်ဝတ်များ ရှိသလို ရှင်ရဟန်းများမှာလည်း ရှင့်ကျင့်ဝတ်များ ရှိကြပါတယ်။ လူ့ဝိနည်း၊ ရှင့်ဝိနည်းလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ ဝိနည်းကို သင်မှ, ဝိနည်းအတိုင်း လိုက်နာနေထိုင်မှ လိမ္မာယဉ်ကျေးတဲ့ ပုဂ္ဂိုလ်များဖြစ်လာကြမှာ အမှန်ပါပဲ။ ဝိနည်းအဆုံးအမကို သင်ယူရရှိထားသူများဟာ မကောင်းမှုအကုသိုလ် များကို ပယ်ရှားနိုင်ပြီး ကောင်းမှုကုသိုလ်တရားများကို အစဉ်ပွားများ ပြည့်စုံစေနိုင်ကြပါတယ်။ မိမိစိတ်ထားကိုလည်း

ဖြူစင်သန့်ရှင်း အညစ်အကြေးကင်းအောင် ထားနိုင်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဩဝါဒပါဠိမောက်မှာ. . .

“သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနုသာသနံ။” လို့ ဆိုထားပါတယ်။

ဒီဂါထာကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်ကဗျာ စီထားပါတယ်။ ဗုဒ္ဓဘုရားရှင်တိုင်း ဟောကြားတော်မူခဲ့ကြတဲ့ အရေးကြီးတဲ့ ဒေသနာစကား သုံးရပ်ဖြစ်လို့မို့ လေးလေးစားစား မှတ်သား နာယူသင့်ကြပါတော့တယ်။

၁။ အကုသိုလ်များ. . . ရှောင်ရှားပယ်လေ၊
၂။ ကုသိုလ်တရား. . . ဖြစ်ပွားစုံစေ၊
၃။ မိမိစိတ်ဓာတ်. . . ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး. . . ဘုရားအဆုံးအမပေ။

ဘုရားရှင်တိုင်းရဲ့ အဆုံးအမသုံးပါးကို အစဉ်လေးစား၍ ကျင့်ကြံနေထိုင်ခြင်းဟာ ကိုယ်ကျင့်တရား ကောင်းမွန်စွာ နေထိုင်ခြင်းဖြစ်တဲ့အတွက် လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးကြရမှာ ကေန်မလွဲ ဖြစ်ပါတော့တယ်။

## စကားကောင်းစွာ ပြောဆိုပါ

[သုဘာသိတာ စ ယာဝါစာ-မင်္ဂလာ-၁၀။]

စကားပြောဆိုတဲ့နေရာမှာ ကောင်းစွာပြောဆိုခြင်းဟာလည်း မင်္ဂလာတစ်ပါးပါပဲ။ ကောင်းစွာ ပြောဆိုတယ်ဆိုတာကတော့ စကားအရာ အင်္ဂါလေးတန်နဲ့ ညီညွတ်စွာ ပြောဆိုခြင်း ဖြစ်ပါတယ်။ စကားပြောဆိုတဲ့အခါ (၁) သစ္စ-မှန်ကန်ခြင်း၊ (၂) ပိယ-ချစ်ဖွယ်ပြောဆိုခြင်း၊ (၃) သဏှ-သိမ်မွေ့ခြင်း၊ (၄) သာတ္ထက-အကျိုးရှိခြင်းဆိုတဲ့ အင်္ဂါလေးတန်နဲ့ ပြည့်စုံစေရပါမယ်။

မဟုတ်မမှန် ပြောဆိုတဲ့ မုသားစကားတွေ၊ ချောပစ်ကုန်းတိုက် ပြောဆိုတဲ့ ပိသုဏာဝါစာစကားတွေ၊ ကြမ်းတမ်းတဲ့ ဖရုသဝါစာ စကားတွေ၊ ကိုယ့်အကျိုး သူ့အကျိုး နှစ်မျိုးမရှိတဲ့ သမ္ဖပ္ပလာပဝါစာ စကားတွေကိုတော့ ရှောင်ကြဉ်နိုင်ရင် အကောင်းဆုံးပါပဲ။

အကျိုးစီးပွားနဲ့ မစပ်ဘဲ မကောင်းပြောဆိုတဲ့ စကားတွေဟာ အသိန်းအသောင်းပင် ဖြစ်စေကာမူ၊ အကျိုးစီးပွားနဲ့စပ်ပြီး ကောင်းစွာပြောဆိုတဲ့ စကားတစ်ခွန်းလောက်မျှ တန်ဖိုးမရှိ။ အကျိုးမရှိတဲ့ စကား, ချစ်ခင်ဖွယ်မရှိတဲ့ စကားတွေကို ပြောဆိုနေရခြင်းထက် စကားမပြောဘဲ အ, အ လုပ်၍ နေရခြင်းက ကောင်းမြတ်သေး၏လို့ ပညာရှိများ ဆိုမိန့်ခဲ့ကြပါတယ်။

ပြီးတော့ စကားပြောဆိုတဲ့အခါ ချိုချိုသာသာ ပြောဆိုခြင်းဟာလည်း အရာရာကို အောင်မြင်စေနိုင်ပါတယ်။ "နှုတ်ချို-သျှိုတစ်ပါး" ဆိုတဲ့ စကားအတိုင်း စကားကို ချိုချိုသာသာ ပြောဆိုတတ်သူဟာ လူချစ်လူခင်

ပေါ်များစေတဲ့ ပီယဆေးတစ်ပါးကို ဆောင်ထားသလိုပါပဲ။ "ချစ်စေလိုသည်း ခံတွင်းလက်လေးသစ်၊ မုန်းစေလိုလည်း ခံတွင်းလက်လေးသစ်" ဆိုတာလို လက်လေးသစ်မျှ ပမာဏရှိတဲ့ ပါးမပ်ထဲ ခံတွင်းထဲက ထွက်လာတဲ့ စကားကြောင့် ချစ်ခင်မှု, မုန်းတီးမှုတို့ကို ဖန်တီးဖြစ်ပေါ်စေနိုင်ပါတယ်။

## နန္ဒိဝိသာလဝတ္ထု သာကေရှ

ရှေးက တက္ကသိုလ်ပြည်မှာ ဘုရားအလောင်းဟာ နန္ဒိဝိသာလ အမည်ရတဲ့ နွားလားဥသဘကြီးဖြစ်ခဲ့ဖူးပါတယ်။ နွားရှင် ပုဏ္ဏားကြီးက ဘုရားအလောင်းနွားကြီးကို အလွန်ပင် မြတ်နိုးလှပြီး နေ့စဉ် ယာဂု, ထမင်း စသည်တို့ကို တိုက်ကျွေးထားတဲ့အတွက် ခွန်အားဗလနဲ့ ပြည့်စုံပြီး အလွန်လည်း လှပပါသတဲ့။ တစ်နေ့မှာ ဘုရားလောင်းဟာ ပုဏ္ဏားကြီးအား ကျေးဇူးဆပ်ရန် အကြံနဲ့ ပုဏ္ဏားကြီးထံသွားပြီး "ဖခင်ပုဏ္ဏားကြီး၊ ဂေါဝိတ္တက သူဌေးနဲ့ အလောင်းအစား သွားလုပ်ပါ၊ ငါ့နွားဟာ ကုန်အပြည့်တင်ထားတဲ့ လှည်းတစ်ရာကို တစ်စပ်တည်း ဆွဲနိုင်တယ်။ ငွေတစ်ထောင်တမ်း လောင်းချင်တယ် ပြောပါ" လို့ တိုက်တွန်းလိုက်သတဲ့။

ဒါနဲ့ ပုဏ္ဏားကြီးလည်း တိုက်တွန်းတဲ့အတိုင်း သူဌေးထံသွားပြီး ငွေတစ်ထောင်တမ်း အလောင်းအစားလုပ်ပါတယ်တဲ့။ အဲဒီနောက် နန္ဒိဝိသာလကို ဝန်အပြည့်တင်ထားတဲ့ လှည်းပေါင်းတစ်ရာကို တစ်စပ်တည်း

**[၁၁]ပုဏ္ဏားကြီးက မဟုတ်မမှန် ဆဲဆိုတဲ့အတွက် ဘုရားအလောင်း နန္ဒိဝိသာလ နွားလားကြီးက ဝန်တင်လှည်းတစ်ရာကို မရုန်းဘဲ နေပုံ။**



ဆွဲစေဖို့ လှည်းမှာတပ်ပြီး "ဟဲ့-ကောက်ကျစ်ဖျဉ်းနွဲ့ နွားစဉ်းလဲကြီး၊ ဆွဲလော့-သွားလော့" လို့ ကြိမ်းဝါးဆဲဆိုပြီး မောင်းပါသတဲ့။ ဒီအခါ နွားကြီးက "ငါလည်း မကောက်ကျစ် မစဉ်းလဲပါဘဲနဲ့ ကောက်ကျစ်စဉ်းလဲတယ်လို့ ဆဲဆိုတယ်၊ တော်ပြီ . . မဆွဲတော့ဘူး" ဆိုပြီး မရုန်းဘဲနေတဲ့အတွက် ပုဏ္ဏားကြီး ငွေတစ်ထောင် ရှုံးသွားရတော့တယ်တဲ့။

ပုဏ္ဏားကြီးလည်း ရှုံးပြီး စိတ်ပျက်လက်ပျက် အိပ်နေတုန်း ဘုရားလောင်းက "ဘာကြောင့် တမှိုင်မှိုင်ကတွေတွေနဲ့ အိပ်နေရတာလဲ" လို့ မေးတော့၊ ပုဏ္ဏားကြီးက "သင့်ကြောင့် ငွေတစ်ထောင် ရှုံးလို့ စိတ်ပျက်ပြီး အိပ်နေတယ်" လို့ ပြန်ပြောသတဲ့။ ဒီအခါ ဘုရားအလောင်းက "အို . . ပုဏ္ဏားကြီး၊ ဘာ့ကြောင့် ကျွန်ုပ်အား မဟုတ်မမှန် မနှစ်သက်ဖွယ်သော စကားနဲ့ ဆဲဆိုရပါသလဲ။ ဟုတ်မှန်၍ နှစ်သက်ဖွယ်သော စကားကိုဆိုပါ၊ ယခုတစ်ဖန် သူဌေးနဲ့ ငွေနှစ်ထောင်တမ်း ထပ်မံလောင်းပါ၊ အမှန် နိုင်ရပါစေ့မယ်" လို့ ဆိုတဲ့အတွက် ပုဏ္ဏားကြီးလည်း သူဌေးနဲ့ နှစ်ထောင်ကြေးလောင်းပြီး ရှေးနည်းအတိုင်း လှည်းပေါင်းတစ်ရာကို ဆွဲစေတယ်တဲ့။

ဒီတစ်ခါတော့ ပုဏ္ဏားကြီးဟာ နွားကျောကုန်းကို ပွတ်သပ်ပြီး "နွားလှ - နွားချော သွားပါလော၊ ပြိုင်ဘက်ရှားတဲ့ ဖွေသားကြီး ရုန်းပါလော" လို့ နှစ်သက်ဖွယ် ပြောဆိုတဲ့အတွက် ဘုရားလောင်းက ရုန်းပြီး ငွေနှစ်ထောင် အနိုင်ရရှိလေတော့တယ်တဲ့။ လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်က နွားလားကြီးအား ချီးမွမ်းကြပြီး ဥစ္စာများ ပေးကမ်းလိုက်ကြတဲ့အတွက် ပုဏ္ဏားကြီးအဖို့ တော်တော်ပဲ ဟန်ကျသွားပါလေတော့သတဲ့။

ကဲ. . တတိယဂါထာကို အဆုံးသတ်တဲ့အနေနဲ့ ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့. . .

## တတိယဂါထာ အညွှန်းကဗျာ

တတိယဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
ကြားမြင်ဆိုင်ရာ ဗဟုသုတများကို၊ ကြိုးစား တိုးပွားစေကြကွယ်။
သိပ္ပပညာ ဝတ်ရာများကို၊ သင်ထား တတ်ထား ရှိကြကွယ်။
ကျင့်ဝတ်ဆိုင်ရာ ကိုယ်ကျင့်တရားကို၊ မယွင်းမှားအောင် ကျင့်ကြကွယ်။
စကားချိုသာ ကောင်းစွာပြောတော့၊ ချစ်ခင်သူလဲ ပေါကြမယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

⁂

## "စတုတ္ထဂါထာ မင်္ဂလာ"

မာတာပိတု ဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို. . နတ်သား။ မာတာပိတု၊ မိခင်ဖခင် အနန္တကျေးဇူးရှင်ကို။ ဥပဋ္ဌာနဥ္စ၊ ရိုသေပေး၍ ကျွေးမွေးရခြင်းလည်းကောင်း။ ပုတ္တဒါရဿ၊ သမီးနှင့်သား ဇနီးမယားကို။ သင်္ဂဟောစ၊ ကောင်းစွာ ကျွေးမွေးထောက်ပံ့ရခြင်းလည်းကောင်း။ အနာကုလာ၊ နှောင့်ယှက်ဖြုန်းတီး ဖျက်ဆီးခြင်းမရှိသော။ ကမ္မန္တာ စ၊ လယ်လုပ်ကုန်သွယ် ရောင်း၀ယ်ခြင်းစသော အမှုတို့ကို ပြုခြင်းလည်းကောင်း။ ဧတံ၊ ဤသုံးပါးသည်။ ဥတ္တမံ၊ ကောင့်းမြတ်သော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ မင်္ဂလာပါပေတည်း။

စတုတ္ထဂါထာမှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့. . .

၁။ အဖိအဖကို ရိုသေစွာ လုပ်ကျွေးပါ။

၂။ သားမယားတို့အား ချီးမြှောက် ထောက်ပံ့ပါ။

၃။ အပြစ်ကင်းတဲ့ လုပ်ငန်းများကို ကျေပွန်အောင် လုပ်ကိုင်ပါ - ဆိုတဲ့ မင်္ဂလာတရား (၃) ပါး ဖြစ်ပါတယ်။ ဒီ မင်္ဂလာတရားများကတော့ "လောကမှာ ပြုစုစောင့်ရှောက် လုပ်ကိုင်ရမယ့် တာ၀န်တွေကို ကျေပွန်စွာ ဆောင်ရွက်ကြဖို့" လမ်းညွှန်မှုပေးထားတဲ့ မင်္ဂလာတရားများ ဖြစ်ကြပါတယ်။

## အမိအဖ လုပ်ကျွေးကြ
[မာတာပိတု ဥပဋ္ဌာန်-မင်္ဂလာ-၁၁။]

အမိအဖတို့ဟာ အနန္တော အနန္တငါးပါး အပါအဝင် ကျေးဇူးရှင်ကြီးများ ဖြစ်ကြပါတယ်။ မိဘတို့ရဲ့ ကျေးဇူးတရား ကြီးမားလှပုံဟာ ဂဏန်းချပြီး ရေတွက်လို့ပင် မရနိုင်ပါဘူး။ မွေးတဲ့ကျေးဇူး၊ ကျွေးတဲ့ကျေးဇူး တွေဟာ အတိုင်းအဆ မရှိနိုင်အောင်ဘဲ ကြီးမား များပြားလှပါတော့တယ်။

မိဘများဟာ သားသမီးများရဲ့ အရှေ့အရပ် မည်ပါတယ်။ မိဘများအား ပြုစုလုပ်ကျွေးခြင်းဟာ အရှေ့အရပ်ကို ရှိခိုးခြင်း ဖြစ်ပါတော့တယ်။ ပြီးတော့ မိဘများဟာ သားသမီးများအပေါ် ဗြဟ္မဝိဟာရတရား ပွားများကာ နေနိုင်ကြသောကြောင့် သားသမီးများရဲ့ ဗြဟ္မာကြီးများလည်း ဖြစ်ကြပါတယ်။ ဒါ့အပြင် မိဘ များဟာ သားသမီးများရဲ့ လက်ဦးနတ်၊ လက်ဦးဆရာလည်း မည်ထိုက်ပါပေတယ်။

သားသမီးများက အဝေးမှ ဆောင်ယူလာခဲ့တဲ့ ဝတ္ထုပစ္စည်းတို့ဖြင့် ရိုသေစွာ လုပ်ကျွေးပြုစုမှုကို ခံယူထိုက်သူများ ဖြစ်ကြတဲ့အတွက် "အာဟုနေယျပုဂ္ဂိုလ်" များလည်း မည်ထိုက်ပါတယ်။ အဝေးအရပ်မှ လာတဲ့ ဆွေမျိုးဧည့်သည်များအတွက် ရည်ရွယ်ထားတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းစုတို့ကို ခံယူထိုက်သူများ ဖြစ် သောကြောင့် "ပါဟုနေယျပုဂ္ဂိုလ်" များလည်း မည်ထိုက်ပါပေတယ်။

ဒါကြောင့် မိဘများကို ပြုစုလုပ်ကျွေးခြင်းဟာ လောကီ လောကုတ္တရာ ချမ်းသာစီးပွား **အမှန်ပင်**

တိုးပွား၍ အကျိုးများမယ့်အပြင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့ကိုလည်း ချက်ချင်းလက်ငင်း ရရှိခံစားကြရမှာ အမှန်မလွဲ ဖြစ်ပါတော့တယ်။

## သောဏ, နန္ဒ ဝတ္ထု သာကေရှ

ရှေးတုန်းက ဗြဟ္မဝဒ္ဓနပြည်မှာ သောဏပဏ္ဍိတနဲ့ နန္ဒပဏ္ဍိတဆိုတဲ့ ရသေ့နှစ်ပါး ရှိခဲ့ကြပါတယ်။ သူတို့ဟာ လူ့ဘဝတုန်းကလည်း မိဘနှစ်ပါးကို ရိုသေစွာ လုပ်ကျွေးခဲ့ကြပါတယ်။ ရှိတဲ့ ပစ္စည်းဥစ္စာ ကုဋေရှစ်ဆယ်ကျော်ကို စွန့်ကြပေးကမ်း လှူဒါန်းပြီး ရသေ့ရဟန်းဝတ်ကာ တောထွက်လာသော့လည်း မိဘနှစ်ပါးကို ဟိမဝန္တာတောထဲမှာ ရိုသေစွာ လုပ်ကျွေးကြပါတယ်။ ဘုရားလောင်း သောဏပဏ္ဍိတရသေ့က ဈာန်အဘိညာဉ်ဖြင့် ဝေးကွာတဲ့အရပ်ကို သွားပြီး ကောင်းမြတ်တဲ့ သြဇာခက်တွေနဲ့ ပြည့်ဝတဲ့ သစ်သီးတွေကို ဆောင်ယူလာပြီး မိဘများကို ကျွေးမွေးပါတယ်။ ဒါပေမယ့် ညီဖြစ်တဲ့ နန္ဒပဏ္ဍိတက အနီးအနားမှာရှိတဲ့ တော်စွာလျော်စွာ သစ်သီးများကို ခူးဆွတ်ပြီး ဦးစွာ ကျွေးမွေးထားနှင့်ပြီးဖြစ်လို့ မိဘများဟာ မစားနိုင်ကြတော့ပါဘူးတဲ့။

ဒီအခါ သောဏပဏ္ဍိတက ညီတော်အား ဦးစွာ ကျွေးမထားနှင့်ဖို့ တားမြစ်ပါသတဲ့။ ဒါပေမယ့်

[၁၂] သောဏရသေ့က ဈာန်ဖြင့် ကောင်းမြတ်သော သစ်သီးများကို ရှာ၍ယူလာချိန်တွင် နန္ဒရသေ့က မိဘနှစ်ပါးအား မကောင်းလှသော သစ်သီးများဖြင့် ဦးစွာ ကျွေးမွေးထားနှင့်ပုံ။



ညီတော်နန္ဒပဏ္ဍိတက “ငါ အလျင်တင်ကူး၍ ဦးစွာကျွေးမွေးမှုကား ငါ့ကုသိုလ်ကောင်းမှုတည်း” လို့ နှလုံး ပိုက်ကာ ဦးစွာကျွေးထားမြဲ ကျွေးထားပါတယ်တဲ့။

ဒီအခါ နောင်တော်က ညီတော်အား စကားနားမထောင်တဲ့အတွက် “ဒီအရပ်မှာ မနေနဲ့တော့၊ မိဘနှစ်ပါးကို ငါသာလုပ်ကျွေးမယ်” ဆိုပြီး နှင်လိုက်ပါသတဲ့။ ညီတော်လည်း အစ်ကိုကြီးရဲ့ စကားကို မပယ် ရှားဝံ့တာနဲ့ အရပ်တစ်ပါးသို့ ထွက်ခွာသွားရရှာတယ်တဲ့။

အဲဒီနောက် ညီတော် နန္ဒပဏ္ဍိတဟာ ဈာန်အဘိညာဉ်ရအောင် မနေမနား ကြိုးစား အားထုတ်တဲ့ အတွက် မကြာမီ ဈာန်အဘိညာဉ် ရရှိလာပါသတဲ့။ ဈာန်အဘိညာဉ်ဖြင့် တစ်ရာ့တစ်ပါးသော မင်းများထံ သွားပြီး ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက် စည်းရုံးတိုင်ပင်ပါသတဲ့။ အဲဒီနောက် မင်းပရိသတ်များ ခြံရံကာ မိဘ နှစ်ပါးနဲ့ နောင်တော် သောဏပဏ္ဍိတရှိရာ ဟိမဝန္တာတောသို့ လာရောက်ခဲ့ကြပါသတဲ့။ ညီတော် နောင်တော် တွေ့ဆုံမိကြတဲ့အခါ ညီတော်က နောင်တော်အား ကန်တော့ပြီး “မိဘနှစ်ပါးကို ရိုသေစွာ လုပ်ကျွေးပါရစေ” လို့ အသနားခံ တောင်းပန်ရှာတယ်တဲ့။

နောင်တော်ကလည်း စိတ်ကျေအေးပြီ ဖြစ်တဲ့အတွက် တစ်ဦးလျှင် တစ်ပါးစီ ပြုစုလုပ်ကျွေးရန် သဘောတူပါတယ်တဲ့။ သို့သော်လည်း မိခင်ကို လုပ်ကျွေးရခြင်းက ပိုမိုအကျိုးများတဲ့အတွက် မိခင်ကို နှစ်ဦး စလုံးကပဲ လုပ်ကျွေးလိုကြသတဲ့။ ဒီအခါ မိခင်ကြီးက “သားကြီးမောင်သောဏ၊ မိခင်ဟာ မောင့်ညီ နန္ဒနဲ့ ခွဲခွာနေရတာ အတော်ကြာပါပြီ၊ သို့အတွက် နန္ဒသားထွေး လူကလေးက မိခင်ကို လုပ်ကျွေးပါစေ၊ ငါ့သားကြီး

က မောင့်ဖခင်ကြီးကို လုပ်ကျွေးပါ” လို့ အငယ်သားကို အသနားပိုကာ ပြောဆိုတဲ့အတွက် ညီငယ် နန္ဒပဏ္ဍိတ က မိခင်ကြီးကို လုပ်ကျွေးနိုင်ခွင့် ရရှိသွားပါတော့တယ်တဲ့။

ဘုရားလောင်း နောင်တော် သောဏပဏ္ဍိတက “ငါ့ညီ နန္ဒ၊ သင်ဟာ ကုသိုလ်ထူးလှ၍ အစ်ကိုကြီးရဲ့အဖို့ဘာဂကို ငါ့ညီ ရရှိလေပြီ။ ကျေးဇူးတော်ရှင် မွေးမိခင်ကြီးကို နေ့စဉ်အမြဲ စိတ်ဝဲ့ထက်ထက် မပျက်မကွက်ဘဲ အဖက်ဖက်မှ မချို့ရအောင် ကောင်းမွန်စွာ လုပ်ကျွေးပါ” စသည်ဖြင့် တရားဒေသနာများကို ဟောကြားတဲ့အခါ တစ်ရာ့တစ်ပါးသော မင်းများနှင့်တကွ ပရိသတ်များစွာတို့ဟာ ကြည်ညိုသဒ္ဓါ ပွားများကြပြီး သူတော်ကောင်းတရားနှင့် မိဘတို့အား လုပ်ကျွေးခြင်းမင်္ဂလာများကို အားပါးစိုက်ထုတ် ပြုလုပ်ကြတဲ့အတွက် နောင်တမလွန်ဘဝမှာ အထက်ဘုံနတ်နန်းသို့ ရွှင်လန်းကြည်သာ ရောက်ကြရပါတော့တယ်တဲ့။

## သားသမီးကို ထောက်ပံ့လို

[ပုတ္တဒါရဿသင်္ဂဟော-မင်္ဂလာ-၁၂။]

မိဘများက သားနဲ့သမီးများအပေါ် ကြည့်ရှုစောင့်ရှောက် ထောက်ပံ့ခြင်းဟာလည်း မင်္ဂလာတစ်ပါးပဲဖြစ်ပါတယ်။ သားသမီးများဟာ မိဘများရဲ့ အနောက်အရပ် ဖြစ်ပါတယ်။ သားသမီးများ အခြေခိုင်ခိုင် နေထိုင်နိုင်အောင် ထောက်ပံ့ထူထောင်ပေးခြင်းဟာ အနောက်အရပ်ကို လုံခြုံစေတာ မည်ပါတယ်။ တချို့မိဘ

များဟာ သားသမီးများကို ကျောင်းထားပေးရုံနဲ့ တာဝန်ကျေပြီရယ်လို့ ထင်မှတ်တတ်ကြပါတယ်။ သားသမီးများရဲ့ ပညာရေးသာမက ဘာသာရေး၊ စာရိတ္တ ကောင်းမွန်ရေး၊ ရှေ့ လူတစ်လုံး သူတစ်လုံးဖြစ်ရေးအတွက်ပါ ဂရုစိုက်ပြီး ထိန်းသိမ်း ထောက်ပံ့သွားကြမယ်ဆိုလျှင် သားသမီးများဟာ လူတော်လူကောင်းများ ဖြစ်လာကြပြီး အခြေခိုင်ခိုင် နေထိုင်နိုင်ကာ အဘက်ဘက်က တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြမှာ အမှန်ပါပဲ။

## မယားနဲ့လင် တူစေချင်

လင်ယောကျ်ားများက မိမိတို့ဇနီးမယားအပေါ် လင့်ကျင့်ဝတ်နဲ့အညီ ပြုစုစောင့်ရှောက် ကျွေးမွေးထောက်ပံ့တာဟာ မင်္ဂလာတစ်ပါးဖြစ်သလို ဇနီးမယားကလည်း လင်ယောကျ်ားအပေါ် မယားကျင့်ဝတ်နဲ့အညီ ကျွေးမွေးပြုစု ထောက်ပံ့တာဟာလည်း မင်္ဂလာတစ်ပါးပဲ ဖြစ်ပါတယ်။ "အသွင်မတူ အိမ်သူမဖြစ်" ဆိုတဲ့စကားဟာ ကောင်းမြတ်တဲ့ သဘောသဘာဝချင်း တူညီကြပါမှ မင်္ဂလာရှိသော အိမ်ထောင်စုတစ်ခု ဖြစ်စေမယ် ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောဆိုကြခြင်းပါပဲ။

---

[၁၃] **နကုလပိတာနှင့်** နကုလမာတာတို့က ဘုရားရှင်အား အပြိုင်အဆိုင် လျှောက်ထားနေကြပုံ။



## မောင်နှံမကွဲ တူယှဉ်တွဲ

ဘုရားရှင်လက်ထက်က နကုလပိတာနဲ့ နကုလမာတာလို့ဆိုတဲ့ သူကြွယ်လင်မယားဟာ ရှေးရှေးဘဝတွေကလည်း ဇနီးမောင်နှံ မကွဲမကွာ ဖြစ်လာခဲ့ကြပြီး ယခုဘဝမှာလည်း ဘုရားရှင်ကို ပထမဆုံး ဖူးမြင်ကြရတဲ့အခါကပင် သောတာပန်ကြီး ဇနီးမောင်နှံရယ်လို့ ဖြစ်ခဲ့ကြရပါတယ်။

သူတို့ ဇနီးမောင်နှံနှစ်ဦးစလုံးဟာ ဘဝပေါင်းများစွာက ဘုရားရှင်ရဲ့ မိဖအရင်းအဖြစ်နဲ့ ဘဝငါးရာတိုင်တိုင် ဆက်တိုက်ဖြစ်ခဲ့ဖူးကြပါတယ်။ ဘထွေး မိထွေးအဖြစ် ငါးရာ၊ ဘကြီး မိကြီးအဖြစ်က ငါးရာ၊ ဦးလေးနဲ့ အရီးအဖြစ်က ဘဝပေါင်း ငါးရာ ဖြစ်ခဲ့ကြပါတယ်။

ဒါကြောင့်မို့လို့ သူတို့ဇနီးမောင်နှံဟာ ဘုရားရှင်ကို သားအသွင် ချစ်ခင်ကြပြီး လွန်စွာ အကျွမ်းဝင်ကြတဲ့အတွက် လျှောက်ထားလိုရာကို ခြွင်းချက်မရှိ လျှောက်ထားလေ့ရှိခဲ့ကြပါတယ်။

အခါတစ်ပါးမှာ နကုလပိတာက လျှောက်ထားတာက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်ဟာ နကုလမာတာကို ငယ်ရွယ်စဉ်ကတည်းက လက်ထပ်ပြီးတော့ ပေါင်းသင်းလာခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး နကုလမာတာကလွဲရင် အခြားဘယ်အမျိုးသမီးကိုမှ စိတ်နဲ့တောင် မပြစ်မှားခဲ့ပါ ဘူး။ ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ဆိုတာကတော့ ဝေးပါသေးတယ်။ နကုလမာတာကို ဒီဘဝမှာလည်း အမြဲကြည့်နေချင်ပါတယ်။ နောင်ဘဝတွေမှာလည်း နကုလမာတာနဲ့မခွဲဘဲ အမြဲအတူနေချင်ပါတယ် ဘုရား" လို့ လျှောက်ထားခဲ့ပါတယ်။

ဒီအခါ အနီးအနားမှာရှိနေတဲ့ နကုလမာတာကလည်း အားကျမခံဘဲ သူ့စိတ်ရင်းအတိုင်း ပြန်လျှောက်ထားခဲ့ပါတယ်။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မကလည်း နကုလပိတာနဲ့ ငယ်စဉ်ကတည်းက အိမ်ထောင်ကျခဲ့ပါတယ်။ နကုလပိတာကလွဲလို့ ဘယ်ယောကျ်ားကိုမှ စိတ်နဲ့တောင် မပြစ်မှားခဲ့ပါဘူး။ နကုလပိတာကို ယခုဘဝမှာလည်း အမြဲတမ်း ကြည့်နေချင်ပါတယ်။ နောင်ဘဝတွေမှာလည်း နကုလပိတာနဲ့ပဲ အတူမခွဲဘဲ တွဲပြီး နေချင်ပါတယ်ဘုရား" လို့ လျှောက်ထားခဲ့ပြန်ပါတယ်။

ဒီအခါ ဘုရားရှင်က သူတို့စကားကို ပြန်လည်မိန့်ကြားတဲ့အနေနဲ့ မိန့်ကြားတော်မူတာကတော့ "ယခုဘဝမှာ စိတ်တူ သဘောတူ ကြည်ဖြူကြတဲ့ ဇနီးခင်ပွန်းတို့ဟာ နောင်ဘဝတွေမှာ မကွဲမကွာ ဖြစ်လိုကြလျှင် တစ်ယောက်နဲ့တစ်ယောက် သဒ္ဓါ, သီလ, စာဂ, ပညာတို့မှာ အရာရာတူညီစေရမယ်။ အိမ်ရှင်က သဒ္ဓါတရားကောင်းသလို အိမ်သူကလည်း သဒ္ဓါတရား ကောင်းစေရမယ်၊ အိမ်ရှင်က သီလစင်ကြယ်သလို အိမ်သူကလည်း သီလစင်ကြယ်စေရမယ်။ တစ်ယောက်က စွန့်ကြဲပေးကမ်း လှူဒါန်းပါလျှင် တစ်ယောက်က မတားမြစ်ရ။ "မယ်က ပေးလှူ မောင်ကြည်ဖြူ မောင်က လှူဒါန်း မယ်ရွှင်လန်း" ဖြစ်စေရမယ်၊ အသိအလိမ္မာ ဉာဏ်ပညာမှာလည်း အရာရာ တူမျှစေရမယ်" လို့ ဟောကြားတော်မူခဲ့ပါတယ်။

## သိကြားရှိခိုး ပုဂ္ဂိုလ်မျိုး

လင်ယောကျ်ားများဟာ မိမိတို့၏ ဇနီးမယားအပေါ် နှိပ်စက်ကလူ မပြုမူကြဘဲ ကောင်းမြတ်သော အသက်မွေးမှုနဲ့ ပြုစုလုပ်ကျွေးသင့်ကြပါတယ်။ အဲဒီလို ပြုစုလုပ်ကျွေးခြင်းဟာ မင်္ဂလာတရားနဲ့ ပြည့်စုံတာဖြစ်ပြီး နတ်လူ သာဓုခေါ်ဆိုကြမှာ အမှန်ပါပဲ။


သိကြားမင်း ရှိခိုးလေ့ရှိတဲ့ ပုဂ္ဂိုလ်များထဲမှာ "အိမ်ရာတည်ထောင် လူတို့ဘောင်မှာနေပြီး တရားသော အသက်မွေးမှုကို လုပ်ကိုင်ကာ မိမိတို့ဇနီးမယားကို ပြုစုလုပ်ကိုင် ကျွေးမွေးတဲ့ လူသူတော်ကောင်း ယောကျ်ားပုဂ္ဂိုလ်များ" လည်း ပါဝင်ပျက် ရှိပါတယ်။

## အပြစ်ကင်းတာ လုပ်ကိုင်ပါ

[အနာကုလာ စ ကမ္မန္တာ-မင်္ဂလာ-၁၃။]

လောကမှာ အသက်မွေးဝမ်းကျောင်းမှုအတွက် ရှာဖွေလုပ်ကိုင်တဲ့နေရာမှာ အပြစ်ကင်းစင်ပြီး တရားသဖြင့် လုပ်ကိုင်ရတဲ့လုပ်ငန်းကို ကျေပွန်အောင်မြင်စွာ လုပ်ကိုင်ရခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ။ သူတစ်ပါး

[၁၄] **အခစား ဝင်လုပ်နေသည့် ကုမ္ဘဃောသက၏** စကားပြောဆိုသံကို ဗိမ္ဗိသာရမင်းကြားရတဲ့အခါ ဤအသံကား ပစ္စည်းဥစ္စာကြွယ်ဝသူရဲ့ အသံဟု သိရှိတော်မူပုံ။



ပျက်စီးပါမှ မိမိကြီးပွားရမယ့် လုပ်ငန်းမျိုးဟာ အပြစ်ကင်းစင်တယ်လို့ မဆိုနိုင်ပါဘူး။ ဒါကြောင့် စင်ကြယ်တဲ့ အလုပ်, အပြစ်ကင်းတဲ့ အလုပ်, တရားသဖြင့် ရတဲ့ အလုပ်များဖြင့်သာ အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်သင့်ကြပါတော့တယ်။

## ကုမ္ဘဃောသက မှတ်သားကြ

ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်ပြည်မှာ ကုမ္ဘဃောသကဆိုတဲ့ လုလင်တစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူဟာ မိဘများ မြှုပ်နှံထားခဲ့တဲ့ ကုဋေလေးဆယ် ရှိပါလျက် ထုတ်ဖော်မသုံးစွဲဘဲ အခစားလုပ်ပြီး နေပါတယ်တဲ့။

တစ်နေ့. . သူ့အသံကို ဗိမ္ဗိသာရမင်းကြီး ကြားတဲ့အခါ "ဤအသံကား ပစ္စည်းဥစ္စာ ကြွယ်ဝသူရဲ့ အသံ" လို့ သိရှိပြီး နန်းတွင်းသူတစ်ယောက်ကို တိတ်တဆိတ် စုံစမ်းခိုင်းပါတယ်။ ပစ္စည်းဥစ္စာ ကြွယ်ဝသူ ဟုတ်မှန်တာကို သိရှိတော်မူပြီးနောက် ကုဋေလေးဆယ်သော ဥစ္စာတို့ကို ဖော်ထုတ်စေကာ သမီးတော်နဲ့ ပေးထိမ်းမြားပြီး သူဌေးရာထူးကိုလည်း ပေးလိုက်ပါတယ်တဲ့။

အဲဒီနောက် ကုမ္ဘဃောသကကို ဘုရားရှင်ထံခေါ်သွားပြီး "ဤသူကား ကုဋေလေးဆယ် ကြွယ်ဝချမ်းသာသူ ဖြစ်ပါလျက် ပလွှားခြင်းကင်းကွာ မာန်မာနမရှိ လွန်စွာ တည်ကြည်သောသူ ဖြစ်ပါတယ်ဘုရား" လို့ အကြောင်းစုံ အကုန် လျှောက်ထားခဲ့ပါတယ်တဲ့။

ဒီအခါ ဘုရားရှင်က "ဤကဲ့သို့ ဝီရိယလည်းရှိ, သတ္တိနှင့်လည်းပြည့်စုံ, ကိုယ်နှုတ်တို့ဖြင့် စင်ကြယ်သော အမှုတို့ကိုပြုကာ ပညာဖြင့် ဆင်ခြင်၍ တရားသဖြင့် အသက်မွေးသူအား အခြံအရံ ကျော်စောခြင်းများသည် တစ်နေ့တခြား တိုးပွားလေတော့၏" လို့ မိန့်ကြားတော်မူပြီး တရားဟောကြားတဲ့အခါ တရားအဆုံးမှာ ကုမ္ဘဃောသကဟာ သောတာပန် ဖြစ်သွားပါတယ်တဲ့။

ကဲ . . စတုတ္ထဂါထာအတွက် မင်္ဂလာဆောင်ပုဒ် ကဗျာလေးတွေ ဆိုပြီး နားကြပါဦးစို့။

### စတုတ္ထဂါထာ အညွန်းကဗျာ

စတုတ္ထဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
ကျေးဇူးဂုဏ်ရှင် မိဖများကို၊ ရိုသေလေးစား လုပ်ကျွေးကွယ်။
ကျက်သရေဖြာဖြာ ချမ်းသာပွားဖို့၊ သားမယားလည်း ချီးမြှောက်ကွယ်။
အပြစ်ကင်းစွာ လုပ်ငန်းများကို၊ တာဝန်ထမ်းလို့ ကျေစေကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

# "ပဉ္စမဂါထာ မင်္ဂလာ"

ဒါနဉ္စ ဓမ္မစရိယာ စ, ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အိုး . . နတ်သား။ ဒါနဉ္စ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းလည်းကောင်း။ ဓမ္မစရိယာ စ၊ သုစရိုက်ဆယ်ပါး မြတ်တရားကို ကျင့်သုံးခြင်းလည်းကောင်း။ ဉာတကာနံ၊ မိဘဘက်ဖဘက် အောက်ထက်စပ်တော် ဆွေမျိုးပေါက်ဖော်တို့ကို။ သင်္ဂဟော စ၊ ပေးကမ်းထောက်ပင့် ချီးမြှင့်ရခြင်းလည်းကောင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိ စ၊ ဥပုသ်စောင့်ခြင်း, ရေတွင်း ရေကန် ပန်းမာလ်ပြုပြင် လမ်းသုတ်သင်ခြင်း စသော အမှုတို့ကို ပြုရခြင်းလည်းကောင်း။ ဧတံ၊ ဤလေးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်သော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုး သတ်ဖြတ်, ကောင်းကျိုးကပ်ရာ မင်္ဂလာပါပေတည်း။

ပဉ္စမဂါထာမှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့ . .

၁။ စွန့်ကြဲပေးကမ်း လှူဒါန်းပါ၊

၂။ သုစရိုက်တရားကို ကျင့်ပါ၊

၃။ ဆွေမျိုးတို့ကို ထောက်ပံ့ပါ၊

၄။ အပြစ်မရှိသော အလုပ်တို့ကို လုပ်ပါ - ဆိုတဲ့ မင်္ဂလာတရား ၄-ပါး ဖြစ်ပါတယ်။ ဒီမင်္ဂလာတရား ၄-ပါးကတော့ "လောကမှာ အစဉ်အမြဲ ကျင့်သုံးလိုက်နာရန်" လမ်းညွှန်မှုပေးတဲ့ မင်္ဂလာတရားများ ဖြစ်ကြပါတယ်။

## လှူဒါန်းဒါန ပေးကမ်းကြ
## [ဒါနဥ-မင်္ဂလာ-၁၄။]

ဒါနဆိုတာ စွန့်ကြဲမှု, ပေးကမ်းမှု, လှူဒါန်းမှု ဖြစ်ပါတယ်။ ပေးလှူအပ်သူထံမှ တစ်စုံတစ်ခု ရလိုမှုကို မငဲ့ကွက်ဘဲနဲ့ ရက်ရက်ရောရော ပေးလှူမှုဟာ ဒါနမြောက်ပါတယ်။ ပေးလှူတဲ့နေရာမှာ အာမိသဒါန၊ ဓမ္မဒါနရယ်လို့ နှစ်မျိုးရှိပါတယ်။ အာမိသဒါန ဆိုတာကတော့ ပစ္စည်းအလှူ ဖြစ်ပါတယ်။ ဓမ္မဒါနဆိုတာကတော့ တရားအလှူပါပဲ။ လူအများ ယဉ်ကျေးလိမ္မာပြီး တရားစစ် တရားမှန်သိအောင် တရားဟောပြောမှု, စာပေကျမ်းဂန်ပြုစုမှု စသည်တို့ဟာ တရားအလှူ ဖြစ်ပါတယ်။

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဆိုတဲ့ ပစ္စည်းလေးပါးကို လှူဒါန်းကြတာကတော့ အာမိသဒါနလို့ ခေါ်ပါတယ်။ အာမိသဒါနမှာ အညံ့စားအလှူ-ဟီနဒါန၊ အလယ်အလတ် အလှူ-မဇ္ဈိမဒါန၊ အမြတ်စားအလှူ-ပဏီတဒါနရယ်လို့ သုံးမျိုးသုံးစား ကွဲပြားပါသေးတယ်။

ဒါနဆိုရင် ဘယ်ဒါနဖြစ်ဖြစ် အကျိုးပေးတာချည်းပါပဲ။ တိရစ္ဆာန်လေးတစ်ကောင်ကို ကျွေးမွေးစွန့်ကြဲရတဲ့ ဒါနသည်ပင် ဘဝများစွာ ကောင်းကျိုးချမ်းသာ ပေးစွမ်းနိုင်စွမ်း ရှိတယ်လို့ ဘုရားရှင် မိန့်ကြားတော်မူပါတယ်။ အကျင့်မြတ်ကိုဆောင်တဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များကို စေတနာသဒ္ဓါရွှင်လန်းစွာ လှူဒါန်းရတဲ့ ပါရမီကုသိုလ်ဒါနဟာဖြင့် ဘယ်လောက် အကျိုးပေးကြီးမား များပြားမယ်ဆိုတာ ခန့်မှန်းသာ ကြည့်ကြပါတော့။ ဒါကြောင့် ဒါနကို ပြုသင့်ပြုအပ်တယ်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဒါနကို ပြုကြလို့ လူ့စည်းစိမ် နတ်စည်းစိမ်တွေ ရရှိသွားကြတဲ့ ဝတ္ထုကြောင်းတွေကတော့ များပြားစွာရှိကြပြီး၊ လူအများလည်း သိရှိကြပြီးဖြစ်လို့မို့ အထူးဖော်ပြမနေတော့ပါဘူး။ ဒါနရှိသူနဲ့ ဒါနမရှိသူ နှစ်ဦးရဲ့ ဝတ္ထုကြောင်းကလေးကိုပဲ အနည်းငယ် ဖော်ပြပါတော့မယ်။

## ရဟန်းနှစ်ပါး ဖြစ်ပုံခြား

ကဿပဘုရားရှင်လက်ထက်က မိတ်ဆွေ ရဟန်းနှစ်ပါးတို့ ရှိခဲ့ကြပါတယ်။ တစ်ပါးက ဒါနကိုပြုပြီး တစ်ပါးကကော့ ဒါနကို မပြုဘူး။ သီလကိုတော့ နှစ်ပါးလုံး ပြည့်စုံအောင် ပြုခဲ့ကြပါတယ်။ အဲဒီ ရဟန်းနှစ်ပါးတို့ဟာ ကဿပဘုရားရှင်လက်ထက်မှ ဂေါတမဘုရားရှင်လက်ထက်တိုင်အောင် ဘဝများစွာ ကျင်လည်ခဲ့ကြ

[၁၅]ထီးဖြူဆောင်း ရွှေပုခက်စီးရတဲ့ မင်းသားက သစ်သားပုခက်စီးရတဲ့ အထိန်းတော်ရဲ့သားအား ပြောကြားတဲ့စကားများကို သုမနာဒေဝီ ကြားသိနားထောင်နေပုံ။



ရာမှ ဒါနကိုပြုတဲ့ ရဟန်းက အမြဲတမ်း အထက်တန်းကျပြီး စည်းစိမ်ချမ်းသာ ပိုမိုရရှိခဲ့ပါတယ်။

ဂေါတမဘုရားရှင်လက်ထက်တော်မှာ ဒါနပြုတဲ့ရဟန်းက ကောသလဘုရင်ရဲ့ နန်းတော်မှာ မင်းသား ဖြစ်ပြီး ဒါနမပြုတဲ့ရဟန်းက အထိန်းတော်ရဲ့သား ဖြစ်လာကြပါတယ်။ မင်းသားက ထီးဖြူဆောင်းရပြီး ရွှေပုခက်နဲ့အိပ်ရပါတယ်။ အထိန်းတော်ရဲ့ သားကတော့ ဘာထီးမှ မဆောင်းရဘဲ သစ်သားပုခက်နဲ့ အိပ်ရပါတယ်တဲ့။

တစ်နေ့မှာ. . . မင်းသားက အထိန်းတော်ရဲ့သားကို "ဟေ့-သူငယ်ချင်း၊ မင်း ငါ့စကား နားမထောင်လို့ ကြည့်စမ်းပါ၊ မင်းနဲ့ငါ ဘယ်လောက် ကွာသလဲ" စသည်ဖြင့် ပြောတဲ့အခါ၊ အထိန်းတော်ရဲ့သားက မလျှော့သေးဘဲ၊ အောက်ပင့်ခုပ်တဲ့အနေနဲ့ "ဘာထူးလို့လဲကွ၊ အားလုံး ခေတ်လေးပါးအစုအဝေးချည်းပါပဲ" စသည်ဖြင့် ပြန်ပြောလိုက်ပါသတဲ့။ သူတို့ပြောကြတဲ့ စကားကို ကောသလဘုရင်ရဲ့ သမီးတော် သုမနာဒေဝီက ကြားသွားပြီး ဘုရားရှင်အားလျှောက်ထားတဲ့အခါ ဘုရားရှင်က "ဒါနရှိသူဟာ ဒါနမဲ့သူထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်း [အာယု၊ ဝဏ္ဏ၊ သုခ၊ ယသ၊ အဓိပတေယျ] ဆိုတဲ့ အကျိုးငါးပါးဖြင့် ဘဝသံသရာ ကျင်လည်သည့်အခါ သာလွန် မြင့်မြတ်ကြောင်း" ကို ဟောကြားတော်မူပါတယ်။

မင်းသားနဲ့ အထိန်းတော်ရဲ့သားတို့ဟာ အသက်အရွယ် ရောက်တဲ့အခါ ရဟန်းပြုကြပြီး တရားအားထုတ်ကြတဲ့အတွက် နောက်ဆုံး အတူတူ ကျွတ်တမ်းဝင်သွားခဲ့ကြရပါတယ်တဲ့။

## သုစရိုက်တရား ကျင့်ပွားများ
[ဓမ္မစရိယာ စ-မင်္ဂလာ-၁၅။]

“ဒုစရိုက်ဆယ်ပါး, ရှောင်ကြဉ်ငြား ဆယ်ပါးသုစရိုတ်” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ၊ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်တာဟာ သုစရိုက်ဆယ်ပါး ဖြစ်ပါတယ်။ ကောင်းမွန်သော အကျင့်များဖြစ်တဲ့အတွက် “သုစရိတ-သုစရိုက်” လို့ ခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်။ လူ့ရွာ နတ်ရပ် ကောင်းမြတ်သော သုဂတိသို့ ရောက်ကြောင်း ဖြစ်တဲ့ ကုသိုလ်ကံများ ဖြစ်ကြတဲ့အတွက်ကြောင့် “ကုသလကမ္မပထတရား” လို့လည်း ခေါ်ပါတယ်။ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးရယ်လို့ သုစရိုက်တရား ၁၀-ပါး ရှိပါတယ်။

သုစရိုက်တရား ဆယ်ပါးဆိုတာတွေကတော့. . .

၁။ သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ခြင်း, သူ့ဥစ္စာခိုးမှုမှ ရှောင်ကြဉ်ခြင်း, သူ့သားမယား ကာမဂုဏ်၌ ယုတ်မာစွာ ပြုကျင့်မှုမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ကာယကံသုစရိုက် ၃-ပါး။

၂။ မဟုတ်မမှန် လိမ်လည်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း, ချောပစ်ကုန်းတိုက်မှုမှ ရှောင်ကြဉ်ခြင်း, ယုတ်ယုတ်မာမာ ဆဲဆိုမှုမှ ရှောင်ကြဉ်ခြင်း, အကျိုးမရှိ သိမ်ဖျင်းသော စကားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း ဆိုတဲ့ ဝစီကံ သုစရိုက် ၄-ပါး။

၃။ "သူတစ်ပါးပစ္စည်းကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွ" ဟု မတရားကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ "သူတစ်ပါးပျက်စီးသွားလျှင် ကောင်းလေစွ" ဟု ပြစ်မှားမှုမှ ရှောင်ကြဉ်ခြင်း၊ "ကံ၊ ကံ၏ အကျိုးမရှိ" ဟု အယူမှားမှုမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ မနောကံ သုစရိုက် ၃-ပါးတို့ ဖြစ်ကြပါတယ်။

## ဓမ္မပါလ နည်းယူကြ

သုစရိုက်ဆယ်ပါး စတဲ့ ကောင်းမှုကုသိုလ်တရားတွေကို လိုက်နာကျင့်ကြံ အားထုတ်တဲ့နေရာမှာ နည်းယူမှတ်သားဖွယ်ကောင်းမှုတဲ့ မဟာဓမ္မပါလဇာတ်တော်ကြီးကို အကျဉ်းချုံးပြီး ဖော်ပြပါမယ်။

ရှေးတုန်းက ဘုရားအလောင်းဟာ ကာသိတိုင်း ဓမ္မပါလရွာမှာ ဓမ္မပါလသတို့သားရယ်လို့ ဖြစ်ခဲ့ပါတယ်။ သူဟာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ အတတ်ပညာများကို သင်ကြားလျက်ရှိစဉ်မှာ ဆရာကြီးရဲ့ သားကြီးတစ်ယောက်ဟာ သေဆုံးသွားခဲ့ပါတယ်။ သူသာန်သို့လိုက်ပို့ကြတဲ့အခါ ဘုရားအလောင်း ဓမ္မပါလမှတစ်ပါး အားလုံးဟာ ငိုယိုခဲ့ကြပါတယ်။ အဲဒီအခါ ဆရာကြီးက ဓမ္မပါလကို "ဘာလို့ မငိုတာလဲ" လို့ မေးတော့၊ "သူတို့အမျိုးမှာ ငယ်ရွယ်သူများ မသေကြလို့ မငိုခြင်း ဖြစ်ပါတယ်" လို့ ပြန်ပြောပါတယ်။

---

[၁၆] ဒိသာပါမောက္ခဆရာကြီးရဲ့သား အသုဘချပနတွင် ဓမ္မပါလလုလင် မငိုဘဲနေသဖြင့် ဆရာကြီးက "ဘာလို့မငိုဘဲနေရတာလဲ" ဟု မေးမြန်းနေပုံ။



ဒီစကားကို ဆရာကြီးက မယုံကြည်ဘဲ စုံစမ်းလိုတဲ့ သဘောနဲ့ ဓမ္မပါလရဲ့ မိဘများထံသွားပြီး အရိုးတို့ကို ပြကာ "သင်တို့ရဲ့သား ဓမ္မပါလ သေပြီ" လို့ ပြောဆိုပါတယ်။

ဒီအခါ ဓမ္မပါလရဲ့ မိဘများက "ကျွန်ုပ်တို့သား သေပြီဆိုတာ မဟုတ်နိုင်ပါဘူး၊ ကျွန်ုပ်တို့အမျိုးမှာ ငယ်ရွယ်သူများ သေလေ့မရှိကြပါဘူး" လို့ ပြန်ပြောကြပါတယ်။ "အဘယ်ကြောင့် ငယ်ရွယ်သူများ မသေကြပါသလဲ" လို့ ဆရာကြီးက မေးမြန်းတဲ့အခါ ဓမ္မပါလရဲ့မိဘများက ပြောကြားတာကတော့ "ဆရာကြီး၊ ကျွန်ုပ်တို့ဟာ သုစရိုက်ဆယ်ပါး မြတ်တရားကို ကျင့်ကြံအားထုတ်ကြပါတယ်၊ စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းကြပါတယ်၊ သီလ, သမာဓိ, ပညာရှိအောင် ဆောင်ရွက်ကြပါတယ်၊ ကုသိုလ်ဆယ်ပါးကို အားထုတ်ကြပါတယ်၊ ဒါကြောင့် ကျွန်ုပ်တို့အမျိုးမှာ ငယ်ရွယ်သူများ မသေကြပါ" ’စသည်ဖြင့် ပြောကြားခဲ့ကြပါတယ်။

ဒီအခါ ဒိသာပါမောက္ခဆရာကြီးက "ကျွန်ုပ်လာခြင်းဟာ များစွာ အကျိုးရှိပေတယ်။ သင်တို့သား ဓမ္မပါလဟာ ကျန်းမာပကတိ ချမ်းသာစွာ ရှိပါတယ်၊ ကျွန်ုပ်ဟာ သင်တို့ကို စုံစမ်းလို၍ လာရောက်ခြင်းသာ ဖြစ်ပါတယ်။ သင်တို့စောင့်သော တရားများကို ကျွန်ုပ်အားလည်း ပေးကြပါ" ဆိုပြီး ပေမှာရေး၍ ယူဆောင်သွားခဲ့ပါတယ်။ ပညာသင်ကြားပြီးဖြစ်တဲ့ ဓမ္မပါလသတို့သားကိုလည်း အခြံအရံများနဲ့တကွ ပြန်လည် ပို့အပ်လိုက်ပါတယ်။

---

**[၁၇] ဘုရားအလောင်း ကျီးမင်းက ဘုရင်နှင့် ပရိသတ်တို့အား တရားဟောကြားနေပုံ။**



## ဆွေမျိုးဉာတကာ ထောက်ပံ့ပါ

[ဉာတကာနဥ္စ သင်္ဂဟော-မင်္ဂလာ-၁၆။]

မိမိတို့ရဲ့ မျိုးနွယ်စဉ်ဆက် ပေါက်ဖွားလာခဲ့ကြတဲ့ ဆွေမျိုးဉာတကာများအား တတ်စွမ်းသမျှ ထောက်ပံ့ကူညီခြင်းဟာလည်း ကောင်းမြတ်တဲ့ မင်္ဂလာတရား ဖြစ်ပါတယ်။ မိမိတို့ရဲ့ မျိုးနွယ်စဉ်ဆက် မျက်နှာမငယ် ဂုဏ်မငယ်ရအောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ သဘော၊ ဘေးရန်အန္တရာယ်တွေ ကျရောက်လာလျှင် ဝိုင်းဝန်းကာဆီးပေးကြပြီး ချို့တဲ့သွားလျှင် ဝိုင်းဝန်း ထူထောင်ပေးကြတဲ့ သဘောတွေဟာ ကောင်းမြတ်တဲ့ ယဉ်ကျေးမှု မင်္ဂလာအစဉ်အလာတစ်ရပ်ပင် ဖြစ်ပါတော့တယ်။

## ကျီးမင်းဘွဲ့ သာကေရှ

ဘုရားအလောင်း ကျီးမင်းဖြစ်ခဲ့စဉ်က ကျီးတစ်ကောင်ဟာ မင်းဆရာ ပုရောဟိတ်ရဲ့ ခေါင်းပေါ်ကို မစင်ပါချတဲ့အတွက် ပုရောဟိတ်က ကျီးတို့ကို ရန်ငြိုးဖွဲ့ခဲ့ပါတယ်။

တစ်နေ့မှာ . ဆင်တင်းကုပ် မီးလောင်သဖြင့် ဆင်များ အနာတရ ဖြစ်တဲ့အခါ မင်းဆရာက "ကျီးတို့ရဲ့အဆီနဲ့လိမ်းပြီး ဆေးကုသမှရမယ်" လို့ လျှောက်ထားလိုက်ပါတယ်။ ဒီအခါ ဘုရင်က ကျီးများကိုဖမ်းပြီး သတ်ကာ အဆီကို ရှာစေပါတယ်။ ဒါပေမယ့် အဆီကို မတွေ့ရပါဘူးတဲ့။ အဆီမတွေ့တိုင်း ကျီးများကို ဖမ်းပြီးသတ်ကြတဲ့အတွက် ကျီးများမှာ ကြီးစွာသော ဘေးအန္တရာယ်ကြီး ဆိုက်ရောက်လာပါတော့တယ်တဲ့။

ဒီအခါ ဘုရားအလောင်းကျီးမင်းဟာ “ငါမှတစ်ပါး ငါ့အဆွေအမျိုးများ၏ ဘေးရန်ကို ကာကွယ်နိုင်သူ မရှိပြီ” လို့ သိရှိပြီး လေသာပြူတင်းမှဝင်၍ မင်း၏ရှေ့တော်၌နားကာ “အရှင်မင်းကြီး၊ မင်းတို့မည်သည် စူးစမ်းဆင်ခြင်၍သာ ပြုရာ၏။ မစူးစမ်း မဆင်မခြင်ဘဲပြုသော် ကြီးစွာသော ဘေးရန်များ ဖြစ်တတ်ပါ၏။ ပုဏ္ဏားက ရန်ငြိုးထား၍ မဟုတ်မမှန်သော စကားကို ဆိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျီးမျိုးများမှာ အမြဲ ထိတ်လန့်သောနှလုံး ရှိပါကုန်၏။ လူများကို မညှဉ်းဆဲတတ်ကြပါ၊ ကျွန်ုပ်တို့ ကျီးမျိုးများမှာ ဘယ်အခါမှ အဆီ မရှိပါ” စသည်ဖြင့် တရားဟောကြားတဲ့အခါ ဘုရင်ဟာ သံဝေဂရကာ ငါးပါးသီလတည်ပြီး သတ္တဝါ အားလုံးကို ဘေးမဲ့ပေးခဲ့ပါတော့တယ်တဲ့။

## ပြစ်မဲ့အလုပ် ကြိုးအားထုတ်

[အနဝဇ္ဇာနိ ကမ္မာနိ-မင်္ဂလာ-၁၇။]

အပြစ်မဲ့တဲ့ အများကောင်းကျိုး အလုပ်များကို ကြိုးစားအားထုတ် ဆောင်ရွက်ခြင်းဟာလည်း ကောင်းမြတ်တဲ့ မင်္ဂလာတရား ဖြစ်ပါတယ်။ ရေတွင်းရေကန် တူးခြင်း၊ သစ်ပင်စိုက်ခြင်း၊ လမ်းပြုပြင်ခြင်း၊ တံတားခင်းခြင်း အစရှိတဲ့ အမှုကိစ္စများဟာ အများကောင်းကျိုးအတွက် ရှေ့ရှုဆောင်ရွက်ခြင်း ဖြစ်ကြတဲ့ အတွက် အပြစ်မရှိပါဘူး။ ဥပုသ်သီလ စောင့်ထိန်းခြင်းဟာလည်း အများရဲ့ကောင်းကျိုးဖြစ်တဲ့အတွက် အပြစ် မရှိပါဘူး။ အဲဒီလို အပြစ်မရှိတဲ့ အများကောင်းကျိုးလုပ်ငန်းများကို စေတနာသဒ္ဒါတရားမှန်မှန်ဖြင့် ဆောင်ရွက်

ကြမယ်ဆိုလျှင် လူနတ်တို့ ချစ်ခင်ခြင်း, ဂုဏ်သတင်းကျော်စောခြင်း, ကျက်သရေမင်္ဂလာတိုးပွားခြင်း, သူတစ်ပါးက အကောက်ကြံသော်လည်း မအောင်မြင်စေနိုင်ခြင်း, မိမိတို့ ပြုခဲ့သောအမှုကို ပြန်၍ အောက်မေ့တိုင်း ဝမ်းသာပီတိ ဖြစ်ရခြင်းစတဲ့ အကျိုးကျေးဇူးများကို လက်ငင်း ချက်ချင်း ရရှိခံစားစေနိုင်ကြပါတယ်။

## မာဃဝတ္ထု ခဲ့လေးပြု


ရှေးက မဂဓတိုင်း၊ မစလရွာမှာ မာဃအမည်ရှိတဲ့ လုလင်နဲ့ သူ့ရဲ့ ရဲဘော် သုံးဆယ့်သုံးယောက်တို့ ရှိခဲ့ကြပါတယ်။ သူတို့ဟာ တံမြက်လှဲခြင်း, လမ်းဖို့ခြင်း, ရေတွင်းရေကန် တူးခြင်း, ရေအိုးစင် တည်ခြင်း, တံတားခင်းခြင်း, ဇရပ်ဆောက်ခြင်း, အလှူပေးခြင်း, ဥပုသ်သီလစောင့်သုံးခြင်း စတဲ့ အများကောင်းကျိုး လုပ်ငန်းများကို မေတ္တာစေတနာ အလေးထားပြီး ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ရွာသားအများအပြားဟာလည်း မာဃရဲ့ အဆုံးအမခံတည်ကာ ဥပုသ်သီလ စောင့်ထိန်းလာခဲ့ကြပါတယ်။

ဒီအခါ ရွာသူကြီးဖြစ်သူက မရှုစိမ့်နိုင်ဖြစ်ပြီး ဘုရင်အား "မာဃနှင့် အပေါင်းပါတို့ဟာ လူစုပြီး ဖျက်ဆီးနေကြပါတယ်" လို့ လျှောက်ထားပါတယ်။ ဘုရင်ကလည်း မစုံစမ်းမဆင်ခြင်ဘဲ "မာဃတို့အား ဖမ်းဆီးပြီး ဆင်နဲ့ နင်းသတ်စေ" လို့ အမိန့်ပေးခဲ့ပါတယ်။

မာဃနဲ့ သုံးဆယ့်သုံးယောက်တို့ကို ဖမ်းဆီး, ကြိုးနဲ့တုပ်ပြီး ဆင်နဲ့ နင်းသတ်ဖို့ လုပ်တဲ့အခါ မာဃ

---

[၁၇] အများအကျိုးဆောင်၊ သာ မာဃနှင့် ရဲဘော်သုံးကျိပ်သုံးယောက်တို့အား ဆင်နှင့်နင်းသတ်ရန် ဖမ်းဆီးခေါ်ဆောင်လာကြပုံ။



ဘ "အို . . အမောင်တို့၊ ရွာသူကြီး၊ ဘုရင်နဲ့ဆင်တို့အပေါ် မေတ္တာပွားကြ" လို့ ပြောကြားခဲ့ပါတယ်။ သူတို့အားလုံးက အညီအမျှ မေတ္တာပွားကြတဲ့အခါ ဆင်များဟာ မနင်းဝံ့ကြဘဲ အဝေးကို ထွက်ပြေးသွားခဲ့ကြပါတယ်။ ဒီအခါ ဘုရင်က "သူတို့မှာ လက်ဖွဲ့ဆေးဝါး တစ်စုံတစ်ရာရှိလို့သာ ဆင်မနင်းဝံ့တာပဲ၊ ရှာကြစမ်း" ဆိုပြီး ရှာစေသော်လည်း ဘာလက်ဖွဲ့ဆေးဝါးမှ မတွေ့ကြတဲ့အခါ "သင်တို့မှာ မန္တရားများ ရှိပါသလား" လို့ မေးမြန်းပါတယ်။ မာဃတို့က "မန္တရား ရှိပါတယ်" လို့ ဆိုကြပါတယ်။ ဒီအခါ ဘုရင်က မန္တရားကို ရွတ်ဆိုပြဖို့ စေခိုင်းတဲ့အခါ မာဃက "အရှင်မင်းကြီး၊ ကျွန်ုပ်တို့ဟာ သူ့အသက်ကို မသတ်ကြပါ၊ သူ့ဥစ္စာကို မခိုးကြပါ၊ သူ့သားမယားကို မပြစ်မှားကြပါ၊ မုသားစကား မပြောကြားကြပါ၊ သေအရက် မသောက်ကြပါ၊ မေတ္တာပွားကြပါတယ်၊ အလှူပေးကြပါတယ်၊ လမ်းပြုပြင် ရှင်းလင်းကြပါတယ်၊ ရေတွင်းရေကန် တူးကြပါတယ်၊ ဇရပ်ဆောက်ကြပါတယ်" စသည်ဖြင့် ပြောကြားကာ ဤသည် ပင်လျှင် ကျွန်ုပ်တို့ရဲ့ မန္တရားဖြစ်ပါတယ်" လို့ လျှောက်ထားခဲ့ပါတယ်။

မာဃရဲ့စကားကို ကြားတဲ့အခါ ဘုရင်ဟာ လွန်စွာနှစ်သက်ကြည်ညိုပြီး ရွာသူကြီးကို သူတို့ရဲ့ အလုပ်အကျွေးအဖြစ် ပေးအပ်လိုက်ပါတယ်။ ဆင်ကိုလည်း သူတို့ကောင်းမှုပြုရာမှာ ကူညီစေဖို့ ပေးသနားလိုက်ပါတယ်။ မာဃတို့ဟာ အသက်ထက်ဆုံး အပြစ်မဲ့တဲ့ အများကောင်းကျိုးအလုပ်ကို အားထုတ်ဆောင်ရွက်ခဲ့ကြပြီး သေလွန်တဲ့အခါ မာဃက သိကြားမင်းကြီးဖြစ်ပြီး အခြားသုံးဆယ့်သုံးယောက်တို့က နတ်မင်းကြီးများဖြစ်ခဲ့ကြပါတယ်။

ဒါဟာ "အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်" ဆိုတဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာကြီးကို ရရှိခံစားရခြင်းပဲ ဖြစ်ပါတော့တယ်။

ကဲ. . . ပဋ္ဌမဂါထာအတွက် ဒီမျှနဲ့ပဲကျေနပ်ပြီး မင်္ဂလာဆောင်ပုဒ်ကဗျာကလေးတွေ ဆိုကြပါစို့။

## ပဋ္ဌမဂါထာ အညွှန်းကဗျာ

ပဋ္ဌမဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
ဒါနကိုသာ အစဉ်ပြုလို့၊ ကုသိုလ်ကောင်းမှု ရှိစေကွယ်။
သုစရိုက်ကိုသာ အစဉ်ပွားလို့၊ ကိုယ်နှုတ်စိတ်ထား ဖြူစေကွယ်။
ဆွေမျိုးညာတကာ ထောက်ပံ့ပြုလို့၊ ကုသိုလ်သာရ ခေါ်စေကွယ်။
အများရှင်လူ ချမ်းသာပွားလို့၊ ပြစ်မဲ့အလုပ်များ လုပ်ပါကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေ့စား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

# “ဆဋ္ဌဂါထာ မင်္ဂလာ”

အာရတီ ဝိရတီ ပါပါ, မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို. . နတ်သား။ ပါပါ၊ အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းမှုမှ။ အာရတီ စ၊ စိတ်ဖြင့် ဝေးစွာ ရှောင်ခွာရခြင်းလည်းကောင်း။ ဝိရတီ စ၊ ကိုယ်နှုတ်မကျူး အထူးကောင်းစွာ ရှောင်ခွာရခြင်းလည်းကောင်း။ မဇ္ဇပါနာ၊ ရူးသွပ်မေ့လျော့ကြောင်း မကောင်းစင်စစ်မူးယစ်ဆေးဝါးယစ်မျိုးများကို သုံးစားခြင်းမှ။ သံယမော၊ စိတ်ကိုချုပ်တည်း စောင့်စည်းခြင်းလည်းကောင်း။ **ဓမ္မေသု**၊ ဒါနသီလ စသည်ဆယ်ပါး ကုသိုလ်တရားတို့၌။ အပ္ပမာဒေါ စ၊ အရှည်မျှော်ကြည့် သတိမယွင်းမမေ့မလျော့ခြင်းလည်းကောင်း။ ဧတံ၊ ဤလေးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်လှစွာသော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ်, ကောင်းကျိုးကပ်ရာ သတ္တဝါအပေါင်း ကြီးပွားကြောင်း မင်္ဂလာပါပေတည်း။

ဆဋ္ဌဂါထာမှာ ဘုရားရှင် ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့. . .

၁။ မကောင်းမှုများကို မတွေ့ခင်က ကြိုတင်၍ ရှောင်ကြဉ်ပါ။

၂။ ကိုယ်နှုတ်ဖြင့် လွန်ကျူးဖို့ အခွင့်ကြုံလာလျှင်လည်း မကျူးလွန်မိအောင် အထူး ရှောင်ပါ။

၃။ မူးယစ်ဆေးဝါး ယစ်မျိုးများကို သုံးစားခြင်းမှ ရှောင်ကြဉ်ပါ။

၄။ ကုသိုလ်တရားတို့ကို မမေ့မလျော့ပါနှင့် - ဆိုတဲ့ မင်္ဂလာတရား ၄-ပါးတို့ ဖြစ်ကြပါတယ်။ ဒီတရား ၄-ပါးကတော့ လောကမှာ မင်္ဂလာရှိစေဖို့ "ရှောင်ကြဉ်ရန်တရား" တွေကို လမ်းညွှန်ပြထားတဲ့ မင်္ဂလာတွေပဲ ဖြစ်ပါတယ်။

## စိတ်ဖြင့် ကြိုတင် ရှောင်စေချင်
[အာရတိ-မင်္ဂလာ-၁၈။]

မကောင်းမှု အကုသိုလ်ကို ပြုလုပ်လိုက်ရမှာ ဝန်လေးနေတတ်တဲ့ စိတ်ကောင်းစိတ်မြတ်မျိုး ထားခြင်းဟာ ကောင်းမြတ်တဲ့မင်္ဂလာ ဖြစ်ပါတယ်။ မကောင်းမှုဟာ မကောင်းကျိုးကို ပေးတတ်တယ်ဆိုတာ အမြဲနှလုံးသွင်းပြီး မကောင်းမှုကို မပြုလုပ်မိအောင် ကြိုတင် ရှောင်ကြဉ်ထားခြင်းဟာ လွန်စွာ မှန်ကန် မြင့်မြတ်လှပါတယ်။

## ဂရုဓမ္မ ရှိကုန်ကြ

ရှေးက ဘုရားအလောင်းဟာ ကုရုတိုင်းမှာ ဘုရင်ဖြစ်ခဲ့ပြီး တရားနှင့်အညီ အုပ်ချုပ်ပါတယ်။ ငါးပါးသီလစတဲ့ "ဂရုဓမ္မ (ကုရုဓမ္မ)" ၌ တည်ကာ၊ မကောင်းမှုကို မပြုမိအောင် အထူး ရှောင်ကြဉ်ခဲ့ပါတယ်။ မြို့

တံခါးလေးမျက်နှာ၊ မြို့လယ်နဲ့ နန်းတော်တံခါးဝဆိုတဲ့ အရပ်ခြောက်ဌာနတို့မှာလည်း နေ့စဉ် အလှူကြီး ပေးပါတယ်။ ဒါကြောင့် ကုရုဓမ္မမင်းရဲ့ သတင်းဟာ အရပ်လေးမျက်နှာမှာ လွန်စွာထင်ရှား ကျော်ကြားခဲ့ပါတယ်။


အဲဒီအချိန်မှာ ကာလိင်္ဂတိုင်းဟာ မိုးခေါင်ရေရှားတဲ့အတွက် ငတ်မွတ်ခေါင်းပါးနေပါတယ်။ ကာလိင်္ဂမင်းဟာ မိုးရွာစေကြောင်း နည်းလမ်းကောင်းအမျိုးမျိုးနဲ့ ကြိုးစားရှာပါတယ်။ ဒါပေမယ့် မိုးမရွာလာပါဘူး။ ဆင်ဖြူတော်ရောက်လျှင် မိုးရွာမယ်ဆိုလို့ ကုရုတိုင်းမှ မင်္ဂလာဆင်တော်ကို အလှူခံပြီး ရရှိလာသော်လည်း မိုးဟာ ခေါင်မြဲခေါင်နေခဲ့ပါတယ်။

နောက်ဆုံး မင်္ဂလာဆင်ကို ပြန်အပ်ကာ "အရှင်မင်းကြီးတို့ စောင့်သုံးသော တရားများကို ပေးသနားပါ" လို့ လျှောက်ထားတဲ့အတွက် ကုရုတိုင်းဘုရင်က "ငါးပါးသီလ ဂုရုဓမ္မ" ကို ရွှေပြားမှာ ရေးပြီး ပေးလိုက်ပါတယ်။ ကာလိင်္ဂမင်းနှင့်တကွ တိုင်းသူပြည်သားများဟာ ငါးပါးသီလ ဂုရုဓမ္မကို ကျက်မှတ်ကြပြီး စောင့်ထိန်းကြတဲ့အခါ မိုးကြီးရွာပြီး အစာရေစာ ပေါများကာ အေးငြိမ်းသွားခဲ့ကြပါတော့တယ်။

ဒါဟာ "ကိုယ်ကျင့်သီလကြောင့် ရရှိရတဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာကြီး" ပဲ ဖြစ်ပါတယ်။

---

[၁၉] ကာလိင်္ဂမင်းကြီးနှင့်တကွ တိုင်းသူပြည်သားများသည် ငါးပါးသီလ ဂုရုဓမ္မကို ကျက်မှတ်ကြပြီး စောင့်ထိန်းကြသည့် **အခါ မိုးကြီးရွာပြီး အစာရေစာပေါများကာ** ချမ်းသာသွားကြပုံ။



## ကိုယ်နှုတ်လွန်ကျူး ရှောင်အထူး

[ဝိရတိ-မင်္ဂလာ-၁၉။]

အကုသိုလ် မကောင်းမှုလုပ်ငန်းများဟာ တစ်ခါတရံ တစ်စုံတစ်ခုသော ပယောဂကြောင့် ကျူးလွန်မိဖို့ အခွင့်ကြုံလာတတ်ကြပါတယ်။ အဲဒီအခါ ကြပ်ကြပ်သတိထားကြရပါလိမ့်မယ်။ အခွင့်အရေး ပေးလာလေလေ အထူးချုပ်တည်း ထိန်းသိမ်းပြီး ရှောင်နိုင်လေလေဟာ အကောင်းဆုံးပါပဲ။ ဒါဟာ အပြောလွယ်ပေမယ့် တကယ်တမ်းကျရင် ခက်လှပါတယ်။ တော်ရုံတန်ရုံ သီလရှိသူများပင် မထိန်းသိမ်းနိုင်ကြပါဘူး။ ပစ္စည်းလာဘ်လာဘ, ကာမဂုဏ် လာဘ်လာဘတွေနဲ့ တွေ့လိုက်ရတဲ့အခါ လက်လွှတ်မခံလိုကြဘဲ အဟောသိကံဖြစ်သွားတတ်ကြပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားက "အဲဒီလို အခွင့်ကြုံလာတဲ့အခါ မလွန်ကျူးမိဘဲ အထူး ရှောင်ကြဉ်နိုင်တာဟာ ကောင်းမြတ်လှတဲ့ မင်္ဂလာကြီးပါပဲ" လို့ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

## တစ်ခါတုန်းက ကြုံခဲ့ရ

ရှေးတုန်းက ကိမိလပြည်မှာ ဥပါသကာငါးရာတို့ဟာ စိတ်တူညီမျှရှိကြပြီး ကျောင်းဆောက်လှူဒါန်းကြကာ တရားနာယူလေ့ ရှိခဲ့ကြပါတယ်။ သူတို့ရဲ့ ဇနီးငါးရာ ဥပါသိကာမတို့ဟာလည်း ပန်းနံ့သာ လက်မှာစွဲပြီး ကျောင်းကို အမြဲလိုက်ကာ ဥပုသ်စောင့်သုံးခဲ့ကြပါတယ်။

[၂၀] ကိုယ်နှုတ်ကျူးလွန်ခဲ့သည့် ဥပါသိကာပြိတ္တာမအား ဆင်လောက်ရှိသည့် နားရွက်ပြတ် ခွေးနက်ကြီးက စိစိညက်ညက်ဝါးမျိုစားသောက်ရန် လိုက်နေပုံ။



ဒီအခါ အရက်မူးသမားတချို့က "ဥပါသိကာမတစ်ဦးကို ရအောင် ယူနိုင်, မယူနိုင်" လောင်းတမ်းစားတမ်း ပြုလုပ်ခဲ့ကြပါသတဲ့။ သူတို့အထဲက အမူးသမားတစ်ဦးဟာ တကယ်ပဲ ဖြားယောင်း သွေးဆောင်မှု ကျွမ်းကျင်တာကြောင့် ဥပါသိကာမတစ်ဦးကို မိမိအလိုသို့ လိုက်ပါစေခဲ့ပြီး သီလကို ပျက်ပြားသွားစေခဲ့ပါတယ်တဲ့။ ဒီအခါ အလောင်းအစားရှုံးတဲ့ အမူးသမားများက ဥပါသကာများကို သွားရောက်ပြောဆို တိုင်တန်းကြပါရောတဲ့။ ဥပါသကာများက လွန်ကျူးတယ်ဆိုတဲ့ ဥပါသိကာမကို စစ်မေးတဲ့အခါ "မဟုတ်ရပါဘူး၊ အကယ်၍ လွန်ကျူးမိတယ်ဆိုရင် နားရွက်ပြတ်တဲ့ ခွေးနက်ကြီးက ထိုထိုဘဝမှာ လိုက်ကာ ကျွန်မအသားကို အစားခံရပါစေသား" လို့ လိမ်လည်ပြောဆိုပြီး သစ္စာပြုခဲ့ပါသတဲ့။ သူမရဲ့အဖော် ဥပါသိကာမများကို စစ်မေးကြတဲ့အခါမှာလည်း အဖော်များက "ကျွန်မတို့ မသိရပါဘူး၊ သိလျက်သားနဲ့ မသိပါလို့ဆိုမိလျှင် ထိုမိန်းမရဲ့ ကျွန်မများ ဖြစ်ကြပါစေသား" လို့ လိမ်လည်ပြီး သစ္စာပြုခဲ့ကြပြန်တယ်တဲ့။

သူတို့အားလုံး သေလွန်သွားကြတဲ့အခါ အားလုံးဟာ ဝေမာနိက ပြိတ္တာမတွေ ဖြစ်ကုန်ကြရရှာပါတယ်။ ရှေးဘဝ ကုသိုလ်ကောင်းမှုလေး ရှိခဲ့လို့ နေ့မှာ နတ်စည်းစိမ်ကို စံစားကြရသော်လည်း ညအခါ ဆင်လောက်ရှိတဲ့ နားရွက်ပြတ် ခွေးနက်ကြီးတွေရဲ့ စိစိညက်ညက် မျိုဝါးစားသောက်ခြင်းကို ခံကြရရှာပါတယ်တဲ့။

## မူးယစ်စေတာ ရှောင်ကြဉ်ပါ

[မဇ္ဇပါနာ စ သံယမော-မင်္ဂလာ-၂၀။]

မူးယစ်စေတာမှန်သမျှ ဘယ်ဟာမှ မကောင်းကြပါဘူး။ လူအများကို စွဲစေပြီး မကောင်းမှုဘက်ကို တွန်းပို့နေကြတာချည်းပါပဲ။ အရက်, ဘီယာ, ထန်းရည်များသာ မူးယစ်စေတာ မဟုတ်ပါဘူး။ ဘိန်းဖြူ, ဆေးခြောက်, ပက်သဒင်း ဆိုတာတွေက ပိုပြီး ကြောက်စရာကောင်းလှတဲ့ မူးယစ်စေတဲ့ အရာတွေပါပဲ။ ခေတ်မီ ဆေးဝါးဆိုတဲ့ အိပ်ဆေး, စိတ်ငြိမ်ဆေးတွေဟာလည်း မူးယစ်စေတာတွေပါပဲ။ ကြာရှည်စွဲပြီး သုံးရင် ဒုက္ခရောက်ကြရတာချည်းပါပဲ။

မူးယစ်စေတာတွေကို သုံးစွဲမိရင် သတိလက်လွတ်ဖြစ်ပြီး ဘာမှ မစောင့်စည်းနိုင်ကြတော့ဘဲ ဖောက်လွဲဖောက်ပြန်, အရှက်တကွဲ, အကျိုးနည်း ဖြစ်ကြရတာချည်းပါပဲ။

## ရှင်သာဂတ မှားလေစွ

ဘုရားရှင်လက်ထက်က ပုထုဇဉ် ဈာန်အဘိညာဉ်ရတဲ့ အရှင်သာဂတမထေရ်ဆိုတဲ့ ရဟန်းတစ်ပါး ရှိခဲ့ပါတယ်။ အဲဒီ ရှင်ရဟန်းဟာ သရက်ပင်ဆိပ်မှ နဂါးမင်းနဲ့ တန်ခိုးချင်းပြိုင်တဲ့အခါ ကောင်းမွန်စွာ အနိုင်ရရှိပြီး ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်လာခဲ့ပါတယ်။ ကောသမ္ဗီပြည်သူတွေက ရှင်ရဟန်းအား သေအရက်တွေကို ကြည်ဖြူစွာ ဆက်ကပ်လှူဒါန်းလိုက်ကြပါတယ်။ အဲဒီအခါတုန်းက သိက္ခာပုဒ် မပညတ်ရသေးလို့ ရှင်ရဟန်း

ဟာ ကပ်လ္မျှသမျှ သေရည်အရက်တွေကို သောက်ခဲ့မိပါတယ်။ အရက်များ မူးရူးပြီးနေတဲ့အခါ ဈာန်အဘိညာဉ်လည်း ကွယ်ပျောက်ပြီး မြို့တံခါးဝအပေါက်မှာ လဲနေရှာပါတယ်။

ဘုရားရှင် ကြားသိတော်မူလို့ ရဟန်းများအား တွဲ၍ခေါ်လာရန် မိန့်ကြားတော်မူတဲ့အတွက် ရဟန်းများက တွဲခေါ်ယူလာပြီး ဘုရားရှင်ရှေ့မှောက်သို့ ရောက်လာပါတယ်။ ဘုရားရှင်ရဲ့ဘက်သို့ ဦးခေါင်းလှည့်ပြီး အချလိုက်မှာ ဦးခေါင်းဟာ ပြောင်းပြန်လည်သွားပြီး ဘုရားရှင်ရဲ့ဘက်သို့ ခြေထောက်ကြီး လှည့်ထားပါလေတော့တယ်။ အရက်မူးပြီး သတိမေ့လျော့ကာ ဘုရားမှန်းမသိ, တရားမှန်း မသိနိုင်လောက်အောင် ဖောက်လွဲဖောက်ပြန် ဖြစ်သွားရတဲ့ သာကေတစ်ရပ်ပါပဲ။

## မမေ့သတိ အစဉ်ရှိ

### [အပ္ပမာဒေါ စ ဓမ္မေသု-မင်္ဂလာ-၂၀။]

မြတ်စွာဘုရားရှင်က "မေ့လျော့ခြင်း၏ အပြစ်" နဲ့ "မမေ့လျော့ခြင်း၏ အကျိုး" များကို ဓမ္မပဒ-အပ္ပမာဒဝဂ်တစ်ခုလုံးဖြင့် အလေးအနက်ထားပြီး ဟောကြားတော်မူခဲ့ပါတယ်။ နေ့စဉ်နေ့တိုင်း ဆွမ်းခံရာကပြန်လာပြီး ခြေဆေးကျောက်ပျဉ်မှာ ရပ်တော်မူတိုင်း "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ - ရဟန်းတို့ မမေ့မလျော့သော သတိတရားဖြင့် ကုသိုလ်ကိစ္စကို ပြီးစီးပြည့်စုံကြစေကုန်" စသည်ဖြင့် မိန့်ကြားတော်မူလေ့

---

[၂၀] **အရက်မူးနေသည့်** ရှင်သာဂတသည် ဘုရားရှင်၏ရှေ့မှောက်တွင် ဖောက်လွဲဖောက်ပြန် ဖြစ်နေရှာပုံ။



ရှိခဲ့ပါတယ်။

နောက်ဆုံး ပရိနိဗ္ဗာန် ဝင်စံခါနီးအချိန်မှာပင် . . .

ဟန္ဒ ဒါနိ ဘိက္ခဝေ, အာမန္တယာမိ ဝေါ၊

ဝယဓမ္မာ သင်္ခါရာ, အပ္ပမာဒေန သမ္ပာဒေထ။

"ရဟန်းတို့၊ ယခုအခါ သင်တို့အား ငါဘုရားသိစေခဲ့မည်၊ သင်္ခါရတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏။ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ကုသိုလ်ကိစ္စကို ပြည့်စုံကြစေကုန်" လို့ အရေးအကြီးဆုံးဖြစ်တဲ့ နောက်ဆုံးအမှာစကားကိုပင် မိန့်ကြားသွားတော်မူခဲ့ပါသေးတယ်။

ဒါကြောင့် နာရီမိနစ် စက္ကန့်နဲ့အမျှ မေ့လျော့ခြင်းကို မဖြစ်ကြစေဘဲ သွားရင်းသတိ, စားရင်းသတိ, ထိုင်ရင်းသတိ, ရပ်ရင်းသတိ, လဲလျောင်းရင်းသတိ အမြဲရှိကြပြီး ကောင်းမြတ်တဲ့ မင်္ဂလာကြီးနဲ့ ပြည့်စုံကြပါစေ လို့ တိုက်တွန်း နှိုးဆော်လိုက်ရပါတော့တယ်။

**ရတနာသုံးပါး ဦးထိပ်ထား**

ရှေးက ရာဇဂြိုဟ်ပြည်မှာ ထင်းခုတ်သမား သားအဖနှစ်ယောက်တို့ ရှိခဲ့ကြပါတယ်။ သူတို့ဟာ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ပြီး အမြဲဦးထိပ်ထားတဲ့သူများ ဖြစ်ကြပါတယ်။

---

[၂၂] **ဘီလူးနှစ်ယောက်က သူငယ်ကလေးကို တွေ့ရှိသွားကြပြီး ဘီလူးတစ်ယောက်က စားမယ်ဝါးမယ်ဟု ကလေး၏ ခြေထောက်ကို ဆွဲယူနေပုံ။**



တစ်နေ့ . . သူတို့နှစ်ဦး တောထဲ ထင်းခုတ်သွားပြီး ညနေအိမ်ပြန်လာကြတဲ့အခါ မြို့နားကို ရောက်တော့ နွားတွေက အတင်းရုန်းပြီး မြို့ထဲသို့ ဝင်ပြေးသွားကြပါတယ်။ အဲဒီအခါ ဖခင်ဟာ လှည်းနဲ့သားကို မြို့ပြင်မှာထားခဲ့ရပြီး နွားတွေကို မြို့ထဲ ဝင်ဖမ်းခဲ့ရပါတယ်။ နွားတွေကို ဖမ်းမိပြီး ပြန်လာတော့ မြို့တံခါး ပိတ်တာနဲ့ ကြုံနေလို့ မြို့ပြင်ကို ပြန်မထွက်နိုင်ရှာတော့ဘူးတဲ့။

မြို့အပြင်ဘက်မှာ သားကလေးတစ်ယောက်ထဲ ကျန်ခဲ့ပြီး ညကလည်း တဖြည်းဖြည်း မှောင်လာပါတော့တယ်။ ဒီအခါ သားကလေးဟာ "ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ တရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ သံဃာမှတစ်ပါး ကိုးကွယ်ရာမရှိ" ဆိုတဲ့ . . .

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊

ဓမ္မော မေ သရဏံ အညံ နတ္ထိ၊

သံဃော မေ သရဏံ အညံ နတ္ထိ - ဆိုတဲ့ ဂါထာလေးကို ရွတ်ရွတ်ပြီး ကုသိုလ်တရားပွားများကာ အိပ်မောကျသွားခဲ့ရှာပါလေတော့တယ်တဲ့။

ညကျတော့ တောထဲမှာ အစာရှာထွက်လာခဲ့ကြတဲ့ ဘီလူးနှစ်ယောက်တို့က သားကလေးကို တွေ့ရှိသွားခဲ့ကြပြီး ဘီလူးတစ်ယောက်က စားမယ်ဝါးမယ်လို့ ကလေးရဲ့ ခြေထောက်ကို ဆွဲပါလေရောတဲ့။

ဒီအခါ ကလေးက ယောင်ပြီး "ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ" လို့ သူရွတ်နေကျ ဂါထာလေးကို ရွတ်လိုက်မိသတဲ့။ ကျန်ဘီလူးက ဘုရားကြည်ညိုတဲ့ ဘီလူးဖြစ်နေလို့ ကလေးကို မစားဖို့ တားဆီးပြီး ခိုးကျုး

ဂုဏ်ပြုတဲ့အနေနဲ့ ဘုရင့်ရဲ့ ပွဲတော်အုပ်တွေကိုယူပြီး ကျွေးမွေးခဲ့ပါလေသတဲ့။ ဒါဟာ "ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ရခြင်းရဲ့ အကျိုး၊ မမေ့မလျော့ခြင်းရဲ့ အကျိုးပဲ" ဆိုတာ သက်သေ သာဓက ပြနေပါတယ်။

ကဲ . . . ဆဋ္ဌဂါထာအတွက် မင်္ဂလာဆောင်ပုဒ် ကဗျာလေးတွေ ဆိုကြဦးစို့။

## ဆဋ္ဌဂါထာ အညွှန်းကဗျာ

ဆဋ္ဌဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
မကောင်းမှုတွေကို မလုပ်မှားဖို့၊ ကြိုတင်စိတ်ထား မြဲကြကွယ်။
တွေ့ကြုံတဲ့အခါ ကြဉ်ရှောင်ရှားလို့၊ ကိုယ်နှုတ်မမှား စောင့်စည်းကွယ်။
အရက်၊ ဘိန်းဖြူ၊ ဆေးဝါးများကို၊ သောက်စားသုံးစား မပြုနဲ့ကွယ်။
ကုသိုလ်တရားကို မမေ့မှားလို့၊ သတိတရား ရှိကြကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

## "သတ္တမဂါထာ မင်္ဂလာ"

ဂါရဝေါ စ နိဝါတော စ, သန္တုဋ္ဌီ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လားငြား အို. . နတ်သား။ ဂါရဝေါ စ၊ ရိုသေထိုက်ငြား ကြီးသူများကို လေးစားဝပ်စင်း ရိုသေရခြင်းလည်းကောင်း။ နိဝါတော စ၊ မိမိကိုယ်ကို မောက်မို့တက်ကြွ မရှိရဘဲ မာနပယ်ခွင်း နှိမ့်ချရခြင်းလည်းကောင်း။ သန္တုဋ္ဌီ စ၊ ရရှိသမျှ ပစ္စယဖြင့် လောဘကိုပယ် ရောင့်ရဲလွယ်ရခြင်းလည်းကောင်း။ ကတညုတာ စ၊ ပြုအပ်ပေဖူး သူ့ကျေးဇူးကို အထူးဆင်ခြင် သိမြင်တတ်သူ၏ အဖြစ်လည်းကောင်း။ ကာလေန၊ မိစ္ဆာဝိတက် နှောင့်ယှက်ဝင်လာ လျှောက်ပတ်သောအခါ၌။ ဓမ္မဿဝနဉ္စ၊ ကောင်းစွာဟောကြား မြတ်တရားကို မှတ်သားကြည်ဖြူ နာယူခြင်းလည်းကောင်း။ ဧတံ၊ ဤငါးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်လှစွာသော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ်, ကောင်းကျိုးကပ်ရာ သတ္တာအပေါင်း ကြီးပွားကြောင်း မင်္ဂလာပါပေတည်း။

သတ္တမဂါထာမှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူထားတဲ့ မင်္ဂလာတရားတွေကတော့. . .

၁။ ရိုသေထိုက်သူ လူကြီးသူမတို့ကို ရိုသေပါ။

၂။ မာနမရှိ မိမိကိုယ်ကို နှိမ့်ချပါ။

၃။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ပါ။

၄။ ပြုအပ်ဖူးသော သူ့ကျေးဇူးကို သိတတ်ပါ။

၅။ သင့်လျော်သောအခါ တရားနာပါ - ဆိုတဲ့ မင်္ဂလာတရား (၅) ပါးတို့ ဖြစ်ကြပါတယ်။ ဒီမင်္ဂလာတရား (၅) ပါးကတော့ "စိတ်သဘောထား မြင့်မြတ်မှန်ကန်ရန်" လမ်းညွှန်မှုပေးတဲ့ မင်္ဂလာတရားတော်များ ဖြစ်ကြပါတယ်။

## လူကြီးသူမ ရိုသေကြ

[ဂါရဝေါစ-မင်္ဂလာ-၂၂။]

မိမိတို့ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူများကို ရိုသေလေးစားခြင်းဟာ ကောင်းမြတ်မှန်ကန်တဲ့ မင်္ဂလာတရား ဖြစ်ပါတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့ လူသားတိုင်းရဲ့ အစဉ်အလာတစ်ရပ်လည်း ဖြစ်ပါတယ်။

ဒါကြောင့် လူကြီးသူမများကို မရိုမသေ မလေးမစား မပြုအပ်ပါဘူး။ မခန့်လေးစား မပြောဆိုအပ်ပါဘူး။ ဂါရဝတရား ရှေ့ထားပြီး အစဉ်လေးစား ရိုသေစွာ ဆက်ဆံသင့်ကြပါတယ်။

## သူ့အိုးကိုကြည့်စား မင်းတစ်ပါး

ရှေးတုန်းက လူအိုများ, တိရစ္ဆာန်အိုများ, ရထားလှည်းအိုများကိုတွေ့လျှင် အလွန်ကျီစားသန်လှတဲ့ မင်းပျိုလုလင်တစ်ပါး ရှိခဲ့ပါတယ်။ သူဟာ လမ်းမှာ ကတုန်ကယင်နဲ့ လာနေတဲ့ အဘိုးအို၊ အဘွားအိုများကို တွေ့လျှင် တွန်းထိုးပြီး လဲကျသွားတဲ့အခါ တဟားဟား ရယ်မောပါတယ်။ ကလိထိုးပြီး အတင်းရယ်ခိုင်းချင်လည်း ခိုင်းစေပါတယ်။ ခြောက်လှန့်လို့ ကြောက်လန့်တကြား ထွက်ပြေးသွားရင်လည်း အူတက်မတတ် ရယ်မောပါတယ်။ ဒါ့အပြင် အဘိုးအိုအဘွားအိုများကို လက်ဝေ့ထိုးခိုင်းပါတယ်။ နပန်းသတ်ခိုင်းပါတယ်။ သီချင်းဆိုခိုင်းပါတယ်။ အကခိုင်းချင်ရင်လည်း မင်းအာဏာနဲ့ ခိုင်းစေပါတယ်။ ဒါကြောင့် အဘိုးအို အဘွားအိုများဟာ ထိတ်လန့်ကြောက်ရွံ့ခဲ့ကြပြီး လုံခြုံရာအရပ်မှာ ပုန်းအောင်းနေခဲ့ကြရရှာပါတယ်။

တစ်နေ့မှာ မင်းပျိုလုလင်ဟာ ပွဲလမ်းသဘင် ဆင်ယင်စေပြီး လှည့်လည်ကြည့်ရှုတဲ့အခါ တစ်နေရာအရောက်မှာ အဘိုးဘိုတစ်ဦးဟာ နွားအိုဆွဲတဲ့ လှည်းအိုကြီးကို သူ့ရှေ့မှ လျှင်မြန်စွာဖြတ်ပြီး မောင်းသွားတာကို တွေ့လိုက်ရပါတယ်။ ဒီအခါ မင်းချင်းများကို လိုက်ခိုင်းသော်လည်း လျှင်မြန်လွန်းလှလို့ မှီအောင် မလိုက်နိုင်ကြဘူးတဲ့။ အဘိုးအိုဟာ လှည့်ပတ်ပြီး မောင်းနေရာက ဘုရင့်အနားကို ကပ်လာပြီး ဘုရင့်ကို ရက်တက်ရည်နဲ့ ရုတ်တရက် လှမ်းပက်လိုက်ပါတယ်တဲ့။

---

[၂၃] အကျီစားသန်သော မင်းပျိုလုလင်တစ်ပါးက အဘိုးအိုအဘွားအိုများအား အကခိုင်း,အဆိုခိုင်း,နပန်းသတ်ခိုင်းနေပုံ။



ဒီအခါ ဘုရင်ဟာ ဒေါသူပုန်ထပြီး သူကိုယ်တိုင် ဆင်ကိုချွန်းဖွင့်၍ လိုက်ပါတော့တယ်။ ဒါပေမယ့် အဘိုးအိုရဲ့ နွားအိုဆွဲတဲ့ လှည်းအိုကြီးဟာ ဣန္ဒာတန်ခိုးရှင်က ဖန်ဆင်းထားတာ ဖြစ်တဲ့အတွက် အင်မတန် လျင်မြန်လွန်းလှလို့ ဘယ်လိုမှ လိုက်မမှီပါဘူးတဲ့။

နောက်ဆုံး ဘုရင်လည်းမော ဆင်လည်းမော ဖြစ်လာတဲ့အခါမှ ဘုရင့်နားကို အဘိုးအို ချဉ်းကပ်လာတဲ့အခါ ဘုရင်က "ဟယ်-အဘိုးအို၊ ငါဘုရင်ကို အဘယ်ကြောင့် ရက်တက်ရည်နဲ့ ပက်ရသလဲ" လို့ မေးပါတယ်။ အဘိုးအိုက "သင်ကော အဘယ်ကြောင့် လူအိုများကို ကျီစားရပါသလဲ" လို့ ပြန်လှန် မေးမြန်းပါတယ်။

ဒီအခါ ဘုရင်က "ငါ ပျော်ရွှင်ရယ်မောလိုလို့ ကျီစားတယ်" လို့ ပြန်ပြောတဲ့အခါ အဘိုးအိုက "ငါလည်း သင့်ကို ဆုံးမလိုလို့ ပက်တယ်၊ သင်ဟာ သက်ကြီးရွယ်အိုတွေကို မရိုမသေ ပြုတယ်၊ မဖွယ်မရာ ကျီစားနောက်ပြောင်တယ်။ ရယ်မောစရာအဖြစ် သဘောထားနေတယ်။ တစ်နေ့သောအခါ သင်ကော မအို ရတော့ဘူးလား။ အိုခြင်းတရားဟာ သင့်ထံကို တရွေ့ရွေ့ လာနေပြီ၊ နောင်လာမည့် နှစ်အနည်းငယ်ကို မျှော်ကြည့်ပြီး သတိရစမ်းပါ" စသည်ဖြင့် တရားဟောကြားတဲ့အခါ ဘုရင်ဟာ ထိတ်လန့်တုန်လှုပ်သွားပြီး သတိတရားရကာ ဆင်ထက်မှဆင်း၍ သူ့အား ခွင့်လွှတ်ဖို့ ရှိခိုးတောင်းပန်ပါတော့တယ်။

ဒါကြောင့် တို့လူငယ်ကလေးများလည်း ကိုယ့်ထက် တစ်နေ့၊ တစ်ရက်၊ တစ်မနက် ကြီးသူကစပြီး သက်ကြီးရွယ်အို အဘိုးအို အဘွားအိုများ အားလုံးကို ဂါရဝတရား ရှေ့ထားပြီး မင်္ဂလာတရားနှင့်အညီ ရိုသေလေးစားသင့်ကြပါတော့တယ်။

## မာနမရှိ နှိမ့်ချဘိ
[နိပါတော်-မင်္ဂလာ-၂၃။]

မိမိကိုယ်ကို မာန်မာနမထောင်လွှားဘဲ "ခြေသုတ်ပုဆိုး၊ ခြော့စွယ်ကျိုးနှင့်၊ ချိုကျိုးနွားလား၊ ပမာထား လျက်" နှိမ့်ချထားခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာဖြစ်ပါတယ်။ မာန်မာန မရှိသူဟာ လူချစ်လူခင် ပေါ်များ ပြီး ကျော်စောသတင်း ထုံသင်းပျံ့လှိုင်မှုကို ရရှိတတ်ကြပါတယ်။

## မာနနှိမ့်ချ ပေါဋ္ဌိလ

ဘုရားရှင်လက်ထက်က ပိဋကတ်သုံးပုံကို ဆောင်တော်မူတဲ့ အရှင်ပေါဋ္ဌိလဆိုတဲ့ ရဟန်းကြီးတစ်ပါး ရှိခဲ့ပါတယ်။ ပေါဋ္ဌိလကြီးဟာ ပရိယတ္တိဘက်မှာ တော်ပေမယ်လို့ ပဋိပတ္တိတရားအလုပ် အားထုတ်မှုကိုတော့ မပြုခဲ့ပါဘူးတဲ့။ ဒီအခါ မြတ်စွာဘုရားရှင်က တုစ္ဆပေါဋ္ဌိလ၊ မောဃပေါဋ္ဌိလ၊ အလကား ပေါဋ္ဌိလလို့ ခေါ်တော်မူ တဲ့အတွက် ထိတ်လန့်မှုဖြစ်ပြီး ဂိုဏ်းသံဃာတို့ကို စွန့်ပစ်ကာ တောကျောင်းသို့ ထွက်ခွာသွားခဲ့ပါတယ်။

တောကျောင်းများသို့ ရောက်တဲ့အခါ တရားအားထုတ်ဖို့ ရဟန်းတော်များထံ ကမ္မဋ္ဌာန်း တောင်းခံ ပါတယ်။ ဒါပေမယ့် ရဟန်းတော်များက သူ့ကို မာနကျစေရန် ကမ္မဋ္ဌာန်းမပေးကြဘဲ အဆင့်ဆင့်သာ လမ်းညွှန် ပြခဲ့ကြပါတယ်။ နောက်ဆုံး ရဟန္တာသာမဏေငယ်လေးထံသို့ ရောက်ရှိတဲ့အခါ သာမဏေငယ်က ပေါဋ္ဌိလ


ကြီးကို **မာန**ကျအောင်ပြုလုပ်ပြီး “ခြောက်ပေါက်ရှိသော တောင်ပို့၌ တစ်ပေါက်ဖြင့် ဖွတ်ဝင်သွားသည်ရှိသော် **ငါးခုသော**အပေါက်တို့ကို ပိတ်ဆို့၍ ဝင်သောတစ်ပေါက်ဖြင့်သာ ထွက်လာသောဖွတ်ကို မိအောင်ဖမ်းပါ” **လို့ ကမ္မ**ဋ္ဌာန်းပေးတဲ့အခါ ပရိယတ္တိဉာဏ်ထက်သန်တဲ့ ပေါဋ္ဌိလအရှင်ကြီးဟာ ထိုမျှလောက်ဖြင့် သိရှိတော်မူ**ပြီး ကမ္မ**ဋ္ဌာန်းတရားကို ကြိုးစားအားထုတ်ခဲ့ပါတယ်။ ရှင်တော်မြတ်ဘုရားကလည်း ကျောင်းတော်မှ **ရောင်ခြည်တော်**များကို လွှတ်တော်မူပြီး အရှင်ပေါဋ္ဌိလ်အနီး၌ ရပ်သကဲ့သို့ ဖြစ်တော်မူကာ တရားဟောကြားတော်မူခဲ့**ပါတယ်**။ အရှင်ပေါဋ္ဌိလကြီးဟာ မာန်မာနမရှိတော့ဘဲ ကမ္မဋ္ဌာန်းတရားကို ဝီရိယစိုက်ပြီး ကြိုးစားအားထုတ်ခဲ့တဲ့အတွက် ဉာဏ်စဉ်အဆင့်ဆင့်တက်ကာ ရဟန္တာဖြစ်တော်မူခဲ့ရပါတယ်။

## တင်းတိမ်ရောင့်ရဲ ချမ်းသာမြဲ

[သန္တုဋ္ဌိစ-မင်္ဂလာ-၂၄။]

ရသင့်ရထိုက်တာထက် ပိုမိုအလိုကြီးသောသူဟာ ရသင့်ရထိုက်တာကိုပင် မရတော့ဘဲ လက်လွှတ်လိုက်ရတာမျိုး ဖြစ်တတ်ပါတယ်။ နောင်တ, တစ်ဖန် ပူပန်ရတတ်ပါတယ်။ ရသမျှနှင့် ရောင့်ရဲ တင်းတိမ်ခြင်း

[၂၄]ပိဋကတ်သုံးပုံဆောင် ပေါဋ္ဌိလကြီးက မာန်မာနနှိမ့်ချပြီး ရဟန်းသာမဏေငယ်လေးထံမှ ကမ္မဋ္ဌာန်းတရား ယူခဲ့ပုံ။



ဟာ ပူပန်မှုကင်းရှင်းပြီး စိတ်နှလုံးကြည်လင်ချမ်းမြေ့ခြင်းဆိုတဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာကို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။

## အလိုကြီးက ဆုံးရှုံးရ

ဘုရားအလောင်း ရွှေဟင်္သာမင်းဖြစ်ခဲ့စဉ်က ဇာတိဿရဉာဏ်ကို ရတဲ့အတွက် ရှေးဘဝက ဇနီး ပုဏ္ဏေးမနှင့် သမီးသုံးယောက်တို့ ဆင်းရဲနေတာကို မြင်တော်မူပါတယ်။ ဒီအခါ ချမ်းသာစွာ အသက်မွေးရအောင် မိမိကိုယ်မှာပေါက်တဲ့ ရွှေအတောင်များကို တစ်တောင်စီ, တစ်တောင်စီ ချပေးတဲ့အတွက် မကြာမီ ပုဏ္ဏေးမ သားအမိတို့ဟာ ချမ်းသာကြွယ်ဝလာကြပါတယ်။

ဒါပေမယ့် ပုဏ္ဏေးမက အလိုလောဘကြီးကာ သမီးများကိုခေါ်ပြီး "သမီးတို့၊ သင်တို့ အဖ ရွှေဟင်္သာမင်း မလာလျှင် တို့ . ရကြတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီတစ်ခါလာလျှင် ရွှေဟင်္သာမင်းကို ဖမ်းပြီး အတောင်များကို နှုတ်ယူထားကြစို့" လို့ ပြောကြားပါတယ်။

သမီးများက "အကျွန်ုပ်တို့အဖ ပင်ပန်းပါလိမ့်မယ်၊ မလုပ်ပါနဲ့" လို့ တားမြစ်သော်လည်း မရဘဲ ရွှေဟင်္သာမင်းလာတဲ့အခါ ဖမ်းပြီး အမွေးများကို နှုတ်ယူပါသတဲ့။ ဒါပေမယ့် အလောင်းတော်ရဲ့ အလိုဆန္ဒ

---

[၂၅] ပုဏ္ဏေးမက သမီးသုံးယောက်နဲ့အတူ ဘုရားအလောင်း ရွှေဟင်္သာမင်း၏ အတောင်များကို နှုတ်ယူနေပုံ။



အရမဟုတ်ဘဲ နိုင့်ထက်ကလူ နှုတ်ယူတဲ့အတွက် ပုဏ္ဏားမလက်၌ ပါသွားတဲ့အတောင်တို့ဟာ ဆွတ်ဆွတ်ဖြူပြီး သွားပါတယ်တဲ့။ နောက်ထပ် ပေါက်လာတဲ့ အတောင်တွေဟာလည်း ရွှေရောင်မရှိဘဲ အဖြူတွေသာ ဖြစ်နေပါတယ်တဲ့။ အဲဒီနောက် ရွှေဟင်္သာမင်း ပြန်သွားပြီး ပြန်မလာတော့လို့ ပုဏ္ဏားမဟာ ရနေကျ ရွှေတောင်ကိုပင် မရတော့ဘဲ ဆုံးရှုံးသွားခဲ့ရပါတော့တယ်တဲ့။

## သူ့ကျေးဇူးကို သိစေလို

[ကတညုတာ-မင်္ဂလာ-၂၅။]

သူတစ်ပါးပြုဖူးတဲ့ ကျေးဇူးကို သိတတ်ခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာဖြစ်ပြီး နတ်လူသာစု ခေါ်စေတာ အမှန်ပါပဲ။ ကျေးဇူးတရား အတုန့်အလှည့် ထားကြပါမှ လောကမှာ တင့်တယ်ပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာများ တိုးပွားနိုင်ကြမှာ ဖြစ်ပါတယ်။

## ကျေးဇူးသိက ချမ်းသာရ

ရှေးက ဘုရားအလောင်းတော် ဗာရာဏသီမင်းကြီး ဖြစ်ခဲ့ ဉီက တစ်ခုသော သူပုန်ရန်ကို နှိမ်နင်းသွားရာမှာ စစ်ရှုံးပြီး နောက်ပါများနဲ့ကွဲကာ စူဠငါမခေါ်တဲ့ ရွာငယ်လေးတစ်ရွာကို မထင်မရှားအသွင်နဲ့

[၂၆]ဗာရာဏသီမင်းကြီးက မောင်သုတအား မြို့ကိုလာရင် မြင်းစီးကြီးအိမ်ကို မေးလာခဲ့ဖို့ ခွဲခွာကာနီးတွင် မှာကြားနေပုံ။



ရောက်လာပါတယ်။ ထိုရွာမှာ မောင်သုတ ဆိုတဲ့ လုလင်ပျိုတစ်ဦးက သူ့အိမ်ကို ခေါ်သွားပြီး အစားအစာများ ကျွေးကာ ကောင်းစွာဧည့်ဝတ်ပြုပါတယ်။ မြင်းကိုလည်း ရေချိုးပေးပြီး အစာကျွေးထားခဲ့ပါတယ်။

မင်းကြီးဟာ နှစ်ရက် သုံးရက်လောက်နေပြီး ပြန်မယ်လို့ ပြောတဲ့အခါ မောင်သုတက ဝတ်စုံသမျှ လက်ဆောင်များ ပေးလိုက်ပြီး ရွာအပြင်အထိ လိုက်ပို့ပါတယ်။ ခွဲခွာကာနီးမှာ မင်းကြီးက "မိတ်ဆွေ၊ ကျွန်ုပ်ကို မြင်းစီးကြီးလို့ ခေါ်ကြတယ်၊ မြို့ကိုလာရင် မြင်းစီးကြီးအိမ်လို့ မေးပါ၊ လိုက်ပို့ကြပါလိမ့်မယ်" လို့ မှာထား ပြောဆိုပြီး ထွက်ခွာသွားခဲ့ပါတယ်။ မြို့ကိုပြန်ရောက်တဲ့အခါ တံခါးစောင့်ကိုခေါ်ပြီး "အမောင်. . ကျေးတော သားတစ်ယောက်လာပြီး မြင်းစီးကြီးအိမ် ဘယ်နားမှာလဲမေးလျှင် ငါ့ထံခေါ်ဆောင်ခဲ့၊ အမောင် ငွေတစ်ထောင် ရလိမ့်မယ်" လို့ ပြောဆိုမှာထားခဲ့ပါတယ်။

စူဠဂါမရွာသား မောင်သုတဟာလည်း မြို့ကိုမလာတဲ့အတွက် လာအောင် မင်းပရိယာယ်နဲ့ ခေါ်ဆောင်ခဲ့ရပါတယ်။ မောင်သုတ မြို့ကိုလာတဲ့အခါ တံခါးစောင့်ကို မြင်းစီးကြီးအိမ် ဘယ်မှာရှိလဲ မေးပါတယ်။ တံခါးစောင့်က နန်းတော်ကို လိုက်ပို့တဲ့အခါ မင်းကြီးကိုယ်တိုင် ခရီးဦး ကြိုဆိုပြီး မိဖုရားကိုလည်း ကောင်းစွာ ဧည့်ဝတ်ပြုစေပါတယ်။ ဧည့်ဝတ်စကားပြောကြားပြီး ပါလာတဲ့ မုန့်များကို ရွှေခွက်မှာထည့်ကာ အတူ ထိုင်စားကြပါတယ်။ လက်ဆောင်ပေးဖို့ ပါလာတဲ့ အဝတ်တွေကိုလည်း ဝတ်ကာ မောင်သုတကို ကောင်းစွာ ချီးမြှောက်ပါတယ်။ နောင်အခါ တိုင်းပြည်တစ်ဝက်ကို ခွဲပေးပြီး မင်းနှစ်ဦး အထူးပျော်ရွှင်စွာ အုပ်ချုပ်ခဲ့ကြပါတယ်။ မကျေနပ်ကြတဲ့ မှူးမတ်အချို့က တိုက်တွန်းတဲ့အတွက် သားတော်ကြီးက မေးမြန်းလျှောက်ထားတဲ့

အခါ ဘုရားအလောင်းမင်းကြီးက "ငါသည် ထိုစဉ်က သူ့အိမ်မှာ နေခဲ့ရပေတယ်၊ သူ့ရဲ့ စောင့်ရှောက်မှုကြောင့် နေပြည်တော်သို့ ချောမောစွာ ပြန်ရောက်ရှိပြီး မင်းစည်းစိမ်ကို ပြန်လည်ရရှိခြင်း ဖြစ်ပေတယ်၊ ထို့ကြောင့် မင်းစည်းစိမ်ကို တစ်ဝက်ခွဲပေးရခြင်း ဖြစ်ပေတယ်၊ သူ့ကျေးဇူးကို သိတတ်ရပေမယ်၊ ကျေးဇူးတရား မသိတတ်သူများဟာ မိတ်ဆွေကောင်းကို မရနိုင်ဘဲ ဆင်းရဲဒုက္ခရောက်တတ်ကြပေတယ်" စသည်ဖြင့် တရားဓမ္မများကို ဆုံးမဟောကြားတော်မူခဲ့ပါတယ်။ "ကျေးဇူးတရား သိတတ်ခြင်း" ဟာ ကောင်းမြတ်တဲ့ မင်္ဂလာကြီးတစ်ပါး ဆိုတာ ဒီဝတ္ထုက ထင်ရှားသာကေ ပြဆိုလျက်ရှိနေပါတယ်။

## တရားနာမှ ငြိမ်းအေးရ

[ကာလေန ဓမ္မဿဝနံ-မင်္ဂလာ-၂၆။]

လောဘ, ဒေါသ, မောဟမီးတွေ တောက်လောင်နေတဲ့အချိန် ဝိတက်စိတ်တွေ ဝင်ရောက် နှောင့်ယှက်နေတဲ့ အချိန်မှာ တရားနာကြားပြီး နှိမ်နင်းဆုံးမကြရပါတယ်။ ငြိမ်းအေးချမ်းသာမှုကို တရားနာကြားခြင်းဖြင့် ရှာကြံကြရပါတယ်။ တရားဒေသနာတော်ကို အာရုံတစ်ပါး စိတ်မသွားဘဲ လေးစားကြည်ဖြူစွာ နာယူကြမယ်ဆိုရင် ကောင်းမြတ်ချမ်းသာသော မင်္ဂလာအကျိုးစီးပွားကို ရရှိနိုင်ကြမှာ အမှန်ပါပဲ။

## တရားနာကြား ဖားနတ်သား

အခါတစ်ပါးမှာ မြတ်စွာဘုရားရှင်ဟာ စမ္ပာပြည်၊ ဂဂ္ဂရာ ရေကန်အနီးမှာ တရားဟောကြားတော်မူခဲ့ပါတယ်။ အဲဒီအချိန်မှာ ဖားငယ်တစ်ကောင်ဟာ နေရာမှထွက်ပြီး ဘုရားရှင်ရဲ့ အသံတော်မြတ် နိမိတ်အမှတ်ကိုယူကာ ကြည်ဖြူစွာ နားစိုက်ထောင်နေခဲ့ပါတယ်။ အဲဒီလို တရားနာယူလျက်ရှိစဉ်မှာ နွားကျောင်းသားတစ်ယောက်ရဲ့ နွားခြောက်တဲ့ တုတ်နဲ့ ဦးခေါင်းကို ထောက်မိခံရပြီး စုတိကျကာ သေလွန်သွားခဲ့ရှာပါတယ်။

အဲဒီလို သေလွန်ပြီးတဲ့နောက် တာဝတိံသာနတ်ပြည်မှာ မဏ္ဍူက ဒေဝပုတ္တ အမည်ရတဲ့ ဖားနတ်သားရယ်လို့ ထင်ရှားစွာ ဖြစ်တဲ့အခါ "အလို့ . . ငါလို ဖားက အဘယ်ကြောင့် နတ်သား ဖြစ်ရပါလိမ့်" လို့ ဆင်ခြင်ကြည့်တော့ ဘုရားရှင်ရဲ့ တရားတော်ကို နာရတဲ့အတွက်ဖြစ်ကြောင်း သိရှိသွားခဲ့ရပါတယ်။ အဲဒီနောက် ဘုရားရှင်ထံမှောက်သို့ ထပ်မံသွားရောက်ကာ တရားတော်ကို နာယူတဲ့အခါ ဖားနတ်သားဟာ သောတာပန်တည်သွားခဲ့ရပါတော့တယ်။

ဒါဟာ "တရားနာကြားရခြင်းဆိုတဲ့ မင်္ဂလာ" ကို လက်ငင်း ချက်ချင်း ရရှိခံစားရခြင်းပဲ ဖြစ်ပါတော့တယ်။

---

[၂၇] ဖားငယ်ကလေးသည် ဘုရားရှင်၏ တရားသံကို ကြားနာနေပုံ။



ကဲ . . သတ္တမဂါထာ မင်္ဂလာ (၅) ပါးရဲ့ တရားကဗျာကလေးတွေကို ဆိုကြဦးစို့။

## သတ္တမဂါထာ အညွှန်းကဗျာ

သတ္တမဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
ကိုယ့်ထက်ကြီးသူ ပုဂ္ဂိုလ်များကို၊ ရိုသေလေးစား ဆက်ဆံကွယ်။
မာနကိုသာ နှိမ့်ချထားမှ၊ ရှင်လူအများ နှစ်သက်မယ်။
ရောင့်ရဲတင်းတိမ် စိတ်ငြိမ်ထားမှ၊ ချမ်းသာတရား များကြမယ်။
သူ့ကျေးဇူးကို သိမှတ်ထားမှ၊ မိမိစီးပွား ဖြစ်ထွန်းမယ်။
သင့်တော်ချိန်ခါ ဓမ္မတရားကို၊ လေးစားမှတ်သား နာယူကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

# “အဋ္ဌမဂါထာ မင်္ဂလာ”

ခန္တီ စ သောဝစဿတာ, သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို့ . . နတ်သား။ ခန္တီ စ၊ မေတ္တာရှေ့ထား မြေကြီးလား သို့ စိတ်ထားမာန်ချ သည်းခံရခြင်းလည်းကောင်း။ သောဝစဿတာ စ၊ လိမ္မာယဉ်ကျေး ကြီးပွားရေးကို အားပေးလိုလား ပြောဆိုငြားက မရှားမဖယ် မှတ်သားနာလွယ်သူ၏ အဖြစ်လည်းကောင်း။ သမဏာနံ၊ ကိလေသာဘေး ရန်ညစ်ကြေးတို့ ငြိမ်းအေးစေတတ်သော အရှင်မြတ်တို့ကို။ ဒဿနဉ္စ၊ မြတ်နိုးသဒ္ဓါ စေတနာဖြင့် ကောင်းစွာ ကြည့်ရှုင် ဖူးမြင်ရခြင်းလည်းကောင်း။ ကာလေန၊ အားလပ်ခွင့်သာ လျောက်ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာ စ၊ ပညာရှိများ ဆည်းကပ်ငြားက တရားအရေး ဆွေးနွေးမေးမြန်းရခြင်း လည်းကောင်း။ ဧတံ၊ ဤလေးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်လှစွာသော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ သတ္တာအပေါင်း ကြီးပွားကြောင်း မင်္ဂလာပါပေတည်း။

အဋ္ဌမဂါထာမှာ ဘုရားရှင် ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့ . . .

၁။ ဒေါသမပွား မေတ္တာထား၍ သည်းခံပါ။

၂။ ပြောဆိုဆုံးမ၍ **နားထောင်လွယ်ပါ။**

၃။ ရဟန်းမထေရ် အရှင်မြတ်တို့ကို သဒ္ဓါကြည်လင်စွာ ဖူးမြင်ပါ။

၄။ သင့်လျော်သော အချိန်၌ တရားစကား ဆွေးနွေးမေးမြန်းပါ - ဆိုတဲ့ မင်္ဂလာတရား ၄-ပါးတို့ ဖြစ်ကြပါတယ်။

ဒီမင်္ဂလာတရား ၄-ပါးကတော့ လောကမှာ "စိတ်ဓာတ်မြင့်မြတ် ရင့်ကျက်ရန်" လမ်းညွှန်မှုပေးတဲ့ မင်္ဂလာတရားတော်များ ဖြစ်ကြပါတယ်။

## သည်းခံစိတ်ထား အကျိုးများ
### [ခန္တီစ-မင်္ဂလာ-၂၇။]

"မေတ္တာရှေ့ထား၊ သည်းခံခြားက၊ အများချစ်ခင်၊ ပြစ်မျိုးစင်၏၊ ရန်လျှင်နည်းပါး၊ သေခြားမတွေ၊ ရောက်လေကောင်းရာ၊ ဤငါးဖြာသည်၊ မှတ်ပါရမြဲ အကျိုးတည်း။"

သည်းခံတရား လက်ကိုင်ထားပါက အကျိုးတရားငါးပါးရရှိပြီး ကျက်သရေမင်္ဂလာအဖြာဖြာတို့နဲ့ ပြည့်စုံစေနိုင်ပါတယ်။ သည်းခံရမယ်ဆိုတာဟာ အရာရာကို အရှုံးပေးရမယ်, ခေါင်းငုံ့ခံရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ စိတ်သဘောထားကြီးကြီးထားပြီး သည်းခံခွင့်လွှတ်ရမယ်လို့ ဆိုလိုခြင်းသာ ဖြစ်ပါတယ်။ မြတ်စွာဘုရားသခင်ဟာ မာရ်နတ်ကို မေတ္တာတရားဖြင့် သည်းခံပြီး အနိုင်ယူခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မဟာပထဝီမြေကြီးပမာ သည်းခံစိတ် ထားကြရမယ်လို့ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

## အရှင်ပုဏ္ဏ သည်းခံစွ

ဘုရားရှင်လက်ထက် သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏမထေရ်ဟာ ဘုရားရှင်ထံ ဆည်းကပ်ပြီး "မြတ်စွာဘုရား၊ တပည့်တော်အား အကျဉ်းအားဖြင့် တရားဓမ္မဟောပြောဆုံးမပါ" လို့ လျှောက်ထားခဲ့ပါတယ်။ ဒီအခါ ဘုရားရှင်က "ပုဏ္ဏ၊ ချစ်အပ်, သာယာအပ်, တပ်မက်အပ်ကုန်သော ရုပ်, အဆင်း, အသံ, ဒနံ့, အရသာ, အတွေ့အထိဆိုတဲ့ အာရုံငါးပါးကို စွဲလမ်းနှစ်သက်သူမှာ တပ်မက်ခြင်းတဏှာ ဖြစ်တယ်၊ တဏှာဖြစ်ခြင်းကြောင့် ဒုက္ခဖြစ်ရတယ်၊ အာရုံငါးပါးကို မစွဲလမ်းမနှစ်သက်သောသူမှာ တဏှာ ချုပ်တယ်၊ တဏှာချုပ်ခြင်းကြောင့် ဒုက္ခချုပ်ရတယ်" လို့ ဟောကြားတော်မူပြီး ဒီလို မေးတော်မူပါတယ်။

ဘုရားရှင် . . . "သင် ဘယ်အရပ်မှာ နေမှာလဲ"

အရှင်ပုဏ္ဏ . . . "သုနာပရန္တတိုင်းမှာ နေပါမယ် ဘုရား"

ဘုရားရှင် . . . "ပုဏ္ဏ၊ သုနာပရန္တတိုင်းသား လူအများတို့ဟာ ကြမ်းတမ်းကြတယ်၊ သင့်ကို ဆဲဆိုလျှင် ဘယ်လိုနေမလဲ"

အရှင်ပုဏ္ဏ . . . "သုနာပရန္တတိုင်းသားတို့ဟာ တော်ပါပေစွ၊ ဆဲဆိုရုံသာ ဆဲဆိုကြတယ်၊ လက်ဖြင့် မရိုက်ကြသေးပေလို့ သည်းခံကာ နေပါမယ် ဘုရား"

ဘုရားရှင် . . . "လက်ဖြင့်ရိုက်လျှင် ဘယ်လိုနေမလဲ"
အရှင်ပုဏ္ဏ . . . "လက်ဖြင့်သာ ရိုက်ကြတယ်၊ ခဲဖြင့် မပေါက်ကြသေးပေလို့ သည်းခံကာနေပါမယ် ဘုရား"
ဘုရားရှင် . . . "ခဲဖြင့် ပေါက်လျှင် ဘယ်လိုနေမလဲ"
အရှင်ပုဏ္ဏ . . . "ခဲဖြင့်သာ ပေါက်ကြတယ်၊ ဒုတ်ဖြင့် မရိုက်ကြသေးပေလို့ သည်းခံကာ နေပါမယ် ဘုရား"

အဲဒီလို အစဉ်အတိုင်း မေးလာရာ နောက်ဆုံးမှာ "အသက်ကို သတ်သည့်တိုင်အောင် သည်းခံကာ နေပါမယ် ဘုရား" လို့ လျှောက်ထားခဲ့ပါတယ်။ ဒီအခါ ဘုရားရှင်က "ပုဏ္ဏ၊ တော်ပေစွ, တော်ပေစွ၊ သင်ဟာ ဒီလို သည်းခံခြင်းနဲ့ ပြည့်စုံလျှင် သုနာပရန္တတိုင်းမှာ နေနိုင်လိမ့်မယ်" လို့ မိန့်ဆိုပြီး ခွင့်ပြုတော်မူခဲ့ပါတယ်။

အရှင်ပုဏ္ဏလည်း သုနာပရန္တတိုင်းသို့သွားပြီး သည်းခံတရားဖြင့် နေထိုင်ကာ တရားအားထုတ်တဲ့အခါ ဝါတွင်းမှာပဲ တေဝိဇ္ဇရဟန္တာ ဖြစ်ခဲ့ပါတယ်။ ဒကာ ငါးရာ, ဒကာမ ငါးရာတို့ကို ဥပါသကာ, ဥပါသိကာမများ ဖြစ်စေပြီးနောက် ပရိနိဗ္ဗာန် ပြုသွားခဲ့ပါတယ်။

---

[၂၈] ဘုရားရှင်က အရှင်ပုဏ္ဏအား တရားဟောကြားပြီး မေးမြန်းတော်မူနေပုံ။



## ဆုံးမစကား နာလွယ်ထား

[သော၀စဿတာ-မင်္ဂလာ-၂၈။]

မိဘဆရာသမားတို့က လိမ္မာယဉ်ကျေးအောင် ဆုံးမစကား ပြောကြားတဲ့အခါ နာယူလွယ်သင့်ကြပါတယ်။ အဲဒီလို နာယူလွယ်ခြင်းဟာ မင်္ဂလာတစ်ပါးပဲ ဖြစ်ပါတယ်။


မိမိရဲ့ အကျိုးစီးပွားအတွက် ဝေဖန် အကြံဉာဏ်များ ပေးလာတဲ့အခါ မထီမဲ့မြင် မပြုမူကြဘဲ လေးလေးစားစား နာယူလွယ်သင့်ကြပါတယ်။

## အရှင်ရာဓ နာလွယ်လှ

ဘုရားရှင်လက်ထက်က ဘုရားကျောင်းတော်မှာ ဝေယျာဝစ္စ ဆောင်ရွက်နေတဲ့ ရာဓလို့ အမည်ရှိတဲ့ ပုဏ္ဏားတစ်ယောက် ရှိခဲ့ပါတယ်။ ရာဓဟာ ရဟန်းပြုချင်ပေမယ့် ရဟန်းပြုပေးမယ့်သူ မရှိလို့ ညှိုးငယ်ပြီး နေရရှာပါတယ်။ ဒါကို ဘုရားရှင်က မြင်တော်မူပြီး ရဟန်းများကို စည်းဝေးစေကာ "ရာဓပုဏ္ဏားရဲ့ ကျေးဇူးကို ဘယ်သူ အမှတ်ရသလဲ" လို့ မေးမြန်းတော်မူပါတယ်။ ဒီအခါ အရှင်သာရိပုတ္တရာက "ရာဇဂြိုဟ်ပြည်မှာ

---

[၂၉] ဆုံးမနာယူလွယ်သော အရှင်ရာဓအား ရှင်သာရိပုတ္တရာက ဘုရားရှင်ထံ ခေါ်သွားပုံ။



ဆွမ်းခံစဉ်က ဆွမ်းတစ်ဇွန်း လောင်းခဲ့ဖူးပါတယ်” လို့ လျှောက်ထားခဲ့ပါတယ်။ “ဒါဖြင့် ရာဓပုဏ္ဏားကို ရဟန်းပြုပေးကြ” လို့ ခွင့်ပြုတော်မူတဲ့အတွက် ရာဓကို ရဟန်းပြုပေးခဲ့ကြပါတယ်။

အရှင်ရာဓဟာ အလွန် ဆုံးမလွယ်ပြီး ဆုံးမတဲ့အတိုင်းလည်း ကျင့်ကြံအားထုတ်ခဲ့ပါတယ်။ ဒါကြောင့် နှစ်ရက်, သုံးရက်နဲ့ ရဟန္တာ ဖြစ်သွားခဲ့ပါတယ်။

အရှင်သာရိပုတ္တရာက အရှင်ရာဓကို ဘုရားရှင်ထံ ခေါ်သွားတဲ့အခါ ဘုရားရှင်က “သာရိပုတ္တရာ၊ သင့်တပည့်ဟာ ဆုံးမလွယ်ရဲ့လား” လို့ မေးမြန်းတော်မူပါတယ်။ ဒီအခါ ရှင်သာရိပုတ္တရာက “အရှင်ဘုရား၊ အလွန် ဆုံးမလွယ်ပါတယ်၊ အပြစ်ပြပြီး ပြောဆိုတဲ့အခါမှာ ဘယ်အခါမှ စိတ်မဆိုးပါ” လို့ လျှောက်ထားခဲ့ပါတယ်။ ဘုရားရှင်က “ရာဓရဟန်းလို တပည့်များရလျှင် အဘယ်မျှ ယူနိုင်မလဲ” လို့ အမေးရှိတဲ့အခါ၊ အရှင်သာရိပုတ္တရာက “အရှင်ဘုရား၊ များစွာပင် ယူနိုင်ပါတယ်” လို့ ပြန်လည် လျှောက်ထားခဲ့ပါတယ်။

ဒီအခါ ဘုရားရှင်က “ရဟန်းဆိုတာ ရာဓကဲ့သို့ ဆုံးမလွယ်စေရမယ်၊ အပြစ်ပြပြီး ဆုံးမလျှင် အမျက်မထွက်အပ်၊ ဆုံးမသော ဆရာကို ရွှေအိုးကြီးကို ညွှန်ပြသော သူကဲ့သို့ မှတ်ယူရမယ်” လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် ဘုရားရှင်ရဲ့စကားကို လေးစားသောအားဖြင့် ရဟန်းရှင်လူ ပရိသတ်အားလုံး “သောဝ**စဿတာ** မင်္ဂလာ” **နဲ့ ပြည့်စုံ**သင့်ကြပါတော့တယ်။

## ရဟန်းသံဃာ ဖူးမြင်ပါ

[သမဏာနဉ္စ ဒဿနံ-မင်္ဂလာ-၂၉။]

ဘုရားရှင်ရဲ့ အဆုံးအမနဲ့အညီ ကောင်းမွန်စွာ နေထိုင်အားထုတ်ကြတဲ့ ရဟန်းသံဃာတော်များကို ဖူးမြင်ရတဲ့အခါ စိတ်နှလုံး ရွှင်ပြုံးကြည်နူးမှုကို ဖြစ်စေပါတယ်။ ဒါနပြုချင်တဲ့ စိတ်တွေ၊ သီလဆောက်တည်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာစေပါတယ်။ မကောင်းမှုကို မပြုလိုဘဲ ကောင်းမှုကုသိုလ်တရားကို ပွားများချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာစေပါတယ်။

ဒါကြောင့် ရဟန်းသံဃာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကို အခါအခွင့်သင့်တိုင်း ဖူးမြင်ရခြင်းဟာ ကောင်းမြတ်လှတဲ့ မင်္ဂလာကြီးတစ်ရပ် ဖြစ်ပါတော့တယ်။

## ခင်ပုပ်ငှက်ငယ် ဖူးရတယ်

ဘုရားရှင်ဟာ ဒေဝိဿကတောင် နဘဲပင်ဂူမှာ သီတင်းသုံးနေတော်မူစဉ်အခါ ခင်ပုပ် (ဇီးကွက်) ငှက်ငယ်တစ်ကောင်ဟာ ဘုရားရှင် ဆွမ်းခံကြွတိုင်း လမ်းတစ်ဝက်ရောက်အောင် လိုက်ပို့ရှာတယ်။ ဆွမ်းခံပြန်လာတော့လည်း လမ်းတစ်ဝက်ရောက်အောင် သွားပြီး ခရီးဦးကြိုဆိုလေ့ရှိခဲ့ပါတယ်။

တစ်နေ့သော ညနေချမ်းမှာ ဘုရားရှင်ဟာ သံဃာအပေါင်း ခြံရံပြီး နေတော်မူတဲ့အခါ ခင်ပုပ်ငှက်ငယ်ဟာ တောင်မှဆင်းပြီး အတောင်နှစ်ဘက် ဖြန့်ယှက်လျက် နှုတ်သီးကို အောက်သို့ချကာ ဘုရားရှင်ဟာ ရှိခိုးနေရှာပါတယ်။

ဘုရားရှင်မြင်တော်မူလို့ ပြုံးတော်မူတဲ့အခါ အရှင်အာနန္ဒာက လျှောက်ထားမေးမြန်းပါတယ်။ ဘုရားရှင်က "အာနန္ဒာ၊ ဟိုခင်ပုပ်ငှက်ငယ်ကို ကြည့်စမ်းပါ။ သူဟာ ငါဘုရား၌လည်းကောင်း၊ ရဟန်းသံဃာတော်၌လည်းကောင်း ကြည်ညိုတဲ့စိတ်ဖြင့် ဖူးမြင်ရခြင်းကြောင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူ့ပြည်၊ နတ်ပြည်မှာ ကျင်လည်ရပြီး နောင်အခါ "သောမနဿ" မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်ပေလိမ့်မယ်" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

## တရားဒေသနာ ဆွေးနွေးပါ

[ကာလေန ဓမ္မသာကစ္ဆာ-မင်္ဂလာ-၃၀။]

လုပ်ငန်းအားလပ်တဲ့ အချိန်အခါများမှာ တရားဒေသနာများကို အကျိုးများရာများကြောင်း မေးမြန်းဆွေးနွေးပြောကြားခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာဖြစ်ပါတယ်။ သဒ္ဓါ, သီလ, သမာဓိ, ပညာ စတဲ့ တရားဓမ္မတွေ တိုးပွားအောင် ကြံဆောင်ရှေ့ရှုပြီး ဆွေးနွေးမှုပြုကြခြင်းကိုသာ ဆိုလိုပါတယ်။ သမားဂုဏ်တွေပြပြီး ခိုက်ရန်ဒေါသ အငြင်းပွားကြတာတွေကိုတော့ ထိန်းသိမ်းရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။ အကျိုးမရှိတဲ့ ရပ်စကား, ရွာစကား, မယားစကား, သားစကားတွေ ပြောဆိုနေကြမယ့်အစား သူတော်ကောင်းတရားကို ဆွေးနွေး ပြောဆိုနေကြတာက ကုသိုလ်တိုးပွားစေနိုင်ကြောင်း အဆိုအမိန့် ပြုထားခဲ့ကြပါတယ်။

---

[၃၀] ဘုရားရှင်အား ခင်ပုပ်ငှက်ငယ်က ရှိခိုးကန်တော့နေရှာပုံ။



## သီဟစစ်သူကြီးပမာ ပြုကြပါ

ဘုရားရှင်လက်ထက် ဝေသာလီပြည် လိစ္ဆဝီမင်းတို့ဟာ စုရုံးစည်းဝေးနေရာမှာ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးများကို ချီးကျူးပြောဆိုခဲ့ကြပါတယ်။ ဒီအခါ ပရိသတ်ထဲမှာ ထိုင်နေတဲ့ သီဟစစ်သူကြီးဟာ ဘုရားရှင်ကို ဖူးမြင်လိုတဲ့ဆန္ဒများ ဖြစ်ပေါ်လာပါတယ်။ ဒါနဲ့ သူ့ဆရာ နိဂဏ္ဌနာဋပုတ္တထံသွားပြီး "အရှင်ဘုရား၊ တပည့်တော်ဟာ ရဟန်းဂေါတမထံ ဖူးမြင်ခြင်းငှာ ချဉ်းကပ်လိုပါတယ်" လို့ လျှောက်ထားပါတယ်။ ဒီအခါ သူ့ဆရာ နာဋပုတ္တဆရာကြီးက "အို . . သီဟစစ်သူကြီး၊ သင်ဟာ ကြိယဝါဒရှိသူဖြစ်ပါလျက် အကြိယဝါဒရှိတဲ့ ရဟန်းဂေါတမကို အဘယ်ကြောင့် ချဉ်းကပ်ရမှာလဲ" စသည်ဖြင့် တားမြစ်တဲ့အခါ သီဟစစ်သူကြီးလည်း ဘုရားရှင်ထံ သွားချင်တဲ့စိတ် ပျောက်သွားခဲ့ပါတယ်။ နောက်တစ်ကြိမ် လိစ္ဆဝီမင်းများက ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုတဲ့စကားကို ကြားပြန်တဲ့အခါ သွားချင်တဲ့ဆန္ဒ ပေါ်လာပြန်တယ်။ ဒါပေမယ့် ရှေးနည်းအတိုင်း သူ့ဆရာက တားမြစ်လို့ မသွားဖြစ်ခဲ့ဘဲ ဖြစ်ခဲ့ရပြန်ပါတယ်။

သုံးကြိမ်မြောက်ဖြစ်တဲ့အခါ သီဟစစ်သူကြီးဟာ "ဘုရားရှင်ထံ ဆည်းကပ်ရပါမူ ကောင်းလေစွ" လို့ အကြံဖြစ်ပေါ်ပြီး သူ့ဆရာ နဋပုတ္တအား မပန်ကြားတော့ဘဲ ဘုရားရှင်ထံသို့ သွားရောက်ခဲ့ပါတယ်။

---

[၃၁] သီဟစစ်သူကြီးက ဘုရားရှင်အား တရားစကား လျှောက်ထားမေးမြန်းနေပုံ။



ဘုရားရှင်ရဲ့ ရှေ့မှောက်သို့ ရောက်ရှိတဲ့အခါ သီဟစစ်သူကြီးက အရှင်ဘုရား၊ ရဟန်းဂေါတမဟာ အကြိယအယူရှိတယ်၊ အကြိယအယူဖြစ်ဖို့ရာ ဟောကြားတယ်၊ ထို အကြိယအယူဖြင့် တပည့်တို့ကိုလည်း ဆုံးမတယ်ဆိုတဲ့ စကားကို တပည့်တော် ကြားဖူးပါတယ်၊ ဒီလို ပြောဆိုကြတာဟာ အရှင်ဘုရား ဟောကြားတဲ့အတိုင်း ပြောကြားကြပါသလား၊ ဒါမှမဟုတ် အရှင်ဘုရားကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲကြပါသလား ဘုရား" စသည်ဖြင့် လျှောက်ထားမေးမြန်းခဲ့ပါတယ်။

ဒီအခါ ဘုရားရှင်က "သီဟစစ်သူကြီး၊ ငါဘုရားကို ဟုတ်မှန်သော အကြောင်းပရိယာယ်ဖြင့် ရဟန်းဂေါတမဟာ အကြိယအယူရှိတယ်လို့ ပြောလျှင်လည်း ဟုတ်မှန်ပါတယ်၊ ကြိယအယူရှိတယ်လို့ ပြောလျှင်လည်း ဟုတ်မှန်ပါတယ်၊ အဘယ်ကြောင့်ဆိုလျှင် ငါဘုရားဟာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို မပြုအပ်၊ များစွာသော မကောင်းမှု အကုသိုလ်တရားတို့ကို မပြုအပ်လို့ ဟောကြားပါတယ်။ ဒါကြောင့် ငါဘုရားကို အကြိယအယူရှိသူလို့ ပြောဆိုတာဟာ ဟုတ်မှန်ပါတယ်၊ ငါဘုရားဟာ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တို့ကို ပြုအပ်တယ်၊ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုအပ်တယ်လို့ ဟောကြားပါတယ်၊ ဒါကြောင့် ငါဘုရားကို ကြိယအယူရှိတယ်လို့ ပြောဆိုတာလည်း ဟုတ်မှန်ပါတယ်" စသည်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

သီဟစစ်သူကြီးဟာ မြတ်စွာဘုရားနဲ့ တရားစကား ဆွေးနွေး ပြောကြားပြီးတဲ့နောက်၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ တရားဒေသနာတော်အဆုံးမှာ သောတာပန် တည်သွားခဲ့ရပါတယ်။

ကဲ. . . အဋ္ဌမဂါထာမင်္ဂလာတရားတို့ကို ဦးထိပ်ထားပြီး တရားကဗျာလေးတွေ ဆိုကြဦးစို့။

## အဋ္ဌမဂါထာ အညွှန်းကဗျာ

အဋ္ဌမဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
မေတ္တာရင်းခံ ဒေါသမပွားနဲ့၊ သည်းခံစိတ်ထား ရှိကြကွယ်။
ကောင်းရာမှန်ရာ ဆုံးမစကားကို၊ နားထောင်လွယ်များ ဖြစ်ကြကွယ်။
ရဟန်းထေရ်ရှင် အရိယာများကို၊ သဒ္ဒါစွမ်းအား ဖူးတွေ့ကွယ်။
သင့်တော်ချိန်ခါ တရားစကားကို၊ ဆွေးနွေးပြောကြား ပြုကြကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## "နဝမဂါထာ မင်္ဂလာ"

တပေါ စ ဗြဟ္မစရိယဉ္စ, အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာ စ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အိုႛ . နတ်သား။ တပေါ စ၊ ဣန္ဒြေခြောက်ပါး မဖောက်ပြားဖို့ စောင့်စားတတ်သိ မြတ်သတိနှင့် ပျင်းရိခြင်းကို ဖြိုခွင်းဖယ်ရှား ပူပန်စေတတ် အားထုတ်တတ်သည့် ဝီရိယဟူငြား ခြိုးခြံခြင်းတရားလည်းကောင်း။ ဗြဟ္မစရိယဉ္စ၊ မေထုန်ပယ်လွှင့် မြတ်သောအကျင့်လည်းကောင်း။ (ဝါ) ဘုရားရှင်အဆုံးအမ ကောင်းမြတ်လှသည့် သီလ, သမာဓိ, ပညာ သုံးဖြာသော အကျင့်ကို ကောင်းမွန်စွာ ကျင့်သုံးခြင်းလည်းကောင်း။ အရိယသစ္စာနံ၊ အရိယာသခင် သူတော်စင်တို့ သိမြင်အပ်ငြား လေးပါးသော သစ္စာတရားတို့ကို။ ဒဿနဉ္စ၊ ပိုင်းခြားထင်ထင် မဂ်ဉာဏ်ဖြင့် သိမြင်ခြင်းလည်းကောင်း။ နိဗ္ဗာနသစ္ဆိ ကိရိယာစ၊ တစ်ထောင့်ငါးရာ ကိလေသာမှ ဝေးစွာလွတ်ကင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းလည်းကောင်း။ (ဝါ) ဒုက္ခခပ်သိမ်း ပြတ်ငြိမ်းရာမှန် အေးနိဗ္ဗာန်ကို ဉာဏ်ဖြင့်သိရောက် မျက်မှောက်ပြုရခြင်းလည်းကောင်း။ ဧတံ၊ ဤလေးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်လှစွာသော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ သတ္တာအပေါင်း ကြီးပွားကြောင်း မင်္ဂလာပါပေတည်း။

နဝမဂါထာမှာ ဘုရားရှင်ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့. . .

၁။ ခြိုးခြံသော အကျင့်ကို ကျင့်ပါ။

၂။ မြတ်သော အကျင့်ကို ဆောင်ပါ။

၃။ အရိယသစ္စာကို သိမြင်ပါ။

၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုပါ - ဆိုတဲ့ မင်္ဂလာတရား ၄-ပါးတို့ ဖြစ်ကြပါတယ်။ ဒီ မင်္ဂလာတရား ၄-ပါးကတော့ "သံသရာတစ်ဖက်ကမ်းကို တက်လှမ်းကြရန်" လမ်းညွှန်မှု ပေးထားတဲ့ မင်္ဂလာ တရားတော်များ ဖြစ်ကြပါတယ်။

## တပအကျင့်ကို ကျင့်စေလို့

[တပေါ စ မင်္ဂလာ-၃၁။]

တပအကျင့်ဆိုတာကတော့ ဣန္ဒြေကို စောင့်စည်းပြီး ခြိုးခြံအားထုတ်ကျင့်ရတဲ့ အကျင့်များကို ဆိုလို ပါတယ်။ ကိလေသာ ငြိမ်းအေးအောင် သည်းခံ၊ ခြိုးခြံ၊ စောင့်စည်း၊ ဝီရိယစိုက်ထုတ်ပြီး ကျင့်ကြံ အားထုတ် ရတဲ့ အကျင့်များပင် ဖြစ်ကြပါတယ်။ အဲဒီလို ကိလေသာငြိမ်းအေးအောင် တပအကျင့်မြတ်ကို ကျင့်ဆောင် ခြင်းဟာ ကောင်းမြတ်လှတဲ့ မင်္ဂလာကြီးပင် ဖြစ်ပေတယ်လို့ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။

## လောမကဿပ ရှစားကြ

ရှေးတုန်းက ဟိမဝန္တာတောကြီးထဲမှာ တပအကျင့်မြတ်ဖြင့် ပြင်းပြင်းထန်ထန် အားထုတ်နေတဲ့ လောမကဿပဆိုတဲ့ ရသေ့တစ်ပါး ရှိခဲ့ပါတယ်။ အမည်ရင်းကတော့ ကဿပပါပဲ။ ကိုယ်မှာ အမွေးတွေ ပေါက်လွန်းလို့ လောမကဿပလို့ အမည်တွင်ခဲ့ခြင်း ဖြစ်ပါတယ်တဲ့။ အဲဒီ ရသေ့ဟာ တရားကို ပြင်းပြင်းထန်ထန် အားထုတ်နေတာကို သိကြားမင်း မြင်တွေ့သွားတော့ "ငါ့ရဲ့ သိကြားမင်းရာထူးကို လုဖို့ ကြိုးစားနေတာပဲ" ရယ်လို့ အထင်လွဲပြီး သွားခဲ့ပါတယ်တဲ့။

သိကြားမင်းဟာ ဗာရာဏသီမင်းကြီးဆီကိုသွားပြီး "သင်မင်းကြီးဟာ ဇမ္ဗူဒိပ်မှာ ဧကရာဇ်ဖြစ်လိုပါလျှင် သမီးတော် စန္ဒာဝတီကို သေယျအမတ် လက်မှာထားပြီး လောမကဿပထံ သွားစေပါ၊ သားကောင်တို့ကို သတ်၍ ယဇ်ပူဇော်ခိုင်းပါ" လို့ ပြောကြားခဲ့ပါတယ်။ ဗာရာဏသီမင်းကြီးကလည်း ဧကရာဇ်ဘုရင်ဖြစ်ချင်တာနဲ့ သမီးတော် စန္ဒာဝတီနှင့်တကွ သေယျအမတ်ကို လောမကဿပရသေ့ထံ စေလွှတ်လိုက်ပါတယ်။

ရသေ့ထံ ရောက်ကြတဲ့အခါ သေယျအမတ်က နတ်သမီးလိုချောမောလှပတဲ့ စန္ဒာဝတီကို ပြပါတယ်၊ ရသေ့ဟာ ဣန္ဒြေပျက်ပြီး စန္ဒာဝတီရဲ့ ထက်အောက်ကိုယ်ကာယကို တပ်မက်တဲ့စိတ်နဲ့ ကြည့်ပါတယ်။ အဲဒီ

---

[၃၂] လောမကဿပရသေ့က မင်း၏ယဇ်ပူဇော်ပွဲတွင် ရတနာဆင်ကြီး၏လည်ကိုဖြတ်ရန် သံလျက်ကို မြှောက်ထားနေပုံ။



အခါ ရထားတဲ့ ဈာန်ဟာလည်း တစ်ခါထဲ လျှောကျသွားခဲ့ရပါတယ်။

သေယျအမတ်က "အရှင်ဟာ မင်းရဲ့ယဇ်ကို ပူဇော်ပါလျှင် ဤမင်းသမီးကို အရှင့်အား အပ်နှင်းပါလိမ့်မယ်" လို့ ပြောကြားပါတယ်။ ဒီအခါ ရသေ့ဟာ ယဇ်ပူဇော်ဖို့ ဗာရာဏသီပြည်သို့ လိုက်ပြီး လာခဲ့ပါတယ်။ လမ်းမှာ လူအပေါင်းတို့က ယဇ်ပူဇော်မှုကို မပြုသင့်ကြောင်း တောင်းပန်တားမြစ် ငိုကြွေးခဲ့ကြပါတယ်။ ဒါပေမယ့် လောမကဿပရသေ့ဟာ ယဇ်ပူဇော်ဖို့ လိုက်ပါမြဲ လိုက်ပါလာခဲ့ပါတယ်။

နန်းတော်ရင်ပြင်မှာ ယဇ်ပူဇော်ပွဲကြီး ဆင်ယင်ကျင်းပတဲ့အခါ ရသေ့ဟာ "ရတနာဆင်ရဲ့ လည်ကို ခုတ်အံ့" ဆိုပြီး သံလျက်ကို မြှောက်လိုက်ပါတယ်။ ဒီအခါ ရတနာဆင်ဟာ သည်းထန်စွာ အော်ဟစ်မြည်တမ်းပြီး အခြားဆင်တွေ၊ မြင်းတွေ၊ နွားတွေ စတဲ့ တိရစ္ဆာန်တွေဟာလည်း လိုက်ပြီး ပြင်းထန်စွာ အော်ဟစ်မြည်တမ်းကြပါတယ်။ လူအပေါင်းတို့ကလည်း ဝမ်းနည်းစွာ ငိုကြွေးဟစ်အော်ကြပါတယ်။ မသင့်ကြောင်း၊ သူတော်သူမြတ်တို့ရဲ့ အကျင့်မဟုတ်ကြောင်း ဟစ်အော်ကြပါတယ်။

ဒီအခါ လောမကဿပရသေ့ဟာ လွန်စွာ ထိတ်လန့်သွားပြီး "ဤအပြုအမူဟာ သူတော်သူမြတ်တို့ရဲ့ အပြုအမူ မဟုတ်ဘူး" လို့ သတိရပြီး ကြွေ့ကို ထိန်းသိမ်းစောင့်စည်းကာ တပအကျင့်မြတ်ဖြင့် ဈာန်ကို ပြန်ရအောင် ကြိုးစားအားထုတ်ခဲ့ပါတယ်။ ဈာန်ရရှိပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေကာ မင်းနှင့်တကွ လူအများအား ကိလေသာ ငြိမ်းကြောင်း တရားကောင်းကို ဟောကြားခဲ့ပါတယ်။

## အကျင့်မြတ်ကို ဆောင်စေလို့

[ဗြဟ္မစရိယဥ္စ-မင်္ဂလာ-၃၂။]

ဘုရားရှင်ရဲ့ အဆုံးအမနဲ့အညီ အကျင့်မြတ်ကို ဆောင်ခြင်းဟာလည်း ကောင်းမြတ်လှတဲ့ မင်္ဂလာတရားကြီးပင် ဖြစ်ပါတယ်။ မေထုန်မှီဝဲမှုကို ရှောင်ကြဉ်ခြင်းဟာ ပူပန်စေမှု ကင်းစေတဲ့အတွက် ကောင်းမြတ်လှတဲ့ အကျင့်မြတ် ဖြစ်ပါတယ်။ ဒ့ါအပြင် ရဟန်းတရား ကြိုးစားအားထုတ်ခြင်းဟာလည်း မြတ်သောအကျင့်ကို ကျင့်ဆောင်ခြင်း ဖြစ်တဲ့အတွက် "ဗြဟ္မစရိယ" လို့ ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်။

### မာတိကမာတာ စံနမူနာ

ရှေးက မာတိကရွာသူကြီးရဲ့မိခင် မာတိကမာတာဆိုတဲ့ သာသနာတော်ကို အလွန်ကြည်ညိုလှတဲ့ ဒကာမကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အဲဒီ ဒကာမကြီးဟာ ရဟန်းခြောက်ကျိပ်တို့ကို တောင်ပေါ်ကျောင်းကလေးများ ဆောက်လုပ်လှူဒါန်းပြီး ဆွမ်းဒကာမအဖြစ် စီမံဆက်ကပ် ထောက်ပံ့လျက် ရှိခဲ့ပါတယ်။

တစ်နေ့. . ညနေချမ်းမှာ လှူဖွယ်ရာ အဖျော်ယမကာများနဲ့ တောင်ပေါ်ကျောင်းကိုသွားတဲ့အခါ ရဟန်းတော်များကို မမြင်ရတာနဲ့ အဖော်များကို မေးမြန်းစုံစမ်းပါတယ်။ အဖော်များက "ရဟန်းတော်များဟာ ကတိကဝတ်ထားပြီး တစ်ပါး တစ်နေရာစီ တရားအားထုတ်နေကြပါတယ်၊ တစ်စုတစ်ဝေး ဖူးမြင်လိုပါလျှင်

ကျောက်စည်ကို ထိုးပါ” လို့ ပြောကြားကြပါတယ်။ မာတိကမာတာ ဒကာမကြီးက ကျောက်စည်ကို ထိုးလိုက်တဲ့အခါ ကျောက်စည်သံကို ကြားရတဲ့အတွက် ရဟန်းတော်များ စုဝေးလာခဲ့ကြပါတယ်။


မာတိကမာတာ ဒကာမကြီးက “အရှင်ဘုရားတို့ ဘယ်သွားနေကြပါသလဲ ဘုရား” လို့ လျှောက်ထားတဲ့အခါ “ဒကာမကြီး၊ ရဟန်းဆိုတာ ရဟန်းတရား အားထုတ်နေရပါတယ်” လို့ ပြန်ကြားပြောဆိုပါတယ်။ “ရဟန်းတရားဆိုတာ ဘာလဲ ဘုရား” လို့ မေးပြန်တဲ့အခါ “ရဟန်းတရားဆိုတာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတာ၊ ခန္ဓာကိုယ်ရဲ့ ဖြစ်ခြင်း ပျက်ခြင်း သဘောတွေကို ရှုမှတ်ပွားများတာ ဖြစ်ပါတယ်” လို့ မိန့်ကြားပါတယ်။

“ရဟန်းတရားကို လူတွေကော အားမထုတ်နိုင်ဘူးလား ဘုရား” လို့ လျှောက်ထားတဲ့အခါ “လူတွေလည်း အားထုတ်နိုင်ပါတယ်” လို့ မိန့်ကြားပါတယ်။ “ဒါဖြင့် တပည့်တော်မကို တရားအားထုတ်နည်း သင်ပေးပါဘုရား” လို့ လျှောက်ထားပြီး တရားအားထုတ်နည်းကို သင်ယူကာ တရားအလုပ်ကို ကြိုးစားအားထုတ်ခဲ့ပါတယ်။

အဲဒီလို ရဟန်းတရားကို ကြိုးစားအားထုတ်ခဲ့တဲ့အတွက် မာတိကမာတာ ဒကာမကြီးဟာ ရဟန်းတော်ခြောက်ကျိပ်တို့ရဲ့ အရင်ပဲ သုံးမဂ်သုံးဖိုလ်တည်ပြီး ဒိဗ္ဗစက္ခု အဘိညာဉ်ကိုလည်း ရရှိသွားခဲ့ပါတယ်။

---

[၃၃] မာတိကမာတာ ဒကာမကြီး ရဟန်းတရား ကြိုးစားအားထုတ်နေပုံ။



## အရိယသစ္စာ သိမြင်ပါ

[အရိယသစ္စာနဒဿနံ-မင်္ဂလာ-၃၃။]

အရိယသစ္စာဆိုတာကတော့ ဘုရားရဟန္တာ အရိယာသူတော်စင်တို့ သိပယ်ဆိုက်ပွားတဲ့ သစ္စာလေးပါး မြတ်တရားများ ဖြစ်ကြပါတယ်။ သစ္စာလေးပါး ဆိုတာကတော့ ၁။ ဆင်းရဲအမှန် ဒုက္ခသစ္စာ၊ ၂။ ဆင်းရဲဖြစ်ကြောင်းအမှန် သမုဒယသစ္စာ၊ ၃။ ဆင်းရဲချုပ်ရာအမှန် နိရောဓသစ္စာ၊ ၄။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အမှန် မဂ္ဂသစ္စာတို့ ဖြစ်ကြပါတယ်။ အဲဒီ သစ္စာလေးပါးကို သိမြင်ခြင်းဟာ ကောင်းမြတ်လှတဲ့ မင်္ဂလာကြီး ဖြစ်ပါပေတယ်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

## ခုဇ္ဇုတ္တရာလို သိစေလို့

ဘုရားရှင်လက်ထက်က ကောသမ္ဗီပြည်မှာ ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ့နာမည်ရင်းကတော့ ဥတ္တရာပါပဲ။ ဒါပေမယ့် ခါးနည်းနည်းကုန်းလို့ ခုဇ္ဇနဲ့တွဲပြီး ခုဇ္ဇုတ္တရာလို့ တွင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူဟာ သာမာဝတီမိဖုရားထံမှာ ကျွန်မအဖြစ် အမှုထမ်းခဲ့ပါတယ်။ သာမာဝတီအတွက် ပန်းများ သွားဝယ်တဲ့အခါတိုင်း ပန်းဖိုးတစ်ဝက်ကို ခိုးယူထားလေ့ ရှိခဲ့ပါတယ်။

---

[၃၄] ခုဇ္ဇုတ္တရာက သာမာဝတီနှင့် အမျိုးသမီးငါးရာတို့အား တရားဟောကြားနေပုံ။



တစ်နေ့. . ပန်းဝယ်သွားရာမှာ ပန်းသည်အိမ်ရှင်က ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းကျွေး လှူဒါန်းနေတာကို တွေ့ရှိခဲ့ရပါတယ်။ ခုဇ္ဇုတ္တရာဟာ အိမ်ရှင်ရဲ့ တိုက်တွန်းမှုကြောင့် ဝေယျာဝစ္စများမှာ ကူညီ ဆောင်ရွက်ပေးပြီး တရားနာယူခဲ့ပါတယ်။ တရားနာယူရင်း သစ္စာတရားတို့ကို သိမြင်ကာ သောတာပန် ဖြစ်သွားခဲ့ရပါတယ်။

သောတာပန်တည်ပြီးဖြစ်တဲ့ ခုဇ္ဇုတ္တရာဟာ ပန်းဖိုးထဲက မခိုးတော့ဘဲ တန်ဖိုးအပြည့်ဝယ်ယူပြီး သာမာ ဝတီထံ ဆက်သပါတယ်။ သာမာဝတီက ထူးခြားလှတာနဲ့ မေးမြန်းတဲ့အခါ ဘုရားနဲ့ တွေ့ခဲ့ပုံအကြောင်းစုံ တို့ကို ပြန်ကြားပြောဆိုပါတယ်။ ဒီအခါ တရားဟောဖို့ တောင်းပန်တဲ့အခါ "ကျွန်အဖြစ်မှ လွတ်ပြီး ကောင်းစွာ နာယူမှ ဟောကြားမယ်" လို့ ဆိုပါတယ်။ ဒါနဲ့ ကျွန်အဖြစ်မှ လွတ်ပြီး သာမာဝတီနဲ့ အမျိုးသမီးငါးရာတို့ ဟာ ခုဇ္ဇုတ္တရာဟောကြားတဲ့ တရားကို ရိုသေလေးစားစွာ နာယူခဲ့ကြပါတယ်။ သူတို့လည်း တရားနာယူရင်း သစ္စာတရားကို သိမြင်ကာ သောတာပန်များ ဖြစ်သွားခဲ့ကြပါတယ်။

## နိဗ္ဗာန်ချမ်းသာ မြတ်ဆုံးပါ

## [နိဗ္ဗာနသစ္ဆိကိရိယာစ-မင်္ဂလာ-၃၄။]

နိဗ္ဗာန်ချမ်းသာကို ခံစားကြရခြင်းဟာ ကြီးမြတ်လှသော မင်္ဂလာကြီး ဖြစ်ပေတယ်လို့ ဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်။ နိဗ္ဗာန်ဆိုတာကတော့ တဏှာလို့ခေါ်တဲ့ ဝါနဓာတ်မှ ကင်းလွတ်ထွက်မြောက်

ရာဟာ နိဗ္ဗာန်ဖြစ်တယ်လို့ ဆိုပါတယ်။ လောကမှာ ရှိကြတဲ့ ချမ်းသာဟူသမျှမှာ မည်သည့်ချမ်းသာနှင့်မျှ ယှဉ်လို့မရတဲ့ ချမ်းသာဟာ နိဗ္ဗာန်ချမ်းသာပင် ဖြစ်ပေတယ်လို့ မိန့်ဆိုထားပါတယ်။ မြတ်ဗုဒ္ဓသာသနာတော်မှာ အနှိုင်ကောဏ္ဍညမှအစ အရှင် သုဘဒ္ဒအဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိခံစားသွားကြတဲ့ အရိယာသာဝက ဦးရေဟာ ၂၄ အသင်္ချေ၊ ကုဋေ ၆၀၊ ဗိုလ်ခြေတစ်သိန်း ရှိခဲ့တယ်လို့ မှတ်သားခဲ့ရပါတယ်။

## နိဗ္ဗာန်အရသာ ကိုယ်တိုင်ရှာ

နိဗ္ဗာန်ချမ်းသာရဲ့ အရသာနဲ့ပတ်သက်ပြီး အဖြေရှာခဲ့ကြတဲ့ ဘိုးတော်ဘုရားနဲ့ ဦးပေါ်ဦးတို့ရဲ့ တရားဓမ္မ ဆွေးနွေးခန်းကလေးကို ဒီနေရာမှာ အလျဉ်းသင့်တဲ့အတွက် တင်ပြလိုက်ရပါတယ်။

တစ်ခါက . . ဘိုးတော်မင်းတရားဟာ ဗောင်းတော်ဆောင်မှ ထွက်စံပြီး တရားဓမ္မ ဆွေးနွေးနေကျအတိုင်း ဆွေးနွေးတဲ့အခါ ဘုရင်က "ပေါ်ဦး. . ငါဟာ [နိဗ္ဗာနသစ္ဆိကိရိယာ စ] လို့ ဘုရား ဟောကြားတော်မူတဲ့ မင်္ဂလာအရ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဓမ္မာရမ္မဏာအာရုံ ထုံတော်မူတယ်။ [ကာလေန ဓမ္မဿဝနံ] ဆိုတဲ့ မင်္ဂလာအရ တရားတော်ကိုလည်း နာတယ်။ [ကာလေန ဓမ္မသာကစ္ဆာ] အရ တရားတော်ကိုလည်း ဆွေးနွေးတယ်။ အဲဒီလို ဆွေးနွေးတဲ့အခါ သာသနာပိုင်အစရှိတဲ့ တိပိဋကရေ ပရိယတ္တိဝိသာရဒ၊ ဓမ္မကောသလ္လ တံဆိပ်ရ ဆရာတော်ဘုရားများကိုလည်း အကြိမ်ကြိမ် လျှောက်ထားတောင်းပန်သော်ငြားလည်း 'နိဗ္ဗာန်ရဲ့

အရသာ’ ကို ဘယ်အခါမှ ချိုတယ်၊ ချဉ်တယ်၊ စပ်တယ်၊ ငန်တယ်၊ ဖန်တယ်၊ ခါးတယ်ရယ်လို့ ခြားနားသိသာစွာ အချက်ကျကျ ဟောနိုင်ကြတယ်လို့ မတွေ့ရသေးတော့ ငါကိုယ်တော်အရှင်မြတ်လည်း “နိဗ္ဗာနရသ” ကို မုချဧကန် သိလိုတော်မူတဲ့ သမ္မာဆန္ဒအာသီသကြောင့် အဓိမောက္ခတရား မဖြစ်ပွားနိုင်တဲ့အတွက် များစွာပင် စိတ်ဆင်းရဲတော်မူတယ်။

သုံးလောကမှန်ကူ သယမ္ဘူမြတ် ဟောကြားတော်မူအပ်တဲ့ ဒေသနာတော်မြတ်မှာဆိုရင်လည်း “သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ” ဆိုတဲ့ ဂါထာမယ် “သဗ္ဗရသံ ဓမ္မရသောဇိနာတိ” လို့ အဆုံးဝါကျမှာ ပါရှိထားပြန်တော့ အဓိပ္ပါယ်က “တရားဆိုတဲ့ အရသာဟာ ဘယ်အရသာနဲ့မျှ မတူ၊ အရသာဟူသမျှတို့ထက် မြိန်ယှက် ကောင်းမြတ်တယ်” လို့ ဟောတော်မူတယ်။

အဲဒီလို ဟောတော်မူတော့ ဓမ္မရသဆိုတာ လောကုတ္တရာတရား ကိုးပါးကိုပဲ ဆိုတာ မဟုတ်လား။ လောကုတ္တရာတရား ကိုးပါးကို ဆိုလိုရင် နိဗ္ဗာန်ဟာ အဲဒီကိုးပါးထဲမယ် အပါအဝင်ဖြစ်နေတော့ “သဗ္ဗရသံ နိဗ္ဗာနရသော ဇိနာတိ” လို့ ဆိုလိုရာ ရောက်မနေဘူးလား။ အဲဒီလို ဆိုလိုရာရောက်နေလို့ “နိဗ္ဗာန်ရဲ့ အရသာ” ကို ချိုတယ်၊ ချဉ်တယ်၊ စပ်တယ်၊ ငန်တယ်၊ ဖန်တယ်၊ ခါးတယ်ရယ်လို့ ခြားနား[illegible] သိလိုတာနဲ့ ပါဠိအဋ္ဌကထာ ဋီကာစသည်တို့မှာ ပါရှိလိမ့်မယ်အထင်နဲ့ ငါကိုယ်တော်မြတ် အားပါးတစိုက် ရှာကြည့်တော် မူလိုက်တာ

[၃၅]ဦးပေါ်ဦးက ညအခါ မိသာလှောက်နဲ့ မိဂျာယောက် ညီအစ်မနှစ်ယောက်တို့၏ ပြောစကားများကို ပဲယည့်သည့် ပုတ်ကြီးနှစ်လုံးကြားတွင် ထိုင်၍ တိတ်တဆိတ်ချောင်းပြီး နားထောင်နေပုံ။



ဘယ်ကျမ်းဂန်မှာမှ မတွေ့ရတော့ "နိဗ္ဗာန်ရဲ့ အရသာ" ကို လွန်မင်းစွာ သိလိုတော်မူတယ်။ ထင်လင်းခြားနားအောင် ငါ့အား သံတော်ဦးတင်နိုင်လျှင် တင်လျှောက်စေချင်တယ်" လို့ မိန့်တော်မူပါတယ်။

ဒီအခါ ပညာရှိအမတ်ကြီး ဦးပေါ်ဦးက "မှန်လှပါဘုရား၊ နိဗ္ဗာန်ရဲ့ရသ ဝိဝါဒါရမ္မဏ ဖြစ်ပွားတော်မူတာကို အတပ်မုချ သိသာရလို့၊ အဓိမောက္ခစိတ် ဖြစ်တော်မမူကြောင်း မိန့်တော်မူရာဝယ် နိဗ္ဗာန်ရဲ့ အရသာကို ဘုရားကျွန်ဝန် ပေါ်ဦးက အထူးမှတ်တော်မူရန် သံတော်ဦးတင်ပါ့မယ်၊ ရွှေနား ဆင်တော်မူပါဘုရား" လို့ လျှောက်ထားလိုက်ပါတယ်။

ဆက်လက်ပြီး လျှောက်ထားတာက "ဘုရားကျွန်တော်မျိုးလည်း နိဗ္ဗာန်ရဲ့အရသာကို ငယ်စဉ်ကစပြီး အဋ္ဌကထာ ဋီကာများမြောင် ကျမ်းအစောင်စောင်ကို ကြည့်ရှုခဲ့ရာ၊ ဘယ်ကျမ်းမှာမှ မတွေ့ခဲ့ရပါ၊ အဲဒီနောက် ရဟန်းသုံးဝါအရမှာ သာသနာတော်၌ မပျော်မွေ့ကာနဲ့ သိက္ခာတော်မှ လျှောသက်၍ လူထွက်လာပြီးတဲ့အခါ ကျွန်တော်မျိုးများ ရပ်ရွာမှာရှိတဲ့ မိသာလှောက်နဲ့ မိဂျာယောက်ဆိုတဲ့ ညီအစ်မနှစ်ယောက်နဲ့ တွေ့မှပဲ နိဗ္ဗာန်ရဲ့အရသာကို သေချာကွဲပြား၍ ကြံဆခြင်းဆိုတဲ့ ဝိတက်တရားများ ငြိမ်းအေးရပါတော့တယ် ဘုရား၊ အဲဒီအချိန်ကစပြီး သူတို့ညီအစ်မကိုပဲ ငါရဲ့ကျေးဇူးရှင် ဆရာများပါတကားရယ်လို့ သဘောထားပြီး မခြားနေ့စဉ် ကျေးဇူးတင်လျက် နေရပါတယ် ဘုရား"

အဲဒီလို လျှောက်တင်လိုက်တဲ့အခါ မင်းကြီးက "ဟဲ့. . ပေါ်ဦး၊ မိသာလှောက်နဲ့ မိဂျာယောက်တို့ ညီအစ်မနှစ်ယောက်ကြောင့် နိဗ္ဗာန်ရဲ့အရသာကို ကောင်းစွာ သိပုံကို ငါ့အား အမြန် လျှောက်တင်စမ်း" လို့

မိန့်တော်မူပါတယ်။
ဒီအခါ ဦးပေါ်ဦးက "မှန်လှပါဘုရား၊ သာလှောက်နဲ့ ဂျာယောက်တို့ရဲ့ အကြောင်းကတော့ အစ်မ
ဖြစ်တဲ့ သာလှောက်က အပျိုပါဘုရား။ ညီမဖြစ်သူ ဂျာယောက်က တစ်ခုလပ် တစ်လင်ကွာ ဖြစ်ပါတယ်
ဘုရား၊ တစ်နေ့တော့ ဘုရားကျွန်တော်မျိုးလည်း လူငယ်တို့ဘာဝ ညအခါ ရပ်ရွာမှာ လည်ပတ်ရာက ပြန်
လာတဲ့အခါ "ခါတိုင်းဆိုရင် သာလှောက်နဲ့ ဂျာယောက်တို့အိမ်နားရောက်ရင် ဝါဖန်ခြင်း၊ ဗိုင်းလိပ်ခြင်း၊ ဗိုင်း
ဝင့်ခြင်းစတဲ့ အလုပ်တွေကို နေ့စဉ်လုပ်နေတာကို တွေ့ရပါလျက် ဒီနေ့တော့ ဘယ့်အတွက်ကြောင့် အလုပ်
မလုပ်ကြဘဲ စောစောစီးစီး အိပ်ကြပါလိမ့်မလဲ" လို့ သိလိုတာနဲ့ သူတို့အိပ်တဲ့ အခန်းနံဘေးက ပဲထည့်တဲ့
ပုတ်ကြီးနှစ်လုံးကြားမှာထိုင်ပြီး သူတို့ပြောတဲ့ စကားများကို တိတ်တဆိတ် အသာချောင်း၍ နားထောင်မိပါ
ဘယ်ဘုရား။
ဒီအခါ အစ်မဖြစ်သူ မိသာလှောက်က "ညီမရယ် ညည်းကတော့ လင်ယူဖူးတဲ့အတွက် လင့်အရသာ
ဟာ ဘယ်လောက်ကောင်းသလဲ၊ ဘယ်လိုနေသလဲဆိုတာ သိမှာပါပဲ၊ အစ်မကြီးလည်း သိလောက်အောင်
ပြောပြစမ်းပါ" လို့ပြောတော့၊ ညီမဖြစ်သူ မိဂျာယောက်က "အစ်မကြီးရယ်၊ လင့်အရသာဟာ လောကမှာ
ရှိသမျှ အရသာတကာတို့ထက် ပိုပြီး ကောင်းလှပါတယ်။ ဘယ်လောက် ကောင်းသလဲဆိုရင် ရိုးတွင်းချဉ်ဆီ
ကပင် စိမ့်၍သွားအောင် ကောင်းလှပါတယ်" လို့ ပြန်ပြောပါတယ်။
တစ်ခါ အစ်မကြီးက "ဒါဖြင့် အရသာတွေထက် သာလွန်တယ်ဆိုတော့ ဘယ်လိုအရသာလဲ၊ အချို

အချဉ် အစပ် အငန် အဖန် အခါး အဆိမ့်ဆိုတဲ့ အရသာခုနစ်ပါးမှာ ဘယ်အရသာနဲ့ တူပါသလဲ" လို့ မေးပြန်တဲ့အခါ၊ ညီမဖြစ်သူ ဂျာယောက်က "အစ်မကြီး၊ အစ်မကြီးမေးတဲ့ အရသာတွေထဲမယ် အချိုပဲ အချဉ်ပဲရယ်လို့ ကျွန်မ ခွဲခြားမပြတတ်ပါဘူး၊ အဲသလို ကောင်းတာကိုပဲ ဘယ်လို ကောင်းတယ်လို့ အချို အချဉ် သတ်မှတ်ပြီး အမည်မမှည့်တတ်တဲ့ အရသာထူးကို နောင်တစ်ချိန်မှာ "အစ်မကြီးကိုယ်တိုင် လင်ရတော့" သေချာစွာ သိရပါလိမ့်မယ်လို့ ပြောပါတယ်ဘုရား။

ဒီစကားကို ကြားခဲ့ရာမှ ဘုရားကျွန် ပေါ်ဦးလည်း နိဗ္ဗာန်ရဲ့အကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့ရပါတယ်ဘုရား။ ဒါကြောင့် ဒီနည်းကို အမှီသဟဲအစွဲပြုပြီး ဘဝရှင်မင်းတရားကြီး သိလိုတော်မူတဲ့ "နိဗ္ဗာန်ရဲ့ အရသာ" ဟာ ကောင်းတာတော့ မှန်ပါတယ်။ ဒါပေမယ့် ဘယ်အရသာမျိုး ကောင်းတယ်လို့ တော့ ကျွန်တော်မျိုး အချို အချဉ် အမည်တပ်ပြီး မတင်လျှောက်တတ်ပါ၊ သိတော်မူလိုလျှင် [အစ်မကြီးကိုယ်တော်တိုင် လင်ရတော့ သေချာစွာ သိတော်မူပါလိမ့်မယ်] ဆိုတဲ့ အကြောင်းကို လျှောက်ထား သံတော်ဦး တင်ဝံ့ပါသည်ဘုရား" လို့ လျှောက်ထားတဲ့အခါ ဘဝရှင်မင်းတရားကြီးနဲ့တကွ မှူးတော်မတ်တော်တို့ဟာ လွန်စွာပင် ရယ်မောကြပြီး မင်းတရားကြီးက "ပေါ်ဦးတို့ မေးလိုက်မှပဲ ရှင်းရှင်းလင်းလင်း ရှိပေတယ်" လို့ မိန့်တော်မူပြီး အတွင်းဆောင်သို့ ဝင်တော်မူသွားခဲ့ပါတယ်။

ကဲ. . နိဗ္ဗာန်ရဲ့အရသာကို ကိုယ်တိုင် သိရှိခံစားကြရလေအောင် ကိုယ်တိုင် တရားရှုမှတ်ပွားများပြီး

ကိုယ်တိုင် မင်္ဂလာရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တဲ့အထိ ရည်မှန်းအားထုတ်ကြကာ နဝမဂါထာ မင်္ဂလာကဗျာလေးတွေကို ကိုယ်တိုင် ဆိုကြပါဦးစို့။

## နဝမဂါထာ အညွှန်းကဗျာ

နဝမဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
ဣန္ဒြေဖြာဖြာ စောင့်စည်းထားလို့၊ မြိုးမြံတရား ကျင့်ကြကွယ်။
မြင့်မြတ်မှန်ကန် ရဟန်းတရားကို၊ ကျင့်ကြံကြိုးစား အားထုတ်ကွယ်။
တဏှာရင်းခံ ဒုက္ခမပွားဖို့၊ သစ္စာလေးပါး သိမြင်ကွယ်။
နိဗ္ဗာန်ကိုသာ မျက်မှောက်ပြုလို့၊ ချမ်းသာမှုကို ရှာကြကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## "ဒသမဂါထာ မင်္ဂလာ"

ဖုဋ္ဌဿ လောကဓမ္မေဟိ, စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ, ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို. . နတ်သား။ ယဿ၊ အရိယာနွယ်ဝင် အကြင်သူတော်စင်ပုဂ္ဂိုလ်သည်။ လောကဓမ္မေဟိ၊ လောကဓံခေါ်ငြား ထိုတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌော၊ မလွဲမသွေ တွေ့ဆုံပေသည်။ အဿဟောတိ၊ ဧကန်စင်စစ် ဖြစ်ပါပေ၏။ တဿ၊ အရိယာနွယ်ဝင် အကြင်သူတော်စင်ပုဂ္ဂိုလ်၏။ စိတ္တံ၊ နဂိုတည်ကြည် မြတ်သောစိတ်သည်။ န ကမ္ပတိ၊ မယိမ်းမခုန် မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ကြောင့်ကြ သောကလည်းမရှိ။ ဝိရဇံ၊ ရမက်ဟူ၍ မြူအငွေ့မျှလည်း မရှိ။ ခေမံ၊ ထိတ်လန့်ကြောက်ရေးဘေးလည်းမရှိ။ ဧတံ၊ ဤလေးပါးသည်။ ဥတ္တမံ၊ ကောင်းမြတ်လှသော။ မင်္ဂလံ၊ မကောင်းကျိုးကို ပယ်ချိုးသတ်ဖြတ် ကောင်းကျိုးကပ်ရာ သတ္တာအဒပါင်း ကြီးပွားချမ်းသာကြောင်း မင်္ဂလာပါပေတည်း။

ဒသမဂါထာမှာ ဘုရားရှင် ဟောကြားတော်မူတဲ့ မင်္ဂလာတရားများကတော့. . .

၁။ လောကဓံတို့ကြောင့် စိတ်မတုန်လှုပ်ပါနှင့်။

၂။ စိုးရိမ်သောက မရှိပါစေနှင့်။

၃။ ကိလေသာမြူ မရှိပါစေနှင့်။

၄။ ကြောက်ရွံ့ထိတ်လန့်မှုဘေး မရှိပါစေနှင့် - ဆိုတဲ့ မင်္ဂလာတရား ၄-ပါးတို့ ဖြစ်ကြပါတယ်။ ဒီမင်္ဂလာတရား ၄-ပါးတို့ကတော့ "စိတ်ခါတ်ကြံ့ခိုင်ရန်" လမ်းညွှန်မှုပေးတဲ့ မင်္ဂလာတရားတော်များ ဖြစ်ကြပါတယ်။

## လောကဓံတရား ကြံ့ခိုင်ထား

**[ဖုဋ္ဌဿ လောကဓမ္မေဟိ, စိတ္တံယဿ နကမ္ပတိ-မင်္ဂလာ-၃၅။]**

လောကဓံတရားများကို သတ္တဝါတိုင်း မလွဲမသွေ တွေ့ကြုံကြရမြဲ ဖြစ်ပါတယ်။ အဲဒီလို တွေ့ကြုံကြရတဲ့အခါ မတုန်မလှုပ်ဘဲ ကြံ့ကြံ့ခိုင်စွာ ရင်ဆိုင်နိုင်ခြင်းဟာ ကောင်းမြတ်လှတဲ့ မင်္ဂလာကြီး ဖြစ်ပါတယ်။ လောကဓံတရားများ ဆိုတာကတော့ ၁။ လာဘ်ရခြင်း၊ ၂။ လာဘ်မရခြင်း၊ ၃။ အခြံအရံရှိခြင်း၊ ၄။ အခြံအရံမရှိခြင်း၊ ၅။ ချီးမွမ်းခြင်း၊ ၆။ ကဲ့ရဲ့ခြင်း၊ ၇။ ချမ်းသာခြင်း၊ ၈။ ဆင်းရဲခြင်းတို့ ဖြစ်ကြပါတယ်။

အဲဒီလို ရှစ်ပါးရှိတဲ့ လောကဓံတရားကို သာမန်ပုထုဇဉ်များ ခံနိုင်စွမ်း မရှိကြပါဘူး။ အနည်းနဲ့အများ တုန်လှုပ်ကြရပါတယ်။ ခံနိုင်စွမ်းရှိဖို့ဆိုတာ သမာဓိခါတ်ခံ ရင့်သန်ဖို့ လိုပါတယ်။ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမတရားများကို ထင်မြင်အောင် ရှုတတ်ဖို့ လိုပါတယ်။

ဒါကြောင့် လောကဓံတရားများကို မတုန်မလှုပ် ခံနိုင်စွမ်းရှိအောင် အကြားအမြင်ရှိ၍ သတိပညာ

ဆင်ခြင်ဉာဏ်ဖြင့်၊ သမာဓိဓာတ်ခံ ရင့်သန်ကြစေဖို့ ကြိုးစားအားထုတ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။


## ခံနိုင်ခွမ်းရည် ရှိသင့်သည်

ရှေးတုန်းက ရဟန္တာတစ်ပါးဟာ ဆွမ်းခံအိမ်တစ်အိမ်မှာ ဆွမ်းခံရင်း အိမ်သားများနှင့် ရင်းနှီးခဲ့ပါတယ်။ အဲဒီလို အိမ်သားများနှင့် ရင်းနှီးတာကို နတ်သားတစ်ပါးက မြင်ပြီး မလိုလားဘဲ ဖြစ်ခဲ့ပါတယ်တဲ့။

တစ်နေ့မှာ နတ်သားက ထိုအိမ်မှ အိမ်ရှင်မ ယောင်ဆောင်ကာ "အရှင်ဘုရား၊ မြစ်ဆိပ်မြို့လယ် လမ်းကြီးလမ်းငယ် နေရာတိုင်းတို့မှာ အရှင်ဘုရားနဲ့ တပည့်တော်မတို့ကို ဘာလိုလို ပြောဆိုနေကြပါတယ်" လို့ ခပ်တည်တည် လျှောက်ထားတဲ့အခါ ရှင်ရဟန်းက "ဆန့်ကျင်ဘက် ပဲ့တင်ခတ်သံတို့ဟာ များပြားစွာ ရှိကြပါတယ်၊ ရဟန်းဆိုတာ အဲဒီအသံမျိုးကို ခံနိုင်ရည် ရှိရပါတယ်၊ အဲဒီလိုအသံကြောင့် ညစ်ညမ်းမှုကို မဖြစ်စေနိုင်ပါ။ တောထဲမှာ လေတိုက်တိုင်း လန့်နေတဲ့ သမင်ပမာ ထိုအသံတို့ကို လန့်နေတဲ့ ရဟန်းကို စိတ်ပေါ့သွမ်းသူလို့ ဆိုကြပါတယ်၊ အဲဒီလို ရဟန်းမျိုးဟာ အကျင့်သီလနဲ့လည်း မပြည့်စုံနိုင်ပါ" စသည်ဖြင့် မိန့်ဆိုတော်မူခဲ့ပါတယ်။

---

[၃၆] နတ်သားတစ်ပါးက အိမ်ရှင်မယောင်ဆောင်ပြီး ရဟန်းတော်အား "အရှင်ဘုရားနဲ့ တပည့်တော်မတို့ကို ဘာလိုလို ပြောဆိုနေကြပါတယ်ဘုရား" ဟု လျှောက်ထားနေပုံ။



ဒါဟာ "ကဲ့ရဲ့ခြင်းလောကဓံကြောင့် မတုန်လှုပ်ခြင်း" ဆိုတဲ့ မင်္ဂလာ ဖြစ်ပါတယ်။

## စိုးရိမ်သောက ကင်းဝေးမှု
[အသောကံ-မင်္ဂလာ-၃၆။]

စိုးရိမ်သောက ကင်းဝေးစွာ နေထိုင်ခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာကြီးပင် ဖြစ်ပါတယ်။ ရဟန္တာ အရိယာပုဂ္ဂိုလ်ကြီးများသာ စိုးရိမ်သောက ကင်းဝေးစွာ နေထိုင်နိုင်ကြပါတယ်။ ပုထုဇဉ် လူရှင်များအဖို့မှာတော့ စိုးရိမ်သောက နည်းနိုင်သမျှ နည်းအောင် ကြံဆောင် လေ့ကျင့်ထားကြရပါတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို နေ့စဉ်ပွားများနေကြခြင်းဟာ သောကနည်းအောင် ကြံဆောင်လေ့ကျင့်နေခြင်း ပင် ဖြစ်ပါတော့တယ်။ လက္ခဏာရေးသုံးပါးကို ပွားများနေကြသူများအဖို့ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်း နေကြသူများအဖို့မှာတော့ စိုးရိမ်သောက နည်းပါးနိုင်ကြပါတော့တယ်။

## ပုဏ္ဏားမိသားစု သာဓက[၃၇]

ရှေးတုန်းက ပုဏ္ဏားမိသားစုတစ်စုရှိရာမှာ သားဖြစ်သူဟာ လယ်ထွန်ရင်း မြွေကိုက်ခံရလို့ သေဆုံးသွား

---

[၃၇] ခရီးသည်အား ပုဏ္ဏားမိသားစုက သူတို့သား သေသည့်အတွက် ပူဆွေးသောက မဖြစ်ကြပုံကို ရှင်းပြနေပုံ။



ခဲ့ရပါတယ်။ လူသေရဲ့ အလောင်းကို မီးသဂြိုဟ်ကြတဲ့အခါ အားလုံးသော မိသားစုတို့ဟာ သောကပရိဒေဝ မဖြစ်ကြဘဲ တည်ငြိမ်စွာ ရှိနေခဲ့ကြပါတယ်။ ဒါကို သိကြားမင်း မြင်တဲ့အခါ စုံစမ်းလိုတဲ့အတွက် ခရီးသည် ယောင်ဆောင်ကာ ထိုမိသားစုအနီးသို့ ရောက်ရှိလာခဲ့ပါတယ်။ ခရီးသည်က "ယခုသေသူဟာ သင်တို့နဲ့ ဘယ်လို သွေးသားတော်စပ်ပါသလဲ" လို့ မေးတဲ့အခါ ပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီးတို့က သားဖြစ်ကြောင်း၊ မယားပုဏ္ဏေးမက လင်ဖြစ်ကြောင်း၊ ညီမပုဏ္ဏေးမက အစ်ကိုဖြစ်ကြောင်း စသည်ဖြင့် အသီးသီး ပြန်ကြား ပြောဆိုခဲ့ကြပါတယ်။

အဲဒီအခါ ခရီးသည်က "ဒါဖြင့် ဘာလို့ သောက မဖြစ်ကြတာလဲ၊ သူ့မှာ ဘာအပြစ်များ ရှိလို့လဲ" လို့ မေးတဲ့အခါ ဖခင်ပုဏ္ဏားကြီးက "လောကမှာ မြွေအရေဟောင်း စွန့်သလို သားဖြစ်သူလည်း ခန္ဓာဟောင်း ကို စွန့်ပစ်သွားတာပါ။ သေလို့ အသုံးမဝင်တော့တဲ့ သူ့ခန္ဓာကို မီးရှို့တာလည်း သူမသိ၊ ဆွေမျိုးတွေ ငိုနေ တာလည်း သူမသိ၊ သူ့ဂတိအတိုင်း သွားပြီဖြစ်ရာ ပူဆွေးနေစရာ ဘာအကြောင်းရှိတော့မှာလဲ" လို့ ဖြေကြား ပါတယ်။

မိခင်ပုဏ္ဏေးမကြီးက "သားဖြစ်သူဟာ ငါတို့မခေါ်ဘဲ တခြားက ရောက်လာတယ်၊ ခု ငါတို့မလွှတ်ဘဲ ပြန်သွားတယ်၊ သူ့သဘောနဲ့သူ လာခဲ့သလို သူ့သဘောအတိုင်း ပြန်သွားပြီဖြစ်ရာ ပူဆွေးနေစရာ ဘာ အကြောင်းရှိတော့မှာလဲ" လို့ ပြောဆိုပါတယ်။

ညီမဖြစ်သူက "ကျွန်မငိုနေလျှင် ကိုယ် ပိန်ချုံးသွားရုံသာ ရှိတော့မှာပေါ့။ ဘာမှ အကျိုးရှိမှာ မဟုတ်ပါ

ဘူး၊ ပြီးတော့ ဆွေမျိုးတွေ မိတ်ဆွေတွေ ပိုပြီး စိတ်မချမ်းမသာ ဖြစ်ဖွယ်သာ ရှိပါတယ်" လို့ ပြောကြားပါတယ်။

မယားဖြစ်သူက "ကလေးငယ်ဟာ လမင်းကြီးကို ရဖို့အရေး ငိုကြွေးနေသလို သေသူကို တမ်းတပြီး ပူဆွေးနေသူဟာ မရနိုင်တာကို တမ်းတနေတဲ့ ကလေးငယ်သဖွယ်သာ ဖြစ်ပါလိမ့်မယ်" လို့ ပြောပါတယ်။

ကျွန်မဖြစ်သူကလည်း "ကွဲသွားတဲ့အိုးကို ပြန်ဆက်လို့ မဖြစ်နိုင်သလို သေသူကို တမ်းတပူဆွေးနေခြင်းဟာ အကျိုးဖြစ်ထွန်းဖွယ် မမြင်ပါဘူး" လို့ ပြောပါတယ်။

သူတို့မိသားစု ငါးယောက်ရဲ့ စိုးရိမ်သောကကင်းစွာ ပြောကြားကြတဲ့ စကားကို သံကြားမင်း ကြားရတဲ့အခါ လွန်မင်းစွာ ချီးကျူးထောမနာ ပြုခဲ့ရပါတယ်။

## မြူအညစ်ကြေး ကင်းစင်ရေး
[ဝိရဇံ-မင်္ဂလာ-၃၇။]

ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့ မြူမှုန်များဟာ လူသတ္တဝါများကို ညစ်နွမ်းစေတတ်ပါတယ်။ ထိုမြူမှုန်တို့မှ ကင်းရှင်းသန့်စင်စွာ နေထိုင်ခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာတရားဖြစ်ပါတယ်။ ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့ မြူမှုန်များကို သန့်စင်ဆေးကြောတဲ့နေရာမှာ အကောင်းဆုံးနည်းလမ်းဟာ ဘုရားရှင် ညွှန်ပြတော်မူတဲ့အတိုင်း တရားအားထုတ်ခြင်း၊ တရားထိုင်ခြင်းတို့ပဲ ဖြစ်ကြပါတယ်။

ရာဂ အစရှိတဲ့ ကိလေသာ မြူအညစ်အကြေးတို့ဖြင့် ဖုံးလွှမ်းညစ်နွမ်းနေကြသူများဟာ ဘဝသံသရာ အဆက်ဆက် မကောင်းသော အကျိုးသက်ရောက်မှုတို့ဖြင့် နှိပ်စက်ခံကြရရှာပါတယ်။

## လေးဘဝခံရ သို့ရာဂ

ရှေးတုန်းက သီဟိုဠ်နိုင်ငံ တောရွာတစ်ရွာမှာ အဘိုးအိုတစ်ဦးနဲ့ သားနှစ်ယောက်တို့ ရှိခဲ့ကြပါတယ်။ သားကြီးဟာ အမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ကျတဲ့အခါ မိသားစုလေးယောက် ဖြစ်လာကြပါတယ်။ အဘိုးအိုနဲ့ အိမ်ထောင်ရှင် သားကြီးတို့ဟာ လယ်ထဲမှာ အလုပ်သွားလုပ်ကြတဲ့အခါ အိမ်မှာ မယားနဲ့ ညီတို့သာ ကျန်ရစ်ခဲ့ကြပါတယ်။ ကြာတော့ မယားနဲ့ ညီတို့ဟာ တိတ်တဆိတ် ဖောက်ပြားမိကြပြီး မယားက ပူဆာလွန်းတာနဲ့ ညီက အစ်ကိုကြီးကို သတ်ပစ်လိုက်ပါတယ်။

အစ်ကိုကြီးဟာ မယားကို စွဲလမ်းတဲ့ ရာဂစိတ်နဲ့ သေသွားခဲ့ရတဲ့အတွက် အဲဒီအိမ်မှာ ထန်းမြွေ ဖြစ်လာခဲ့ရပါတယ်။ အဲဒီမြွေဟာ မယားဟောင်းရဲ့ ကိုယ်ပေါ်ကို ပစ်ပစ်ချနေတာနဲ့ မယားက သိရှိပြီး ညီကို သတ်ခိုင်းပြန်တဲ့အတွက် သေသွားခဲ့ရပြန်ပါတယ်။ မြွေဘဝကသေပြီး ရာဂစွဲလမ်းမှုက ရှိနေသေးလို့ အဲဒီအိမ်မှာ ခွေးလာဖြစ်ရပြန်ပါတယ်။ အဲဒီ ခွေးလေးကလည်း မယားဟောင်းကို စွဲလမ်းတဲ့စိတ်နဲ့ နောက်မှ တကောက်

---

[၃၈] ခွေးကလေးက စွဲလမ်းတဲ့ရာဂစိတ်နဲ့ မိမိမယားဟောင်း၏နောက်သို့ တကောက်ကောက် လိုက်ပါနေရှာပုံ။



ကောက်လိုက်နေပြန်တဲ့အတွက် မယားက သိရှိပြီး ညီကို အသတ်ခိုင်းပြန်လို့ သေခဲ့ရပြန်ပါတယ်။

ခွေးဘဝက သေပြီး စွဲလမ်းမှုက မသေသေးတဲ့အတွက် အဲဒီအိမ်မှာ နွားလာဖြစ်ရပြန်ပါတယ်။ နွားဘဝမှာလည်း မယားဟောင်းကို ချစ်တဲ့စိတ်နဲ့ နောက်မှ တကောက်ကောက် လိုက်နေပြန်လို့ မယားဟောင်းက သိရှိပြီး ညီကို အသတ်ခိုင်းလို့ လေးဘဝမြောက် သေခဲ့ရပြန်ပါတယ်။

နွားဘဝက သေပြီးတဲ့နောက် စွဲလမ်းမှုနဲ့ အဲဒီမယားဟောင်းရဲ့ဝမ်းမှာ ပဋိသန္ဓေနေလာရပြန်ပါတယ်။ မွေးဖွားလာတဲ့အခါ ဇာတိဿရဉာဏ်ကို ရတဲ့အတွက် ယခင်ဘဝဟောင်းများက အဖြစ်အပျက်များကို သိမြင်ပြီး မိခင်ရဲ့အကိုင်အတွယ်ကိုပင် မခံတော့ဘဲ ငိုယိုပြီး နေပါတော့တယ်။ အရွယ်ရောက်တဲ့အခါ အဘိုးဖြစ်သူကို အားလုံးအကြောင်းစုံ ပြောတဲ့အခါ ထိတ်လန့်တုန်လှုပ်ခဲ့ကြပြီး မြေးအဘိုးနှစ်ယောက်လုံး ရဟန်းပြုခဲ့ကြပါတယ်။

ကိလေသာ မျိုးအညစ်အကြေးတွေ ကုန်ခန်းစေတဲ့ တရားအလုပ်ကို ကြိုးစားအားထုတ်ကြတဲ့အတွက် မြေးအဘိုး ရဟန်းနှစ်ပါးလုံး ရဟန္တာများ ဖြစ်သွားခဲ့ကြရပါတယ်။

---

[၃၉] ရင်းတိုက်တောကြီးထဲတွင် အရှင်ကုမာရကဿပအား ပါယာသိမြို့စားက သူ့အယူအဆကို တင်ပြပြောဆိုနေပုံ။



## ဘေးကင်းချမ်းသာ ခေမ မင်္ဂလာ

[ခေမံ-မင်္ဂလာ-၃၈။]

လောဘ၊ ဒိဋ္ဌိ၊ မောဟ စတဲ့ ကိလေသာဘေးတို့မှ ကင်းဝေးခြင်းဟာ ခေမ မင်္ဂလာဖြစ်ပါတယ်။ ဒိဋ္ဌိဆိုတဲ့ အယူမှားခြင်းကြောင့် ကြောက်ရွံ့ထိတ်လန့်ရတဲ့ ဘေးဆိုးကြီး ဆိုက်ရောက်ပြီး သံသရာမှာ နစ်မွမ်းသွားစေနိုင်ပါတယ်။ ဒါကြောင့် ဒီဘေးဆိုးကြီးတို့မှ ကင်းဝေးပြီး ခေမ မင်္ဂလာဖြစ်စေဖို့ရာ တရားအလုပ် အားထုတ်ကြပြီး ကုသိုလ်ဘာဝနာတရားကို ပွားများကြရမှာ ဖြစ်ပါတယ်။

## ပါယာသိအယူ သက်သေထူ

ရှေးက သေတဗျမြို့မှာ ပါယာသိဆိုတဲ့ မြို့စားတစ်ယောက် ရှိခဲ့ပါတယ်။ သူ့ရဲ့အယူဝါဒက "တမလွန်လောကဆိုတာ မရှိဘူး၊ ကုသိုလ် အကုသိုလ်ဆိုတာ မရှိဘူး၊ နတ်ပြည် ငရဲပြည်ဆိုတာ မရှိဘူး" ဆိုတဲ့ အယူဖြစ်ပါတယ်။ ဒါဟာ မိစ္ဆာအယူမှားပါပဲ။ ပါယာသိဟာ ဒီအယူနဲ့သာ သေရင် အပါယ်ငရဲကျမှာ သေချာပါတယ်။

တစ်နေ့. . အရှင်ကုမာရကဿပ မထေရ်ကြီးဟာ ရဟန်းငါးရာနှင့်တကွ သေတဗျမြို့ရဲ့အနီး ရင်းတိုက်တောအုပ်ကြီးသို့ ရောက်ရှိလာတော်မူပါတယ်။ အဲဒီအခါ ပါယာသိက **သူ့ရဲ့အယူ**မှားကို အမျိုးမျိုး

ကင်ပြလာပါတယ်။ အရှင်ကုမာရကဿပကလည်း အထောက်အထားအမျိုးမျိုးဖြင့် ရှင်းလင်း ဟောကြားကာ အယူမှန်သို့ ရောက်စေပါတယ်။ ဒါပေမယ့် ပါယာသိဟာ အလှူဒါနကို ပြုတဲ့အခါ ကိုယ်တိုင်ကိုယ်ကျ မပေးလှူဘဲ မိမိကိုယ်စား ဥတ္တရလုလင်ကို လွှဲအပ်ပြီး လှူဒါန်းစေခဲ့ပါတယ်။ လှူတဲ့ပစ္စည်းကလည်း ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းသာ ဖြစ်ပါတယ်။

သေလွန်သွားတဲ့အခါ ပါယာသိဟာ ကန္တာရမှာ ကုက္ကိုပင်စောင့်နတ်ဖြစ်ပြီး ဥတ္တရလုလင်က တာဝတိံသာမှာ နတ်သားဖြစ်ခဲ့ရပါတယ်။ တစ်နေ့ . . ဂဝမ္ပတိမထေရ်နဲ့တွေ့တဲ့အခါ ပါယာသိကုက္ကိုပင်စောင့်နတ်က "တပည့်တော်ဟာ ပါယာသိရာဇညပါဘုရား၊ အရှင်ကုမာရကဿပက အယူမှန်အောင် ရှင်းလင်းပေးခဲ့လို့ အယူမှန်ခဲ့ပေမယ့် ဒါနပြုတဲ့အခါ မရိုမသေပြုခဲ့မိလို့ ယခုလို ကုက္ကိုပင်စောင့်နတ် ဖြစ်ခဲ့ရပါတယ် ဘုရား"

"ဒါကြောင့် လူ့ပြည်လူ့ရွာသို့ ရောက်တဲ့အခါ တပည့်တော်လို မဖြစ်ကြစေဘဲ ဒါနပြုတဲ့ခါ ကိုယ်ထိလက်ရောက် ရိုရိုသေသေ ပြုကြပါ၊ ကိုယ်တိုင် ပေးလှူကြပါလို့ ဟောကြားပေးတော်မူပါဘုရား" လို့ မှာကြားလျှောက်ထားခဲ့ရှာပါတယ်။

အမှန်စင်စစ် ပါယာသိရာဇညဟာ အရှင်ကုမာရကဿပနဲ့ တွေ့ခဲ့ရလို့သာ မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမှားတဲ့ ဘေးဆိုးကြီးမှ ကင်းလွတ်ခဲ့ရပြီး ခေမ မင်္ဂလာကြီးကို ရရှိခဲ့ကာ အပါယ်ဘေးမှ ကင်းလွတ်ခဲ့ရခြင်း ဖြစ်ပါတော့တယ်။

ကဲ. . . နောက်ဆုံးအနေနဲ့ ဒသမဂါထာမင်္ဂလာ ကဗျာများကို ညီညီညာညာ ဆိုကြပါစို့။

## ဒသမဂါထာ အညွှန်းကဗျာ

ဒသမဂါထာ မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်ကြကွယ်။
ရှစ်ပါးလောကဓံ တွေ့ဆုံငြားတော့၊ တုန်လှုပ်စိတ်ထား မရှိနဲ့ကွယ်။
တရားဘာဝနာ ကျင့်ကြံပွားတော့၊ သောကအများ ကင်းဝေးမယ်။
ကိလေသာမြူ မဖုံးလွှမ်းတော့၊ မညစ်မနွမ်း ဖြူစင်မယ်။
တဏှာကင်းကွာ ချမ်းသာအေးတော့၊ သံသရာဘေးက လွတ်ပေါ့ကွယ်။
ကောင်းကျိုးချမ်းသာ မင်္ဂလာတရားကို၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့၊ အောင်မြင်မှုများ ရကြမယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာသားတို့၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

# "နိဂုံးအမှာ"

ရှင်တော်ဘုရား ဟောကြားခဲ့တဲ့ မင်္ဂလာဂါထာများကို ပါဠိနိဿယ မြန်မာပြန်နဲ့တကွ တင်ပြလို့ ပြီးပါပြီ။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတွေကိုလည်း ဝတ္ထုကြောင်းများနဲ့တကွ ရှင်းလင်းဖွင့်ဆိုလို့လည်း ပြီးစီး ပြည့်စုံသလောက် ရှိသွားပါပြီ။

ဘုရားဟော မင်္ဂလာပါဠိဂါထာများကို ပရိတ်အဖြစ်နဲ့ မြန်မာပြည်အနှံ့အပြား ရွတ်ဆိုလျက် ရှိကြပါတယ်။ မင်္ဂလသုတ်ပရိတ်ကို ရွတ်လျှင် "အန္တရာယ်ကင်းတယ်၊ စီးပွားလာဘ်လာဘ ရွှင်တယ်၊ ကျက်သရေမင်္ဂလာရှိတယ်" လို့ ယုံကြည်ယူဆပြီး ရွတ်ပွားသရဇ္ဈာယ်နေကြခြင်း ဖြစ်ပါတော့တယ်။ ဒါဟာ ကောင်းသင့်သလောက်တော့ ကောင်းပါတယ်။

ဒါပေမယ့် ဘုရားရှင်က ရွတ်ပွားနေရုံ ရွတ်ပွားနေကြဖို့ သက်သက်အတွက် ဟောကြားခဲ့တာတော့ မဟုတ်ပါဘူး။ မင်္ဂလာတရားတော်များနဲ့အညီ လိုက်နာနေထိုင်ကြဖို့ ကျင့်ကြံပွားများ အားထုတ်ကြဖို့ ရည်ရွယ်

ချက်နဲ့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

မင်္ဂလာတရားတော်များနဲ့အညီသာ တကယ်နေထိုင် လုပ်ကိုင်ကြမယ်ဆိုရင်၊ တကယ်ကျင့်ကြံ ပွားများအားထုတ်ကြမယ်ဆိုရင် တကယ် ဘေးရန်အန္တရာယ်ကင်းမယ်၊ တကယ် ကြီးပွားချမ်းသာမယ်၊ တကယ် ကျက်သရေမင်္ဂလာရှိမယ်ဆိုတာ ရဲရဲဝံ့ဝံ့ကြီး အာမခံနိုင်ပါတယ်။

အမှန်စင်စစ် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ဟာ လူတိုင်း လိုက်နာ ကျင့်ကြံ အားထားကြရမယ့် လူ့ကျင့်ဝတ်၊ လူ့ဥပဒေများ ဖြစ်ကြပါတယ်။ လိုက်နာ ကျင့်ကြံကြလေလေ လိုက်နာကျင့်ကြံကြသလောက် ကောင်းကျိုးချမ်းသာ မင်္ဂလာများ ရရှိကြလေလေ ဖြစ်မှာ အမှန်ပါပဲ။

လူတိုင်းသာ ဗုဒ္ဓဟောကြားခဲ့တဲ့ မင်္ဂလာတရားတော်အတိုင်း လိုက်နာနေထိုင် လုပ်ကိုင်ကြမယ်ဆိုရင် စစ်ပွဲကြီးတွေ မဖြစ်နိုင်တော့ဘဲ ငြိမ်းချမ်းသွားကြမယ်၊ အချုပ်အချယ် အနှောင်အဖွဲ့တွေက လွတ်မြောက်သွားကြမယ်၊ စိုးရိမ်သောက ပူဆွေးမှုတွေ မရှိကြရတော့ဘဲ အေးချမ်းသွားကြရမှာ အမှန်ဖြစ်ပါတယ်။ ဒုစရိုက်တရားတွေ လျော့ပါးသွားပြီး မင်္ဂလာတရားတွေ ထွန်းကားလာကြမှာ အမှန် ဖြစ်ပါတယ်။

ဒါကြောင့် လူ့လောကကြီး အေးချမ်းသာယာဖို့ အမှန် လိုလားကြတယ်ဆိုရင် ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူတဲ့ မင်္ဂလာတရားတော်အတိုင်းသာ တကယ် လိုက်နာကြပါ။ ဧကန်မုချ သာယာတိုးတက်သွားမှာ

အမှန်ဖြစ်ပါတယ်။ လူသားတွေရဲ့ အကျင့်စာရိတ္တ ပျက်ပြားမှုတွေ နည်းပါးသွားပြီး တစ်နေ့တခြား ထိန်းသိမ်းစောင့်စည်းမှုတွေ၊ ကူညီထောက်ပံ့မှုတွေ၊ ရိုသေလေးစားမှုတွေ၊ အများအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေဟာ တိုးပွားများပြားလာမှာ အမှန်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မင်္ဂလသုတ် နောက်ဆုံးဂါထာမှာ. . .

ဧတာဒိသာနိ ကတွာန , သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ , တံ တေသံ မင်္ဂလမုတ္တမံ။

"ဤမင်္ဂလာတရားတို့ကို ပြုကျင့်ကြပါလျှင် မကောင်းမှု ရန်သူဟူသမျှတို့က အနိုင်မရရှိနိုင်ကြတော့ဘဲ၊ ကောင်းမှုတရားတွေကသာ အနိုင်ရရှိနိုင်ကြကာ နေရာတိုင်းမှာ ချမ်းသာခြင်းသို့ ရောက်ရှိကြမယ်။ ကောင်းကျိုးချမ်းသာ မင်္ဂလာတရားတွေ တိုးပွားများပြားလာကြမယ်" လို့ မိန့်မှာတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ရဟန်းတော်များ၊ တရားအားထုတ်ကြတဲ့ ယောဂီများအတွက် လောကုတ္တရာအမြင်နဲ့ ကြည့်မယ်ဆိုလျှင်လည်း ဘုရားရှင်ဟောကြားတဲ့ မင်္ဂလာတရားတော်များဟာ မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်သည်အထိ ပို့ဆောင်ပေးနိုင်တဲ့ ဓမ္မအနှစ်သာရပြည့်ဝလှတဲ့ "ကောင်းကျိုးချမ်းသာ မင်္ဂလာ" တရားများ ဖြစ်ကြောင်း၊ ပေါက်တွေ့ လမ်းညွှန်မှုပေးတဲ့ အလုပ်ပေးတရားများ ဖြစ်ကြောင်း တွေ့မြင်ကြရပါလိမ့်မယ်။

ဒါကြောင့် လောကီကောင်းကျိုးချမ်းသာ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာ၊ ကမ္ဘာသူ ကမ္ဘာသားများရဲ့ ကောင်းကျိုးချမ်းသာမင်္ဂလာ ရှိကြစေဖို့အတွက် ရှင်တော်မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ်ဂါထာတွေကို အခါအခွင့်သင့်တိုင်း ရွတ်ပွားနိုင်ကြပါစေ။ ရွတ်ပွားနေကြရုံနဲ့ လမ်းဆုံးမနေကြဘဲ မင်္ဂလာတရားတော်များနဲ့အညီ ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်း နှိုးဆော်ရင်း နိဂုံးချုပ်လိုက်ရပါတော့တယ်။

" အားလုံး သတ္တဝါ မင်္ဂလာ ရှိကြပါစေ။ "

ဦးနန္ဒ-ဝိဇ္ဇာ (ဂုဏ်ထူး)၊ ဒီဂျေ

၁၃၄၁-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင်
မင်္ဂလာစာမူ ပြီး၏။

## " မှတ်ကြကွယ် "

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို ၊ နေ့စဉ်လေးစား အားထားကွယ်။
ဘေးရန်ကင်းကွာ ကုသိုလ်ပွားလို့ ၊ အောင်မြင်မှုများ ရကြမယ်။
မင်္ဂလာဆိုတာ မကောင်းကျိုးသတ်လို့ ၊ ကောင်းကျိုးကပ်တာ မင်္ဂလာကွယ်။
လူနတ်သတ္တာ ချမ်းသာများအို့ ၊ ရှင်တော်ဘုရား ဟောကြားတယ်။
ဗုဒ္ဓမင်္ဂလာ ကမ္ဘာ့သားတို့ ၊ ငြိမ်းချမ်းတရား မှတ်ကြကွယ်။
မှတ်ကွယ် ၊ မှတ်ကွယ်။